www.burmeseclassic.com

# နှုတ်ကပြိုး

ကကြိုးတွေသွယ်ကာရစ်ကာ



BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ဗိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# နတ်သမီး

## ကကြိုးတွေသွယ်ကာရစ်ကာ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ ကောဝါလမ်း
အုံမြို့နယ်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

နတ်သမီး
ကကြိုးတွေသွယ်ကာရစ်ကာ/နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၈- စာ ၊ ၁၂ × ၁၈ စင်တီ၊
(၁) ကကြိုးတွေသွယ်ကာရစ်ကာ

BURMESE CLASSIC .com

## အခန်း (၁)

တရိပ်ရိပ်မောင်းနှင်နေသော အနက်ရောင် ပရာဒိုကားကြီးထဲမှ ဓာ်လာခေါင်ပြီးစ အသစ်စက်စက် ဖနီးမောင်နံ့၏ရင်ဘတ်ကိုယ်စီတွင် ဆိုးသန့်သော အမှန်းတရားတို့ဖြင့်သာ တစိမ့်စိမ့် စီးဝင်မွှေလျော်နေကြသည်။

ထိုအမုန်းတရားတို့သည် မားတစ်စင်းလိုလည်း အပြိုင်ထက် ရှုနေကြသေးပြန်သည်။

"မင်း သိပ်ပျော်နေလား ရဲရဲနီထွေး"

ခပ်ထေ့ထေ့ မေးလိုက်သော အမေးစကားကြောင့် သတို့သမီး ဝတ်စုံလေးနှင့် လှပတင့်တယ်လွန်းနေသော ရဲရဲနီထွေး ဆိုသည့် ကောင် မလေး။ တစ်နည်းအားဖြင့် သတို့သမီးလေး၏ မျက်ဝန်းအကြည့်တွေက



www.burmeseclassic.com

www.burmeseclassic.com



သတို့သားဖြစ်သော နက်ရှိုင်းမောင်မောင်ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

တစ်ဆက်တည်းမှာပဲ ပန်းဆီရောင်နှုတ်ခမ်းအစုံကို တွန့်ကွေးရုံလေး ပြုံးလိုက်သည်။

"လောကမှာ မင်္ဂလာဆောင်တဲ့နေ့ မပျော်တဲ့သတို့သမီး ရှိလို့လား၊ နက်ရှိုင်းရယ်၊ ဒါပေမဲ့ ငါ ပျော်တဲ့အပျော်က ကိုယ့်ချစ်သူနဲ့လက်ထပ်ရလို့ ပျော်တဲ့အပျော်မျိုးတော့ မဟုတ်ဘူး၊ ငါ မုန်းတဲ့လူနဲ့ လက်ထပ်ရလို့ ပျော်တဲ့အပျော်မျိုး၊ ဒါကြောင့် လောကကြီးထဲက သတို့သမီးတွေနဲ့ ငါနဲ့ ခြားနားခြင်းတွေတော့ ရှိနေမှာပေါ့"

မထိတထိ ပြောနေသော ရဲရဲနီထွေး စကားကြောင့် နက်ရှိုင်း ကားမောင်းနေရင်းမှ မျက်မှောင်ကို စုကျုံ့ပစ်လိုက်ပြီး အံတစ်ချက်ကြိတ်လိုက်သည်။

"ငါလည်း ဒီလိုပါပဲ ငါ လုံးဝမျှော်လင့်ခဲ့တဲ့နေ့ကို ရောက်လာတဲ့ ဒီနေ့ဟာ ငါ့အတွက်တော့ 'အ'မင်္ဂလာနေ့ တစ်နေ့ပဲ"

ပြင်းထန်လှသော စကားလုံးရင့်ရင့်တွေက နှစ်ဦးစလုံး၏အမုန်းတရားနှင့် နာကျင်ခြင်းတွေကို အုတ်နံရံနှင့် အကြိမ်ကြိမ် လွှဲရိုက်ခံရသလို စိတ်ဓာတ်တွေ အတူတကွ နာကျင်ပျက်ပြားနေခဲ့ကြသလို။

လှိုက်ဖိုတက်လာသော ရင်ထဲက အမုန်းပြယုဂ်တွေ မျက်နှာပေါ်





သို့ အလုအယက် ဆန်တက်လာကြ၏။

"အဟက် ဒါကတော့ ငါမှ မိဘစကားကို မလွန်ဆန်နိုင်ခဲ့တာ၊ ဒါပေမဲ့ ငါ့ဘဝကြီးတစ်ခုလုံးကို မိန်းမတစ်ယောက် ချုပ်တဲ့ပုံစံခွက်ထဲမှာ အလိုက်သင့်မျောမယ့်ကောင်တော့ မဟုတ်ဘူးနော်၊ ငါ့ဘဝကို ငါ့စိတ်ကြိုက် အရောင်ခြယ်ပုံသွင်းမှာ၊ ဒါကြောင့် နင်နဲ့လက်ထပ်လိုက်လို့လည်း ငါ့ရဲ့အခွင့်အရေးတွေ ဖုန်တစ်မှုန့်စာတောင် လျှော့ပါးခံမှာ မဟုတ်ဘူး"

နက်ရှိုင်း တစ်ပြားမှမလျှော့သော မာနတို့ဖြင့် မိုးထိအောင် ဆိုသဖြင့် ရဲရဲနီထွေး နှုတ်ခမ်းကို တွန့်ကွေးကာ မဲ့ပြုံးပြုံးလိုက်သည်။

"အဟား နင့်ရဲ့ကြွက်မြီးလောက်ရှိတဲ့ မာန်လေးနဲ့ ငါ့ရှေ့မှာ တန်ရေးလာပြမနေနဲ့ နက်ရှိုင်း နင့်လေလောက်နဲ့ စွန်မတက်ပါဘူးဟယ်"

"အလဲ့ စိန်ခေါ်နေတယ်ပေါ့"

"စိန်ခေါ်ရုံတင်မဟုတ်ဘူး၊ ငါက နင့်ကို ငါ့ဘေးမှာထားပြီး နင့်ရဲ့စိတ်ဓာတ်တွေ အင်အားချိနဲ့လာအောင် တစိမ့်စိမ့်နဲ့ ဖဲ့ခွဲစားသုံးဦးမယ်၊ အဲဒါဟာ ငါ့ဘဝရဲ့ အဓိက ပန်းတိုင်ပဲ၊ အဲဒါဟာ ငါ့ရဲ့ချိုမြိန်ခြင်းတွေပဲ"

"အဟား ဒါဆိုရင်တော့ နင့်ရဲ့ပန်းတိုင်တွေ နင့်ရဲ့ချိုမြိန်ခြင်းတွေကို တစ်ခါတည်း လိပ်ပြီး ပြန်ရွက်သွားလိုက်တော့၊ ငါဆိုတဲ့ကောင်က နင့်ထက်သာတဲ့ ရုပ်ရည်မျိုး ရှိတဲ့မိန်းမတွေကို ကုန်ကားတစ်စီးနဲ့ ...က်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လာပြီး ငါ့ရှေ့လာချပြရင်တောင် စိတ်ဝင်စားမယ့်ကောင် မဟုတ်ဘူး။ နင့်လို ရုပ်ရည်မျိုးဆိုရင်တော့ အီးတောင်လှည့်မပေါက်ဘူး။ အဟုတ် ငါ့အီးနံ့က အဲဒီလောက်တောင် မာနကြီးတာ''

''တော်က နင် နင် လူပါးဝလှချည်လား ဟမ်၊ အဆင့်မရှိတဲ့ ကောင်''

ရဲရဲ ခွေ့ခွေ့ခုန်မတတ် ပေါက်ကွဲလေပြီ။

''အဆင့်အတန်း မရှိတဲ့ကောင်က နင့်ယောကျ်ားဖြစ်နေပြီလေ၊ နင့်ရဲ့အိမ်ထောင်ဦးစီးဖြစ်သွားတဲ့ငါက အဆင့်အတန်းမရှိဘူးဆိုရင်တော့ နင်လည်း အောက်ကြမ်းခင်းက မိန်းမတစ်ယောက် ဖြစ်သွားပြီပေါ့''

နက်ရှိုင်း၏ဟန်က ဘာကိုမှ မမှုသည့်ဟန်မျိုး။ သူ့မျက်ဝန်းတွေမှာ ရဲရဲကို လှောင်နေသော လှောင်ရိပ်တွေက အပြည့်အသိပ် တိုးဝင်နေမှန်း သိသာ၏။

''ဒီမှာ သွေးလေမညီညွှတ်တဲ့ နင့်ရဲ့ထွေလုံး ငွေါလုံးတွေက အရမ်းအော်ဂလီဆန်ချင်စရာကောင်းတယ်၊ မိန်းမတစ်ယောက်ကို စကားနိုင်လုပြောတဲ့ အကျင့်က နင့်ဘဝမှာ သိက္ခာအရှိဆုံးလုပ်ရပ်လို့ ထင်နေရင်တော့ နင်ဟာ အခု ငါစီးထားတဲ့ ပင်စဲလ်ဟီးမှာ ကပ်နေတဲ့ မြေမှုန်တစ်မှုန်စာလောက်တောင် တန်ဖိုးမရှိတော့ဘူးဟော် နက် နက် အမလေး''

ရဲရဲနီထွေး၏စကားမဆုံးခင် နက်ရှိုင်း ဒက်စတော့ပ် ဖမ်းအုပ်





ပစ်လိုက်တာကြောင့် ရဲရဲ ရှေ့ဘက်သို့ ငိုက်ကျသွား၏။

အရှေ့ကို ယိမ်းထိုးသွားသော ခန္ဓာကိုယ်ကို သတိနှင့်ပြန်ထိန်းရင်း နက်ရှိုင်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။

''နင် မယုတ်မာနဲ့နော် နက်ရှိုင်း''

''ဘာ ယုတ်မာလို့လဲဟ၊ ငါ့ကား ငါမောင်းနေတာ''

''နင့်ကို ငါ သိပ်မုန်းတယ် သိလား''

''မုန်းပေါ့ ငါကလည်း နင့်ကိုမုန်းတယ်၊ နင်က ငါ့ကို ဒူးထောက်တောင်းပန်ပြီး နင့်အချစ်တွေ ငါ့ရင်ဘတ်ထဲ ထည့်ပေးပါ နက်ရှိုင်းရယ်လို့ တောင်းပန်ရင်တောင်မှ ငါ့မှာ နင့်ကိုပေးစရာအချစ်မရှိတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါက အသက်နှစ်ဆယ်အရွယ်ကတည်းက ငါ့အချစ်တွေကို မိန်းမတွေဆီ ထုတ်အပ်ပြီးပေးလာတဲ့အတွက် ကုန်သလောက်တောင် ရှိနေပြီ''

''လဲသေလိုက်၊ ငါကများ နင့်ဆီက အချစ်ကို တောင်းခံမယ်ဆိုတဲ့အတွေးမျိုး ဘယ်တော့မှ မမျှော်လင့်နဲ့''

ရဲရဲနီထွေး ဒေါသတွေဖြင့် ဆူဝေနေသလောက် နက်ရှိုင်း၏ပုံစံက မထိတထိ နိုင်လွန်းလှသည်။ သူ့မျက်နှာပေါ်မှာ မိန်းမတစ်ယောက်ကို နိုင်လိုမင်းထက်ပြောဖို့ ဝန်မလေးသော အားမနာတတ်သော အညှင်းတာတရား ကင်းမဲ့သော နူမချင်းမစာနာသော ခပ်ညံ့ညံ့အရိပ်အယောင်



www.burmeseclassic.com

www.burmeseclassic.com



တွေသာ ထင်ဟပ်နေသည်ဟု ရဲရဲနီထွေး မြင်မိသည်။

စိတ်ထဲရှိသည့်အတိုင်းသာဆိုရင် ရင်ထဲက ခံစားချက်တွေနဲ့ ဒေါသတွေကို သမအောင် ရောမွှေပြီး လက်သည်းချွန်ချွန်တွေနှင့် စိမ်းဖန့်နုချောနေသော သူ၏မျက်နှာပေါ်ကို သွေးစိမ်းရှင်ရှင်ထွက်အောင် ကုတ်ဖဲ့ပစ်လိုက်ချင်ပါ၏။

ဘယ်လိုရေစက်ကများ ဒီလောက်ထိ ပရမ်းပတာလာဆုံနိုင်းလဲမသိ။ ရင်ထဲမှာ ပူလောင်ပြင်းရှခြင်းတွေနှင့်အတူ ကားမှန်ကို ဖွင့်ချလိုက်သည်။ အပြင်မှ ဖြတ်တိုက် တိုးဝင်လာသော လေပြည်နွေးနွေးက ရဲရဲနီထွေး၏ဒေါသဖြင့် တင်းမာနေသော မျက်နှာကို လာရောက်တို့ထိ ပွတ်သပ်ကြ၏။

လေပြည်တွေက သန့်ပြန့်သလောက် ရင်ထဲမှခံစားချက်တွေက မသန့်ပြန့်ကြ။

"တီ တီ တီ တီ"

ဒေါသတွေဖြင့် တိတ်ဆိတ်နေသော တဒင်္ဂထဲသို့ ဖုန်းသံက တိုးဝင်လာသဖြင့် နက်ရှိုင်း ကားမောင်းနေရာမှ ဒက်ရှ်ဘုတ်ပေါ်တင်ထားသည့် ဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို"

"..."





"ဩော် ချစ် ဆောရီးကွာ၊ ကိုယ် တောင်းပန်တယ်"

"..."

"ဩော် ချစ်ရယ် ကိုယ် လက်ထပ်လိုက်ပေမယ့် ချစ်ကို ချစ်တဲ့အချစ်တွေကတော့ တစ်ပြားသားမှကို လျော့မသွားဘူး။ ကိုယ်တို့ ထာဝရချစ်လို့ရနေတာပဲ"

"..."

"ခု လာခဲ့ရမယ် ဟုတ်လား၊ အင်း လာခဲ့မယ်လေ၊ ကိုယ်ကလည်း ကိုယ့်ရဲ့ပျင်းစရာကောင်းတဲ့ မင်္ဂလာပွဲအကြောင်းကို ပြောပြချင်နေတာနဲ့ အတော်ပဲ၊ ကိုယ် ခုပဲ လာခဲ့မယ်လေ၊ ချစ်ချစ်ရဲ့မျက်နှာလေးကို ဒီနေ့ မမြင်ရတော့ဘူး ထင်နေတာ"

ခပ်ချွဲချွဲခပ်ပျစ်ပျစ် ပြောနေသော နက်ရှိုင်း၏ဟန်ပန်အပြုအမူတွေကြောင့် ရဲရဲနီထွေး၏ခန္ဓာကိုယ်မှာရှိသည့် အကြောတွေအားလုံး ထုံးသွားသလို ခံစားလိုက်ရ၏။

"ကဲ ဆင်းတော့ ငါ သွားစရာရှိတယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ရှေ့တော့"

"ဘာပြောတယ်"

ဒါ သက်သက်ရင့်တာပဲ။ ဘယ်လောက်ပဲ မချစ်ပါဘူးပြောပြော ဒီလိုပြောင်ကျတဲ့အလုပ်ကတော့ မလုပ်သင့်ဘူးဟု ရဲရဲနီထွေး တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ရဲရဲနီတွေအပေါ် အပြင်းထန်ဆုံး ဗျူဟာကို သုံးလိုက်တာပဲ။

အသံမပြည်သော တက်ခေါက်ခြင်းဖြင့် ရင်ထဲမှာ အပြင်းထန်ဆုံးဗျူဟာကို သုံးလိုက်တာပဲ။

အသံမပြည်သော တက်ခေါက်ခြင်းဖြင့် ရင်ထဲမှာ အပြင်းထန်ဆုံး တက်တစ်ချက် ခေါက်လိုက်သည်။ ရင်ထဲက ခံစားမှုဒေါသတွေနှင့် ဆန့်ကျင်သော မထီသောအပြုံးအေးအေးတစ်ခုကိုတော့ မျက်နှာပေါ်ရှိ နှုတ်ခမ်းထက်ပေါ် ခပ်သာသာလေး တင်ထားလိုက်သည်။ နက်ရှိုင်းအမြင်မှာတော့ ထိုအပြုံးက မမှုသော အပြုံးပေါ့။

မှတ်ထား နက်ရှိုင်း ငါက ချစ်ပြီဆိုရင်လည်း နှလုံးသားတွေ ပြောင်းဆန်သွားအောင် ချစ်တတ်တယ်။ မုန်းပြီဆိုရင်လည်း မီးကျွမ်းလောင်မတတ် မုန်းတတ်တယ်။ အဲဒီအမုန်းတွေကိုသာ နင့်အပေါ်မှာ စိတ်ရှိလက်ရှိ ထုတ်သုံးရမယ်ဆိုရင် ငါ့အရှက်တရားနဲ့ ဂုဏ်သိက္ခာတွေကို ရက်ရက်ရောရော ပေးဆပ်ရင်ပေးဆပ်လိုက်ရပါစေ ငါ မမှုဘူး။

အဓိကက နင့်ဂုဏ်သိက္ခာတွေ အဖတ်ဆယ်မရအောင် ကျဆင်းဖို့။ နင့်အသည်း တွေ စက္ကူစုတ်တစ်ရွက်လို အပိုင်းပိုင်းအစစ ဖြစ်သွားဖို့ နင် ငါ့ရှေ့မှာ ဒူးထောက်လာဖို့ ငါ့အပြုံးတွေကို ငါ လှလှပပကြီး စေခိုင်းပြုမယ်။

မိန်းမတွေရဲ့မာယာဟာ ဘယ်လောက် အဆိပ်ပြင်းသလဲဆိုတာ





မကြာတော့မယ့်အချိန်မှာ နင် သိလာစေရမယ်။

သိပ်မကြာပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဘယ်လောက်ဆိုးဝါးပက်စက်လိုက်တဲ့ အဖြစ်လဲလို့၊ သတို့သမီး ဝတ်စုံတကားကားနှင့် လမ်းမှာချပေးခဲ့သော နက်ရှိုင်း၏အပြုအမူနဲ့ လုပ်ရပ်ဟာ တော်ရုံ ယုတ်မာပက်စက်ရုံနဲ့တော့ မဖြစ်နိုင်။

ဒေါသထွက်လွန်းလို့ ကိုယ့်နှုတ်ခမ်းကို သွေးခြည်ဥသည်အထိကို နာနာကျင်ကျင် ဖိကိုက်လိုက်၏။ နက်ရှိုင်း၏လုပ်ရပ်တွေက မိန်းမတစ်ယောက်၏မာနတွေကို တစ်စစီဖွဲ့ချွေနေသလို ဖြစ်နေပြီ။ အမုန်းတွေ ခွဲနေကြသူနှစ်ဦး၏ကြားက ဒီလို မကြာခဏ စိန်ခေါ်မှုတွေက ဘယ်တော့မှ ပြီးဆုံးနိုင်မည် မထင်။

"တောက် လူယုတ်မာကောင် မြွေပွေးအကောင် တစ်ရာလောက် တစ်ပြိုင်နက်တည်း ကိုက်ခံရမယ့်ကောင်"





ဆင်စွယ်ရောင်သတို့သမီးဝတ်စုံကြီးဖြင့် ကားနံဘေးတွင် ခပ်ကြောင်ကြောင် ရပ်နေသော ရဲရဲနီထွေးကို ဖြတ်မောင်းသွားသော ကားတွေပေါ်မှာ ကြည့်ကြည့်သွားကြသဖြင့် နက်ရှိုင်းအပေါ် ပို၍ဒေါသပို( ) တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်ပြီး ခပ်ပျစ်ပျစ် ကျိန်ဆဲပစ်လိုက်သည်။

ရှက်လွန်း၍ ကိုယ့်မျက်နှာကို ပခုံးပေါ်မှာခပ်ရှိရှိတင်ထားသော ဇာပဝါထဲမှာ ဖွက်ထားလို့ရလျှင်တောင် ဖွက်ထားလိုက်ချင်ပါသည်။

"ဟေး နတ်မိမယ်လေး"

"တီ တီ တီ"

"လိုက်မလား"

အလျှိုလျှို နောက်သွားကြသော ပုရိသတွေ၏ကျီစယ်သံကို နက်ရှိုင်းကြောင့်ဟူသော အပြစ်တင်ဒေါသတွေဖြင့် ဥပေက္ခာပြုကာ ရွှေရောင်လက်ကိုင်အိတ်ထဲမှဖုန်းကို ထုတ်လိုက်၏။

ဒီလို ရပ်နေ၍တော့မဖြစ်။ တက္ကစီငှားဖို့ကျတော့လည်း လူမပါသည့် တက္ကစီ တစ်စီးမှမလာသေး။

ဖြတ်လာသမျှ တက္ကစီတွေမှာလည်း လူအပြည့်ပါနေ၍ ရပ်မပေး။ ရဲရဲ တားလိုက်တိုင်း လက်ကလေး တစ်ခါခါဖြင့် ပြုံးဖြဲဖြဲကြည့်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်းတစ်ယောက်ယောက်ထံသို့ ဖုန်းဆက်အကူအညီတောင်းမှဖြစ်တော့မည်ဟု တွေးလိုက်မိသည်။

"ကျွီ"

အနီရောင် ဂျစ်တစ်စီး ရဲရဲနီထွေးရှေ့သို့ ကျွီခနဲ ထိုးရပ်လာသည်။ ရဲရဲနီထွေး ခပ်ကြောင်ကြောင်လေး ရပ်ကြည့်နေသဖြင့်

"တက်လေ ရဲရဲ နက်ရှိုင်း ဖုန်းဆက်ပြီးပြောလို့ နင့်ကို လာခေါ်တာ"

အဖြူရောင် ဂျစ်ပေါ်မှ နက်ရှိုင်း၏သူငယ်ချင်း ဇော်အောင်၏ အမူအရာက လှောင်ရိပ်စွန်းသော အမူအရာမျိုး။

"ဒီကောင် လူမဆန်တဲ့အလုပ်ကို လုပ်သွားတာလေ ဟွန်း၊ ဒင်းကာစပြီး စိန်ခေါ်နေမှတော့ ငါ့ဘက်ကလည်း ပြန်တိုက်ရတော့မှာပေါ့"

မကျေမနပ်ဖြင့် မြည်တွန်တောက်တီးပြီး ဆင်စွယ်ရောင် သတို့သမီးဂါ၀န်လေးကိုမကာ အနီရောင် ဂျစ်ကားလေးပေါ်သို့ လှမ်းတက်လိုက်၏။

ရဲရဲနီထွေး ကားပေါ်တက်လိုက်သည်နှင့် ဇော်အောင်လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။

"ခြောက်နာရီတောင်ထိုးတော့မှာပဲ၊ ငါသာ လာမခေါ်ရင် နင် ဒီအတိုင်းပဲ ဆက်ရပ်နေမှာလား ရဲရဲ"





"ဒါ နင့်အလုပ်မဟုတ်ပါဘူး၊ ငါ့ကိစ္စပါ"

နက်ရှိုင်းအပေါ် မကျေနပ်သမျှ ဒေါသတွေ ဇော်အောင့်အပေါ် ပုံကျသွားသည်။

သို့သော် ဘယ်လောက်ပဲ ပုံကျကျ ဇော်အောင်က မမှု။ ပြုံးဖြဲဖြဲနှင့်သာ ရယ်ရင်း ကားစက်နှိုးလိုက်၏။

"ဒါနဲ့ ဒီကောင်က ဘယ်ကို အရေးတကြီးသွားစရာရှိလို့ နင့်ကို လမ်းလယ်ခေါင်မှာ တစ်ယောက်တည်း ထားခဲ့ရတာလဲ"

ထိုမေးခွန်းကို ရဲရဲ မဖြေချင်။

သို့သော် မဖြေ၍မရ။

ဒါမှ သူ့ရဲ့ယုတ်မာပက်စက်တဲ့လုပ်ရပ်တွေကို သူ့အသိုင်းအဝိုင်းက သိမှာ။

"သူ့အရှုပ်ထုပ်တွေထဲက တစ်ယောက် ဖုန်းဆက်လို့ ခုချက်ချင်း အရေးတကြီး သွားရမယ်ဆိုပြီး ငါ့ကို ကားပေါ်က ဖွတ်အတင်း ဆင်းခိုင်းတယ်လေ"

"ဟာ ဒီကောင်တော့ ဖွတ်ပဲကွာ"

ဇော်အောင် ခပ်တိုးတိုး ညည်းတွားလိုက်သည်။

ပြီးနောက် ရဲရဲကို လှည့်ကြည့်ရင်း အကဲခတ်လိုက်ပြီး

"ဒါနဲ့ သူ့အရှုပ်ထုပ်တွေထဲက တစ်ယောက်ဆိုတာ ဘာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာလဲ ရဲရဲ"

ဇော်အောင့်အမေးကြောင့် ရဲရဲ မျက်စောင်းတစ်ချက် လှမ်းထိုးရင်း

"ငါ့ကို တမင်ရွဲ့မေးနေတာလား ဇော်အောင်၊ ဒါမှမဟုတ် ဒါမှမဟုတ် ငါ့ပါးစပ်က ပြောမယ့် နင့်သူငယ်ချင်းအကြောင်းကို နင် အရသာရှိရှိ နားထောင်ချင်လို့လား"

ရဲရဲ၏မာဆတ်ဆတ် စကားကြောင့် ဇော်အောင် ကားမောင်းနေရင်းမှ ပခုံးကို ဟန်ပါပါ တွန့်ကာ ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"နင်မှ ငါ့ကိုရှင်းအောင်မပြောတာပဲ"

"သူ့အရှုပ်ထုပ်တွေဆိုတာ နင်တို့ အတူတွဲနေကြတဲ့ပါတနာ မိန်းမတွေကို ပြောတာလေ၊ နည်းနည်းလေးမှ ဂုဏ်သိက္ခာမရှိတဲ့ မိန်းမတွေ"

ဇော်အောင် ဘာမှမပြောဘဲ အသံတိတ်သွား၏။ သူ့စိတ်ထဲမှာ သူငယ်ချင်း၏လုပ်ရပ်ကိုပဲ အပြစ်တင်နေသလား၊ ဒါမှမဟုတ် ရဲရဲကိုပဲ အားနာနေသလားတော့ မသိ။

တစ်လမ်းလုံး ရဲရဲ ဘာစကားမှ ဆက်မပြောတော့။

ရင်ထဲမှာ နက်ရှိုင်းအား မကျေနပ်ချက်တွေကို တစ်လွှာချင်း စုပုံပြီး အမုန်းတရားတွေနဲ့ သိမ်းထုပ်ထားလိုက်မိ၏။





"နင် နောင်တရနေပြီလား ရဲရဲ"

"ဘာ နောင်တလဲ"

"နက်ရှိုင်းကို လက်ထပ်လိုက်ရတဲ့အတွက်လေ"

"အဟား ဟား နင်ပြောမှပဲ ငါလည်း နောင်တရဖို့သတိရတော့တယ်၊ အဟင်း ဒါပေမဲ့ ငါ နောင်တမရဘူး ဇော်အောင်၊ ငါနဲ့သူနဲ့ ကျန်သေးတဲ့ ဘဝတစ်သက်တာမှာ အတူမိုက်ကြတာပေါ့"

ခပ်ပေါ့ပေါ့လေးရယ်ကာ စိမ်းတောက်သော စကားတွေနှင့် မထိသလို ပြောလိုက်သော ရဲရဲ၏ဟန်အမူအရာကြောင့် ဇော်အောင် သက်ပြင်းရှိုက်လိုက်၏။

"နင်တို့ရဲ့ ရန်ပွဲတွေက ဘယ်တော့ အဆုံးသတ်ကြမှာလဲဟာ၊ နင်တို့နှစ်ယောက်ကိုကြည့်ပြီး ငါတို့တွေက ကြားကနေ ရင်မောရတယ်၊ နင်တို့မိဘတွေက ဘာစိတ်ကူးနဲ့များ မတည့်တဲ့သူအချင်းချင်း ပေးစားရလဲ မသိဘူး။ နင်ကရော ဒီလက်ထပ်ပွဲကို ခေါင်းညိတ်စရာလား၊ ဒီကောင်က မိန်းမတွေကို ဓာတ်မီးမှာထည့်သုံးတဲ့ ဓာတ်ခဲလို သဘောထားတဲ့ကောင်"

ဇော်အောင် ဒီတစ်ခါတော့ ရဲရဲဘက်က ဝင်ပြောပေး၏။

"ငါကလည်း သူ့ကိုချစ်လို့ လက်ထပ်တယ်ဆိုတာထက် မုန်းလို့ လက်ထပ်တာ၊ သူ့ကိုအိမ်ထောင်ဆိုတဲ့ ဘဝရဲ့ ထောင်ကြီးထဲက



www.burmeseclassic.com

www.burmeseclassic.com



ရှန်းမထွက်နိုင်အောင်လို့ တစ်သက်စာ ထောင်ချပစ်ချင်တာ"

ထူးဆန်းသော ရဲရဲ၏စကားတွေကြောင့် ဇော်အောင် စိတ်ပျက်စွာ ပြုံးလိုက်ပြီး

"နင်တို့နှစ်ယောက် တိုင်ပင်ထားကြသလား ရဲရဲ ဒီကောင်က လည်း နင့်ကိုမုန်းလို့ လက်ထပ်တာတဲ့"

ဇော်အောင့်စကားကြောင့် ရဲရဲ ရင်ထဲမှာ နာနာကျင်ကျင်ပင် အောင့်မျက်သွားရ၏။

မုန်းစမ်း နက်ရှိုင်းရယ်။ နင် ငါ့ကို ကြိုက်သလောက်မုန်း၊ သေလောက်အောင်မုန်း၊ နင် သေသွားလို့ရှိရင်တောင် နောင်ဘဝအထိ အဲဒီအမုန်းတွေကို ထမ်းပိုးပြီး သယ်သွားစမ်း။

ငါ နင့်အမုန်းတွေကို မြိန်မြိန်ယှက်ယှက် စားသုံးပြီး ငါ့အမုန်းကို နင့်ရင်ဘတ်ထဲထိ ရောက်အောင် ငါကလည်း ဘောလုံးကိုးသွင်းသလို တစ်လုံးပြီးတစ်လုံး ပစ်သွင်းနေမှာ။ ဒါကြောင့် ငါ့ဘဝထဲကို ရောက်အောင် နင့်ကို ဆွဲသွင်းခဲ့တာပေါ့။ မှတ်ထား နက်ရှိုင်း အဲဒါ မိန်းမမာယာပဲ။

နင်တို့ယောက်ျားတွေ ဘယ်လောက်ပဲ မာန်တက်တတက် ငါတို့ မိန်းမတွေရဲ့မာယာကွန်ယက်ကို မထိုးဖောက်နိုင်ရင် အဲဒီ မိန်းမတွေရဲ့ ခြေရင်းမှာ ပြားပြားဝပ် ဝပ်ဆင်းရတာပဲဆိုတာ နင် သိလာစေရမယ်။ နင် အသေအလဲသာ တောင့်ခံထားပေါ့ နက်ရှိုင်းရယ်။





ဒါဟာ လက်ထပ်ပြီးကာစ သတို့သမီးကို လမ်းလယ်ခေါင်မှာ ထားခဲ့ပြီး တခြားမိန်းမတစ်ယောက်နဲ့ အပျော်ကြူးဖို့ ထွက်သွားတဲ့ သတို့သားတစ်ယောက်ကို ကျိန်ဆဲတဲ့ ကျိန်စာတစ်ခုပဲ။

ငါက ဘဝနဲ့ရင်းပြီး မိုက်ရဲတယ် နက်ရှိုင်းရဲ့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရဲရဲကို ခြံရှေ့တွင် ချပေးခဲ့ပြီး ဖော်အောင် ကားကို ပြန်ကွေ့၍ မောင်းသွားသည်နှင့် ရဲရဲနီတွေး ခြံတံခါးဝသို့ ဂါဝန်ကြီးတကားကားဖြင့် လျှောက်လာလိုက်သည်။

ခြံဝသို့ရောက်မှ ရွှေရောင်လက်ကိုင်အိတ်ကလေးထဲမှ သော့တွဲကို ထုတ်ပြီး ခြံသော့ကို ဖွင့်လိုက်သည်။

အမှောင်ဘက်သို့ပင် အရောင်ကူးပြောင်းနေသော ညချမ်းက လေးတွင် ထိုခြံကြီးတစ်ခုလုံး ပျင်းရိလေးတွဲစွာဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏။

ရဲရဲ ဟိုငေးဒီငေးဖြင့် အိမ်ကြီးရှိရာသို့ လှမ်းဝင်ခဲ့သည်။ အိမ်ကြီးက ပျက်စီးယိုယွင်းခြင်း မရှိသေးပေမယ့် အိုတာတော့ အတော့်ကို အိုရှဲနေ၏။





မင်္ဂလာဆောင်ရင် ဒီအိမ်ကြီးမှာ နေမည်လို့ ပြောခဲ့သော နက်ရှိုင်း၏သဘောထားကို ခုမှ ကောင်းကောင်းကြီး သဘောပေါက်၏။

ခြံကြီးထဲမှာ ချုံနွယ်တွေကလွဲပြီး သာယာသော မျက်စိပသာဒဖြစ်စေမယ့်မြင်ကွင်းမျိုးမရှိ။

ပန်းရောင်စုံတွေမရှိ။

မြက်ခင်းစိမ်းစိမ်းတွေမရှိ။ ထိုင်ပြီး အပန်းဖြေ ငေးမောချင်စရာ ခုံတန်းပင်မရှိ။ ဒီလိုနေရာမျိုးမှာနေထိုင်ဖို့ ရဲရဲနီတွေးအဖို့ ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့။

မေမေကတော့ FMI က တိုက်မှာ သွားနေစေချင်သည်။ ယခု ဒီအိမ်ကြီးမှာ သမီးဖြစ်သူကို မနေစေချင်။

သို့သော် နက်ရှိုင်း၏ဆုံးဖြတ်ချက်အတိုင်း ဤအိမ်ကြီးမှာ အတူနေဖို့ ကိုယ်ကပါ ခေါင်းမာစွာနှင့် သဘောတူခဲ့၏။

နက်ရှိုင်းအနေနှင့် ရဲရဲကို ဤအိမ်ကြီးထဲတွင် သူ မရှိသော အချိန်များ၌ တစ်ယောက်တည်း အထီးကျန်နေစေချင်လို့ဆိုတာကို သူမ ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပါသည်။

အတွေးတို့နှင့်အတူ အိမ်ကြီးထဲကိုဝင်ဖို့အတွက် ကျွန်းတံခါးမှာ ခတ်ထားသော သော့ကို အရင်ဖွင့်လိုက်၏။

ညအရောင်မှိန်ဖျော့ဖျော့က ရဲရဲ၏လှုပ်ရှားမှုတွေကို စောင့်တ



www.burmeseclassic.com

www.burmeseclassic.com



ဆိတ် စောင့်ကြည့်နေကြ၏။

အိမ်ကြီးထဲမှ ခပ်ရှိရှိအလင်းရောင်မှိန်မှိန်က အထီးကျန်ခြင်း တစ်မျှတစ်ပိုက်ဖြင့် စောင့်ကြိုနေကြ၏။

ရဲရဲ အိမ်ကြီးထဲသို့ ခပ်လေးလေး ခြေလှမ်းတွေဖြင့် ဝင်ခဲ့၏။ ဒီအိမ်ကြီးကို ရဲရဲ နှစ်ကြိမ်ရောက်ဖူး၏။

ပထမတစ်ကြိမ်က လက်ထပ်ပြီးရင် ဒီအိမ်မှာနေမည်ဟု နက်ရှိုင်းက အတိအလင်း တောင်းဆိုသဖြင့် သူမ လာကြည့်ခြင်းဖြစ်သည်။

ဒုတိယအကြိမ်က ရဲရဲ၏အဝတ်အစား အသုံးအဆောင် ပစ္စည်းတွေကို လာထားရင်းနှင့် ရောက်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အိမ်ကြီး၏အငွေ့အသက်က ရဲရဲနှင့်မစိမ်းနေခြင်း ဖြစ်သည်။

ရဲရဲ၏ခြေလှမ်းတွေက အိပ်ခန်းရှိရာသို့ ခပ်သွက်သွက်လှမ်းနေ၏။ မင်္ဂလာပွဲမစခင် နှစ်ပတ်လောက်အလိုကတည်းက စိတ်ရောလူရော ပင်ပန်းခဲ့တာ ခုချိန်ထိပဲလေ။

အခန်းတံခါး လက်ကိုင်ဘုကို ဆွဲလှည့်လိုက်ပြီး မင်္ဂလာ ခုတင်ကြီးရှိရာသို့ အသက်မပါသော ခြေလှမ်းတွေဖြင့် ခပ်တောင့်တောင့်လေး လျှောက်သွားလိုက်ပြီး

ခုတင်ကြီးပေါ်သို့ ဝုန်းခနဲ ပစ်လှဲချလိုက်၏။





ရင်ထဲမှာ နုံးချေခြင်းတွေ နည်းနည်းတော့ လျော့သွားသည်။

မင်္ဂလာဦးညကို ငါတစ်ယောက်တည်း ကျော်ဖြတ်ရမယ်ပေါ့။ ဟုတ်လား နက်ရှိုင်း။ အတွေးမောတွေနှင့်အတူ မျက်ဝန်းတွေက မှေးခနဲ ငိုက်ဆင်းကျသွားသည်။

နာကျင်ခြင်းဒေါသတွေကို ခဏတော့ မေ့ထားချင်သည်။ ထို ခဏတာသည် မည်မျှကြာသွားသည်မသိ။

ရဲရဲနီတွေး မျက်ဝန်းများ ဖျတ်ခနဲ ပွင့်လာချိန်မှာတော့ ပြာလဲ့လဲ့အခန်းမီးရောင်က ရဲရဲ၏အိပ်စက်ခြင်းကို အခါမလပ် စောင့်ကြည့်နေပုံဖြင့် ခပ်မှိန်မှိန်လေး လင်းနေ၏။

"အို ဘုရားရေ၊ ငါ မှေးခနဲ အိပ်ပျော်သွားတာပဲ"

ကိုယ်ကြားသာရုံ ခပ်တိုးတိုးလေး ရေရွတ်ရင်း ရဲရဲ ခုတင်ထက်မှ ဆတ်ခနဲ ထထိုင်လိုက်သည်။

ညမီးရောင်ပြာလဲ့လဲ့အောက်မှ အခန်းနံရံတွင် ချိတ်ဆွဲထားသော နာရီကို အာရုံစူးစိုက်ပြီး ကြည့်လိုက်သည်။

ည ဆယ်နာရီပင် ကျော်နေပြီ။

ခုတင်ပေါ်မှ ကမန်းကတန်းထကာ အခန်းမီးခလုတ်ကို ဖွင့်လိုက်သည်။

တိတ်ဆိတ်နေသော အခန်းထဲမှာ အခန်းမီးခလုတ် ဖွင့်သံက



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ခနဲ ကျွယ်လောင်စွာ ထွက်ပေါ်လာသည်။

အလင်းရောင်ထိန်ထိန်က အခန်းတစ်ခုလုံးကို ဖျတ်ခနဲ ဝင်းထိန် သွားသည်။

ထိုမီးအလင်းရောင်အောက်မှ ပန်းဆီရောင် မင်္ဂလာအိပ်ရာ အခင်းအနားက ရဲရဲတောက်အထီးကျန်ဆန်မှုတို့ကို လှောင်ပြောင်သရော်နေကြသယောင်ရှိ၏။

တွေးရင်းဖြင့်ရင်မှာ ဖျတ်ခနဲ နာကျင်သွားရကာ အသည်းပုံ ဖွင့်ဖတ်တွေဖြင့် ဇာအနားကွပ်ထားသော ခေါင်းအုံးကို ဆတ်ခနဲ ဆွဲယူကာ အခန်းထောင့်သို့ လွှင့်ပစ်လိုက်သည်။

သွားစမ်း ဒီခုတင်ပေါ်မှာ ငါ အိပ်မယ့်ခေါင်းအုံးကလွဲပြီး ဘာမှ မရှိစေရဘူး။

ဟွန့် အမုန်ဆို နင့်ရဲ့တိတ်တိတ်ပုန်း မိန်းမဆီကိုသွားတာ နင့်ရဲ့မင်္ဂလာခေါင်းအုံးတော့ ယူသွားသင့်တယ်လို့ မထင်ဘူးလား နက်ရှိုင်း။

ငါ့ရဲ့ဝင်သက်ထွက်သက်တိုင်းမှာ နင်သာ နားထောင်တတ်မယ်ဆိုရင် နင့်ကို မုန်းတယ်ဆိုတဲ့ စကားတွေပဲ အကြိမ်ကြိမ်အခါခါ ကြားနေရမှာ။ ဒါဟာ ငါ့ဘဝရဲ့အနက်နဲ့ဆုံး သီအိုရီပဲ။

ငါက အဲဒီလောက်ထိ နင့်ကို မုန်းတာ. . .။

■ ■ ■

ဦး ဦး ၀၇၆၀

## အခန်း (၄)

မှန်တင်ခုံရှေ့ထိုင်ပြီး လက်ဝတ်လက်စားတွေနှင့် ဇာလက်အိတ်ကို တစ်ခုချင်း ဖြုတ်လိုက်သည်။

ထို့နောက် သတို့သမီးဂါဝန်ကို ဆွဲချွတ်လိုက်ပြီး ပေါ့ပေါ့ပါးပါး အကျီနှင့် လဲဝတ်ရန် အခန်းထောင့်ရှိ ကျွန်းဗီရိုကြီးဆီသို့ လျှောက်လာလိုက်သည်။ ဗီရိုတံခါးဆွဲဖွင့်လိုက်သည်။

"ဟင် အမလေး"

ရုတ်တရက် လန့်ဖျပ်သွားခြင်းနှင့်အတူ ခြေလှမ်းတွေက နောက်သို့ မရည်ရွယ်ဘဲ တွန့်ဆုတ်သွားရ၏။

လူက လန့်ဖျပ်သွားတာမှ တကယ့်ကို လိပ်ပြာလွင့်မတတ်ပါပဲ။

ဦး ဦး ၀၇၆၀

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရှင် ဘယ်သူလဲ၊ ဒီ ဒီ ဗီရိုထဲကို ဘာဝင်လုပ်နေတာလဲ၊ သူခိုး ရှင် သူခိုးမဟုတ်လား"

ထိတ်လန့်ခြင်းတွေနှင့်အတူ နှုတ်ဖျားမှ ထွက်ကျလာတာက အစီအစဉ်မကျသော စကားလုံးအက်အက်တွေ ဖြစ်သည်။

ဗီရိုထဲမှာ ပုန်းအောင်းနေသည့်လူက ရဲရဲ၏ထိတ်လန့်နေသော ပုံကို သူကပင် အံ့ထိတ်တလန့် ပြန်ကြည့်ပြီး ဗီရိုထဲမှ ကုန်းကုန်းကွကွ နှင့်ထွက်လာပြီး ရဲရဲကိုမကြည့်ရဲစွာဖြင့် မျက်နှာကို ဖျတ်ခနဲ လွှဲလိုက်သည်။

ဒီတော့မှ ရဲရဲ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိလိုက်သည်။

"ဟင် အမလေး"

ရဲရဲ အလန့်တကြားဖြင့် အသားကပ်ဘောင်းဘီနှင့် အတွင်းခံ အင်္ကျီသာရှိသော ကိုယ့်ပုံစံကို ကိုယ်ပြန်ထိတ်လန့်ရင်း ရှက်မိကာ အဝတ်စင်ပေါ်ရှိ တဘက်ကို ဆွဲယူပြီး ကိုယ်မှာ ကာလိုက်သည်။

ရဲရဲ၏သွေးပျက်သော အမူအရာနှင့်အပြိုင် သူကပါ ပို၍ သွေးပျက်ချောက်ချားပြနေသည်။

"ကျွန် ကျွန်တော် သူခိုး မဟုတ်ဘူး"

"သူခိုး မဟုတ်ရင် ဒီအိမ်ကြီးထဲကိုဝင်ပြီး ဘာဖြစ်လို့ ဗီရိုထဲမှာ ပုန်းနေရတာလဲ"

ရဲရဲ၏အသံမှာ အံ့ဩခြင်း ထိတ်လန့်ခြင်းတွေဖြင့် သိသိသာသာ





တုန်အက်နေ၏။

"ဒီ ဒီလိုပါဗျာ။ ကျွန်တော်က တောင်ကနေ ဒီနေ့မှ ထွက်လာတာပါ။ ကျွန်တော့်မှာ ငွေလည်းမရှိပါဘူး၊ စားစရာလည်း မရှိပါဘူး၊ ဒါကြောင့် ကျွန်တော့်အသိတစ်ယောက်က ဒီအိမ်ကြီးမှာ ခြံစောင့်အလုပ် လုပ်ပါတယ်၊ သူ့ဆီကို ငွေအကူအညီလာတောင်းတာပါ၊ ဒီခြံကြီးထဲ ရောက်တော့ သူငယ်ချင်းကို တွေ့နိုးတွေ့နိုးနဲ့ ဟာလာဟင်းလင်းကြီး ပွင့်နေတဲ့ အိမ်ကြီးထဲကို ဝင်မိတာပါ"

"နောက်ပြီး ဒီအခန်းထဲကို ဝင်လာမိတယ်၊ အခန်းထဲရောက်တော့ သတ္တိသမီးဝတ်စုံကြီးနဲ့ အိပ်နေတဲ့ အစ်မကို အသက်များရှိသေးရဲ့လားလို့ ကြည့်နေရင်းနဲ့ အစ်မ လှုပ်လာတာနဲ့ ကြံမိကြံရာမရဘဲ ဗီရိုကြီးထဲကို အမြန်ပြေးပုန်းမိတာပါ၊ တကယ်ပါဗျာ၊ ပေးချင်တဲ့ကျိန်စာပေးပါ။ ကျွန်တော် တောင်ထွက်တစ်ယောက်ဆိုပေမယ့် မညာတတ်ပါဘူး"

ကြောက်အားလန့်အားနှင့် ကျိန်တွယ်ပြောဆိုနေသော ထိုလူ့ကို ရဲရဲ သေချာအကဲခတ်လိုက်သည်။

ဒီလူ သူခိုးမဟုတ်ဘူးဆိုတာကိုလည်း စိတ်ထဲမှာ အလိုလို လက်ခံနေမိ၏။

သူခိုးဆိုရင် ခုလောက်ဆို ရဲရဲကို ဒီလို တောင်းပန်တိုးလျှိုး ကျိန်တွယ်ခြင်းတွေမလုပ်ဘဲ ရန်မူပြီးလောက်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက ထောင်ထွက်တစ်ယောက်သာဆိုတယ် ရုပ်ကတော့ ဖြေပြစ်သားပဲ။ အတွေးနှင့်အတူ အာရုံထဲကို နက်ရှိုင်း၏ဂျစ်တစ်တစ်ပုံစံနှင့် ထိတထင်သော မာနမျက်နှာက တိုးဝင်လာသည်။ ရဲရဲ တစ်ချက်မဲ့လိုက်၏။

လောကကြီးက နက်ရှိုင်းထဲနလုံးသားတွေကို ဆုပ်ကိုင်ခြေမွပို့ အတွက် အခွင့်အရေးတစ်ခု လောလောလတ်လတ် ချပေးလိုက်တာပဲလား မသိ။

ဘာပဲဖြစ်ဖြစ် အခွင့်အရေးကိုတော့ လက်လွှတ်အဆုံးရှုံးခံလို့ မဖြစ်။

ရဲရဲ ထိုလူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်လိုက်ပြီး ခပ်မဲ့မဲ့လေး ပြုံးလိုက်သည်။

"ရှင့်မှာ နာမည်ရှိလား"

ရဲရဲ၏အမေးကြောင့် ထိုလူ ကြောင်အမ်းအမ်း ဖြစ်ကာ

"ဟာ မ မနောက်ပါနဲ့ဗျာ၊ လူ လူပဲ နာမည်တော့ ရှိတာပေါ့"

"ဒါဆို ဘယ်လိုခေါ်လဲ"

"နေမင်းညိုပါ"

"နာမည်နဲ့လူနဲ့ တခြားစီပဲ"

"ဗျာ"





"ကြည့် လူကတော့ ထောင်ထွက်၊ နာမည်ကတော့ ထောင်ထွက်ဆိုတဲ့ ရှင့်ရဲ့ပုံစံနဲ့ မလိုက်ဖက်အောင် ခန့်တယ်၊ ဒါကိုပြောတာ"

နေမင်းညို ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။

"ရှင် ဗိုက်ဆာလား"

ရဲရဲ အမေးကြောင့် ထိုလူ့မျက်နှာ ဝင်းခနဲ ဖြစ်သွား၏။

"ဆာ ဆာတာပေါ့ဗျာ၊ မနက်ကတည်းက ကျွန်တော် ဘာမှ မစားရသေးဘူးဗျ"

"ကောင်းပြီလေ၊ ဒါဆို ရှင့်ကို ကျွန်မ ဒီညပါတီပေးမယ်"

"ဗျာ"

သူမဆီမှ ကြားရသမျှတို့သည် နေမင်းညိုအတွက် အဆန်းတကြယ်တွေပင် ဖြစ်နေ၏။

"ကျွတ် ပိန်းလိုက်တာ၊ ပါတီပေးတယ်ဆိုတဲ့စကားလုံး အဓိပ္ပာယ်တောင် မသိဘူးလား"

"သိပါတယ် ဒါပေမဲ့ ကျွန်တော့်လို သူခိုးသာသာ လူတစ်ယောက်ကို ပါတီပေးမယ်ဆိုလို့ အံ့ဩသွားတာပါ"

"မအံ့ဩပါနဲ့၊ ဒီနေ့က ကျွန်မရဲ့ မင်္ဂလာဦးည"

"ဗျာ"

"လာပြန်ပြီ ဒီဗျာ၊ ဘာဖြစ်လို့ တစ်ဗျာတည်း ဗျာနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မ မဟုတ်လို့ မရဘူးလေ၊ ကျွန်တော်က တကယ့် သတို့သမီးလို့ ထင်မထားဘူး"

"ရှင် ယုံချင်ယုံ၊ မယုံချင်နေ၊ ကျွန်မက တကယ့် သတို့သမီး"

"ဒါဆို သတို့သားကရော မရှိဘူးလား"

နေမင်းညို၏အမေးကြောင့် ရဲရဲ နာနာကျင်ကျင်ဖြင့် မဲ့လိုက်ပြီး ထိုနာကျင်မှုနှင့်အတူ မျက်နှာက တင်းမာသွား၏။

နေမင်းညို၏အမေးကို မဖြေဘဲ နေမင်းညိုရှေ့မှ ဟန်တစ်ခွဲသားဖြင့် လျှောက်သွား၏။

"ဩော် ဟို ဟိုလေ ကိုယ်မှာ သဘာက်ကြီးပတ်ထားတာ မကောင်းပါဘူး၊ အ အကျီ ဝတ် ဝတ်လိုက်ပါဦး"

"ကျွန်မ အဝတ်လဲဖို့အတွက် ရှင် ဒီ အခန်းထဲက အရင်ထွက်သွားမှဖြစ်မယ်လေ၊ ရှင် နားမလည်ဘူးလား"

"ဩော် ဟုတ် ဟုတ်ကဲ့၊ ဆော ဆောရီးပဲဗျာ"

နေမင်းညို အခန်းအပြင်သို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

"ဩော် ရှင် ဧည့်ခန်းထဲမှာ ခဏစောင့်၊ ကျွန်မ ပြီးရင်ထွက်လာခဲ့မယ်"

■ ■ ■

ဝိုး ဝိုး ၁၁၆ပ



နေမင်းညို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေလိုက်၏။ ဆယ်မိနစ်ကြာတော့...။

■ ■ ■

ဝိုး ဝိုး ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နေမင်းညို ညော့ခန်းထဲမှာ ရဲရဲနီတွေး ထွက်အလာကို စိတ်ရှည်လက်ရှည်နှင့် ထိုင်စောင့်နေလိုက်၏။ ကိုယ့်ကို မပြန်နိုင်းသေးဘဲ ဘာကြောင့် ညော့ခန်းထဲမှာ ထိုင်စောင့်နိုင်းသလဲဆိုတာ နေမင်းညို စဉ်းစား၍မရ။ ရဲစခန်းကိုများ ဖုန်းဆက်မှာမို့လို့ တမင်အချိန်ဆွဲသည့်အနေဖြင့် စောင့်ခိုင်းတာလား။

နေမင်းညို နည်းနည်းတော့ လန့်သွား၏။

"ရှင် ဗိုက်ဆာနေတယ်ဆိုတော့ ထလေ၊ ကျွန်မနဲ့ ထမင်းစားခန်းကို သွားကြမယ်"

အနောက်ဘက်မှ အသံကြောင့် နေမင်းညို စိုးရိမ်စိတ်ဖြေဖျောက်ကာ ထိုင်ရာမှ ထလိုက်သည်။

ရှေ့မှထွက်သွားသော ရဲရဲ နောက်သို့ နေမင်းညို အကြောင်း





ကြောင် ပုံစံဖြင့် လိုက်ခဲ့လိုက်၏။

ထမင်းစားခန်းထဲရောက်တော့ ရဲရဲ ရေခဲသေတ္တာထဲမှ ပိုင့်ပုလင်းနှင့် ဝီစကီပုလင်းကို အရင်ထုတ်လိုက်ပြီး နံရံကပ်ဗီရိုထဲမှ အသားဘူးနှင့် ခေါက်ဆွဲထုပ်တွေကို ထုတ်ယူလိုက်သည်။

"ဘာမှတော့ အဆင်သင့်ပြင်ဆင်ထားတာ မရှိဘူး၊ ဒါပေမဲ့ ဒါတွေက ရှင်နဲ့ကျွန်မရဲ့ ဆာလောင်မှုတွေကိုတော့ အနည်းအကျဉ်း ဖြေရှင်းပေးရုံပါ၊ ဘယ့်နှယ်လဲ အိုကေတယ် မဟုတ်လား"

"ဗျာ ဟုတ် ဟုတ်ကဲ့ အိုကေပါတယ်"

"အိုကေတယ်ဆိုရင် ရော့၊ ဒီအသားဘူးတွေကို ရှင် ဖောက်၊ ကျွန်မက ခေါက်ဆွဲပြုတ်လိုက်မယ်"

တခဏအတွင်း တာဝန်တွေကို ခွဲယူလိုက်ကြသည်။

ရဲရဲပုံစံက ပေါ့ပါးအေးလွန်းနေသည်။ အကြောင်းအရာတစ်ခုအတွက် စနစ်တကျ စီမံနေသလိုပင်။ ထိုအကြောင်းအရာသည် ဘာလဲဆိုတာကိုတော့ နေမင်းညို မသိ။

ခေါက်ဆွဲပြုတ်ပြီးတာနှင့် ဖန်ခွက်နှင့်ရေခဲတုံး ထည့်ထားသောဗန်းကို စားပွဲပေါ် တင်လိုက်သည်။

နေမင်းညို ရဲရဲ၏လှုပ်ရှားမှုတွေကို တအံ့တဩစောင့်ကြည့်ရင်း ပုလင်းတစ်ပုဒ်ကို အဖြေညှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ အဖြေက ထွက်မလာ။

သတို့သမီးတစ်ယောက်က သူ့ရဲ့မင်္ဂလာဦးညမှာ တခြား ယောကျ်ားတစ်ယောက်နှင့် အရက်အတူသောက်ပြီး ပါတီပွဲလေး ကျင်းပဖို့ စိတ်ဓာတ်တွေ တက်ကြွနေတာဟာ သမာရိုးကျမှ မဟုတ်တာ။

"ဒီ ဒီမှာ ဟိုလေ ကျွန်တော် ခုလို လုပ်လို့ သင့်တော်ပါ့မလား"

နေမင်းညို ရဲရဲကို မဝံ့မရဲ လှမ်းကြည့်ရင်း ခပ်ရွံ့ရွံ့မေးလိုက်၏။

"ဘာလဲ ရှင့်ကို ကျွန်မက မတော်မတရား ကြံမယ်ထင်နေလို့ လား"

ရဲရဲက ဖန်ခွက်ထဲသို့ ရေခဲတုံးလေးတွေကို ညှပ်ဖြင့်ယူထည့်ရင်း ခပ်ထေ့ထေ့ မေးလိုက်သည်။

"ဟာ အဲဒီလို မဟုတ်ပါဘူး မ"

"ရဲရဲနီထွေးပါ"

"ဟုတ် အဲ မဟုတ်ပါဘူး မရဲရဲနီထွေးရယ်၊ ဒီညက မရဲရဲနီ ထွေးရဲ့ မင်္ဂလာဦးညလို့ ပြောထားတယ် မဟုတ်လား၊ တကယ်ဖြစ်သင့် တာက မရဲရဲနီထွေးရဲ့အနားမှာ သတို့သားပဲ ရှိသင့်တာလေ၊ မတော်လို့ သူ ပြန်းခနဲ ရောက်လာရင် အားလုံး အထင်လွဲစရာဖြစ်နေမှာစိုးလို့ပါ"

"မလိုပါဘူး၊ ဒါ ကျွန်မကိစ္စပါ၊ အဟင်း သူကလည်း ခု လောက်ဆို သူ့ရဲ့အကျည်းတန်တဲ့ မင်္ဂလာဦးညကို သူ့ချစ်သူ ဒါမှမဟုတ်





သူ့ရဲ့ တိတ်တိတ်ပုန်းမိန်းမတွေနဲ့ ပျော်မွေ့စွာနဲ့ ကုန်ဆုံးမှာပါ၊ ဒီတော့ ရှင် ပူနေတဲ့ကိစ္စက ကျွန်မအတွက် လုံးဝရှော့ခ်မရှိဘူး၊ အဟင်း ဟင်း ဟင်း ဒီညမှာတော့ ရှင်က ကျွန်မရဲ့အထူးဧည့်သည်ပါ"

ရဲရဲ ဝီစကီ ငှဲ့ထည့်ထားသော ဖန်ခွက်ကို နေမင်းညိုရှေ့သို့ တိုးပေးရင်း ဆို၏။

ထိုနည်းတူစွာ ရဲရဲကလည်း သူ့ဖန်ခွက်ထဲမှာ ငှဲ့ထည့်ထားသော ဝိုင်နီနီတွေကို ခပ်မွဲမွဲ စိုက်ကြည့်ရင်း အံတစ်ချက် ကြိတ်လိုက်သည်။

"ကဲ ခေါက်ဆွဲနဲ့အသားဟင်း စား၊ ဟောဒီဝိုင်လေးကို အဖော် ပြုပြီး ကျွန်မရဲ့ပါတီပွဲလေးကို ဆင်နွှဲကြတာပေါ့"

ပြောပြောဆိုဆိုဖြင့် နေမင်းညိုရှေ့သို့ အသားပန်းကန်ကို တွန်း ရွှေ့ပေးရင်း ဝိုင်နီနီ ထည့်ထားသော ဖန်ခွက်ဝိုင်းဝိုင်းလေးကို ပေါ့ပေါ့ ပါးပါးကိုင်မြှောက်ပြရင်း ဆို၏။

ရဲရဲပုံစံက တစ်ခုခုကို နာကျင်စွာနှင့် အရွဲ့တိုက်နေမှန်း သိသာ ၏။

နာကျင်မုန်းတီးစိတ်တွေနှင့်အတူ ထိုညကို ဘယ်လိုပုံစံနဲ့ပဲ ကုန်ဆုံးရ ကုန်ဆုံးရ ရဲရဲ ကျေကျေနပ်နပ်ကြီးကို ကုန်ဆုံးပစ်ချင်ပါသည်။

ထိုသို့ ဘာမသိညာမသိ ကုန်ဆုံးစေဖို့အတွက် ဝိုင်တစ်ခွက် တော့ လိုမှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ယောက်ျားတစ်ယောက်ကို မုန်းလို့ လက်ထပ်လိုက်တယ်ဆိုတဲ့ နင့်ရဲ့ခံယူချက်ကြီးက အရမ်းကို ကြက်သီးထစရာမကောင်းဘူးလား ရဲရဲရယ်၊ တစ်ခုရတော့ မှားနေပြီ ထင်တယ်"

နွေးအိက တွေးတွေးဆဆဟန်ဖြင့် ပြောလာတော့ ရဲရဲ ဘာမှ မတတ်နိုင်ဘူးဆိုသည့် ဟန်မျိုးဖြင့် ပခုံးလေးကို ဆတ်ခနဲ တွန့်လိုက်သည်။

"ဘာမှားရမှာလဲ၊ ဘာမှမမှားပါဘူး နွေးအိရယ်၊ ယောက်ျားတစ်ယောက်ရဲ့ မာကြောလှပါပြီဆိုတဲ့ စိတ်ကို ဒဏ်ရာအနာတရ အကြီးအကျယ်ရသွားအောင်လုပ်ဖို့အထိ နောက်ဆုံးက အဲဒီယောက်ျားကို မချစ်ဘဲနဲ့ လက်ထပ်လိုက်ရခြင်းပဲ"





ရဲရဲ၏စကားကြောင့် နွေးအိ စိတ်မသက်သာစွာဖြင့် ခေါင်းကို ခပ်လေးလေး ခါလိုက်သည်။ ထို့နောက် ရဲရဲကို နားမလည်သလို လှမ်းကြည့်ကာ

"သူများကို စိတ်ဒုက္ခပေးဖို့အတွက်နဲ့ နင့်ကိုယ်နင် အိမ်ထောင်ဆိုတဲ့ ထောင်ကြီးထဲကိုစွန့်ပြီး ဝင်ရလား ရဲရဲရယ်၊ အံ့ပါ့ ငါတော့ နင့်လို အတွေးချော်တဲ့ မိန်းကလေးမျိုး တစ်ခါမှမတွေ့ဖူးပါဘူး ဟယ် တကယ်ပါ"

"အခု တွေ့ဖူးပြီပေါ့"

"ဟုတ်တယ် တွေ့ဖူးသွားပြီ၊ နင်ဟာ ပက်လက်လှုပ်ပြီး တံတွေးထွေးနေတဲ့ ဉာဏ်တိမ်တဲ့ မိန်းမတစ်ယောက်ဆိုပြီး ဝက်ဘ်ဆိုက်ပေါ်တင်ရမယ်"

"ကောင်းတာပေါ့၊ ဒါမှ ကမ္ဘာကျော်မှာ"

ခပ်ပေါ့ပေါ့လေးရယ်ကာ မောကာ ပြောလိုက်သော ရဲရဲစကားကြောင့် နွေးအိ နှာခေါင်းလေးရှုံ့ကာ မဲ့လိုက်သည်။

"အပျိုရည်ပျက်ပြီး ကမ္ဘာကျော်မယ့်အလုပ်တော့ ငါတို့က အသက်နဲ့ရင်းပြီး ကာကွယ်မယ်၊ လုံးဝ မလုပ်ဘူး"

"အံမယ် ငါ့ကိုများ ခပ်ညံ့ညံ့နဲ့ အညာလွယ်မယ့် မိန်းမလို့ ထင်နေလား၊ သူနဲ့ငါနဲ့ လက်ထပ်လိုက်ပေမယ့် ခုချိန်ထိ လင်မယားဖြစ်တဲ့စည်းထဲကို မကျော်ဝင်ရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော့်ဝင်ရသေးဘူးဆိုတော့ ကျော်ဝင်ဖို့ အစီအစဉ်
မှိုးသေးတယ်ပေါ့"

"ဟင့်အင်း နီးယဲ၊ သူ့ကိုငါ မချစ်သလို ငါ့ကိုလည်း သူ
လုံးဝမချစ်ဘူး။ လောကမှာ ငါအမုန်းဆုံးလူကလည်း သူပဲဖြစ်သ
သူ အမုန်းဆုံးလူကလည်း ငါပဲဖြစ်လိမ့်မယ်"

ရဲရဲ၏စကားကို နွေးအိ လက်မခံချင်ပါ။

ဒါပေမဲ့လည်း ရဲရဲ၏စိတ်တွင်း ခံစားမှုကို ရဲရဲ ကိုယ်တိုင်
လွဲပြီး တခြားဘယ်သူမှ အလွယ်တကူ သိနိုင်မည်မဟုတ်။ နားလည်
ဆိုတာတော့ ဝေးစွ။

"အေးလေ ဘာပဲဖြစ်ဖြစ် ချစ်လို့ လက်ထပ်သည်ဖြစ်စေ
မချစ်လို့လက်ထပ်သည်ဖြစ်စေ နှင့်အနားမှာ နက်ရှိုင်းကတော့ အ
ပြည့် သက်ဆုံးတိုင် ရှိနေတော့မှာပေါ့။ အဟင်း နှင် ဆုတောင်းရမှာ
အမုန်းဆုံးလူနဲ့ လက်ထပ်လိုက်ရလို့ အလဟဿဖြစ်သွားတဲ့ နှင့်ရဲ့နှ
သားက နက်နက်ရှိုင်းရှိုင်း ချစ်မိသွားတဲ့လူ တွေ့မလာပါစေနဲ့လို့ ငါ
ဘေးကနေ မဆီမဆိုင် ဆုတောင်းပေးပါတယ်ဟယ်"

နွေးအိ စကားကြောင့် ရဲရဲ ခပ်လွင်လွင်လေး ရယ်မော
ရယ်သံနှောသောအသံဖြင့်

"အေး နင်ပဲ ငါ့အစား ဆုတောင်းပေးတော့ဟယ်၊ ငါကတော့





ငါ့နှလုံးသားကို အမုန်းတွေနဲ့ပဲ ထုပ်ပိုးပြီး နှပ်ထားလိုက်ပြီ"

"အဟား အမုန်းတွေနဲ့ ထုပ်ပိုးပြီးကာမှ အဲဒီအထုပ်ကြီးက
အချစ်နဲ့ ခံစားမှုအသစ်ကလေးတွေ ဝင်လာပြီး ပုတ်သင်ညိုလို အရောင်
ပြောင်းသွားမှ တစ်ဖက်သတ်အချစ်ကြီးနဲ့ ကိုယ့်ဘဝကိုယ် ဇာတ်သိမ်း
နေရဦးမယ်"

"ဟယ် ငါ့ကိုများ အထင်စမောလ်လို့၊ တော်ပြီ ငါ ရှယ်သုပ်
ထားတဲ့ လက်ဖက်သုပ် မကျွေးတော့ဘူး"

ရဲရဲက မကျေမနပ်ဟန်ဖြင့် ဆူပူပြောကာ နွေးအိ လက်လှမ်း
နေသော လက်ဖက်သုပ် ပန်းကန်ကို ဆတ်ခနဲ ဆွဲယူလိုက်၏။

နွေးအိ လှမ်းနေသောလက် လမ်းခုလတ်မှာ တန်းလန်း။

"ဟယ် အကျင့်ပုတ်မ ဘယ်လိုအိမ်ရှင်မလဲ၊ ကိုယ့်အိမ်လာ
လည်တဲ့ ဧည့်သည်ကို ဒီလိုမျိုး ဧည့်ခံရလား"

"ဧည့်ခံမှာပေါ့၊ နင်ကမှ ငါ့ဘက်က မပါတာ"

ရဲရဲ ကလေးဆန်သော အမူအရာဖြင့် လက်ဖက်သုပ်ပန်းကန်
လေးကို ဘေးသို့ ယိမ်းကာ ကိုင်မြှောက်ရင်း မကျေမနပ်ဆို၏။

နွေးအိက လက်ဖက်သုပ်ပန်းကန်ကို လှမ်းလုရင်း

"ဟဲ့ ကိုယ့်သူငယ်ချင်းဘက်က မပါဘဲနေမလား။ အမုန်းထွက်ရင်
အချစ်ဖြစ်တတ်လို့ သတိပေးနေတာ၊ မလိုအပ်ဘဲနဲ့ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ငြိုးမိသွားရင် အဲဒီ အငြိုးတွေက အချစ်နဲ့တွေ့သွားရင် ပြာကျသွားလိမ့်မယ်၊ ဒါကြောင့် သတိပေးတာ နားလည်လား"

နွေးအိက ဤသို့ အသေအချာ ရှင်းပြ၏။ ဒီတော့မှ ရဲရဲ မျက်နှာလေး ပြုံးယောင်သမ်းလာ၏။

နွေးအိပြောတာ သဘာဝကျပေမယ့် ရဲရဲ အမှန်တရားတစ်ခု အဖြစ် လက်မခံချင်။

ကိုယ့်ရဲ့အမုန်းစိတ်တွေကို ကိုယ့်ရဲ့ခန္ဓာကိုယ်နှင့်အတူ တစ်ပါ တည်း ယူဆောင်လာပြီး အတိတ်မှာလည်း မချန်ခဲ့၊ အနာဂတ်သို့လည်း တွန်းမပို့ဘဲ ပစ္စုပ္ပန်တည့်တည့်မှာပဲ ထားလိုက်တော့၏။

ရင်မှာ မငြိမ်းချမ်းတာတော့ အမုန်း။

■ ■ ■



## အခန်း (၇)

"ဒီမှာဟော့ ဘောလုံးပွဲကြည့်တာ အဲဒီလောက်အထိ အသံအကျယ်ကြီး တင်ထားစရာလိုလား နက်ရှိုင်း၊ အချိန်ကိုလည်းကြည့်ဦး ည နှစ်နာရီထိုးနေပြီ"

ပခုံးကို ခပ်ဆတ်ဆတ် ပုတ်ပြီး မာရည်ကျောရည်အသံနှင့် ပြောလိုက်သော ရဲရဲ၏ဒေါသထွက်နေသောဟန်ကြောင့် နက်ရှိုင်း ဂျစ်ကန်ကန်ဖြင့် မော့ကြည့်လိုက်ပြီး

"အဲဒါ ဘာဖြစ်လဲ"

နက်ရှိုင်း၏ အသံကလည်း မာသည်။

"ဘာဖြစ်ရမှာလဲ၊ နင့် တီဗီအသံနဲ့ နင့်ရဲ့အာပြဲလွှာပြဲ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အသံက ငါ့ကို စိတ်အနှောင့်အယှက် တော်တော်ပေးတယ်

"စိတ်အနှောင့်အယှက် ပေးတယ်ထင်ရင်လည်း ဒီအသံ

လွတ်တဲ့နေရာမှာ သွားနေ၊ ငါကတော့ အသံမလျှော့နိုင်ဘူး၊ ဘော

ကြည့်တယ်ဆိုတာ အသံတိုးတိုးလေးနဲ့ အချစ်ကားကြည့်သလို စိ

အပြည့်နဲ့ ထိုင်ကြည့်လို့မရဘူး၊ နားလည်လား"

ပြောပြောဆိုဆိုဖြင့် ရီမုဒ်ကို လှမ်းယူကာ အသံနှုန်း ထ

လိုက်သည်။

"ဩော် နင်က ဒီလိုလား၊ ရတယ်လေ၊ နင်ကစပြီး ရ

တော့ ငါ့ဘက်ကလည်း လက်တုံ့ပြန်ဖို့ အဆင်သင့်ပဲ၊ ရတယ်

ကြိုက်သလိုကြည့် ဒီအသံကို၊ တိုးသေးတယ်ဆိုရင်လည်း လော်စပီ

ဖွင့်လိုက်ဦး၊ ငါ့အလှည့်ကျရင်သာ နင့်အတွက် စိတ်အနှောင့်အယှ

မဖြစ်အောင် ကြိုးစားထား"

နက်ရှိုင်းအား စကားလုံးများဖြင့် တရစပ် ပစ်ပေါက်ပြီး

ခုတင်ပေါ် ပြန်တက်အိပ်လိုက်သည်။

ဘောလုံးပွဲအသံက ပို၍ပင် ကျယ်လောင်လာ၏။

"ဂိုး ဟာကွာ၊ လွဲသွားတယ်ကွာ"

နက်ရှိုင်း၏အသံက ညဉ့်နက်နက်ထဲမှာ ဂျယ်လောင်စွာ

ထွက်နေ၏။ ရဲရဲ ဘယ်လိုမှ အိပ်၍မရ။ ခေါင်းအုံးဖြင့် နားနှစ်ဖက်





တ်လိုက်သည်။

လူက ဒေါသတွေဖြင့် ဘယ်လိုမှ အိပ်၍မပျော်နိုင်။

မိနစ်နှစ်ဆယ်ခန့်ကြာတော့ ဘောလုံးပွဲပြီးသွားသည်။

နက်ရှိုင်း ရဲရဲ၏နံဘေးတွင် ဝင်အိပ်လိုက်သည်။ မျက်လုံး ဖွင့်

ကြည့်ပေမယ့် သူ့ရဲ့လှုပ်ရှားမှု အငွေ့အသက်တွေက ရဲရဲကို လာဟပ်

နားနှစ်ဖက်ကို ပိတ်ထားသော ခေါင်းအုံးကို ဆွဲဖယ်လိုက်ပြီး ကိုယ့်

တွင် မှောက်ခုံကြီး ဝင်အိပ်နေသော နက်ရှိုင်းကို မကျေမနပ် လှည့်

ကြည့်လိုက်သည်။

"ဒီမှာ နက်ရှိုင်း၊ နင့်ခုတင်မှာ နင် သွားအိပ်လေ ဘာလို့ ငါ့

င်ပေါ် တက်လာရတာလဲ"

နက်ရှိုင်းက တုတ်တုတ်တောင် မလှုပ်။

ရဲရဲ ဒေါသထွက်လာသည်။ ထို့အတွက်ကြောင့် နက်ရှိုင်း၏

ကုန်းကို ခေါင်းအုံးဖြင့် ဘုန်းခနဲ ထုလိုက်သည်။

နက်ရှိုင်း မှောက်အိပ်နေရာမှ ဝုန်းခနဲ ထထိုင်လိုက်သည်။

"လူကို ဘာလို့ လာရိုက်ရတာလဲ"

"ကိုယ့်ခုတင်မှာ ကိုယ်သွားအိပ်ပါလား"

ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေနှင့် ဒေါသတို့ ရောထွေးကာ ခပ်

တ်သတ် ပြန်ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခုတင်က ငါနဲ့လည်း ဆိုင်တယ်လေ၊ အဲဒီတော့ ကိုယ့်ခုတင်ပေါ် ကိုယ်အိပ်တာ ဘာဖြစ်လဲ"

"ဘာဖြစ်လဲ မေးရအောင် နင်နဲ့ငါနဲ့ ဘာပတ်သက်မှုမှ မရှိဘူးလေ၊ ဒါကြောင့် နင် ဒီခုတင်ပေါ်မှာ လုံးဝ လာမအိပ်ပါနဲ့"

"အိပ်တယ် အိပ်ရုံသာမဟုတ်ဘူး၊ နင့်ကိုတောင် ဟိုဒင်းဟိုဟာ လုပ်လို့ရသေးတယ် သိလား"

နက်ရှိုင်း၏ဟိုဒင်းဟိုဟာ စကားကြောင့် ရဲရဲ မျက်နှာတစ်ပြင်လုံး ပန်းသွေးရောင်လွှမ်းလျက် ရှက်စိတ်တွေ ပြုတ်ဆိုး၍သွား၏။

"နင် မယုတ်မာနဲ့နော်"

"ဒါ ယုတ်မာတာ မဟုတ်ဘူး၊ နင်က ငါ့ရဲ့တရားဝင်မိန်းမ၊ ဒါကြောင့် သွန်လိုသွန် လှန်လိုလှန် လုပ်လို့ရတယ်"

"ဘာ ကဲဟယ်"

"ဖြန်း"

"ဟာ"

နက်ရှိုင်း ပါးတစ်ဖက် ပူဆင်းသွားသည်။ ရဲရဲ တကယ် ဆော်တာပဲ။ စိတ်ထဲမှာ စပ်ဖျဉ်းဖျဉ်း နာကျင်မှုတွေနှင့်အတူ ဒေါသတွေ ဆူဝေလာပြန်၏။

"နင်က ငါ့ကိုရိုက်တယ်၊ ကဲ ငါကလည်း ဟောဒီလို ဟောဒီလို





နမ်းတယ်ဟာ"

ရဲရဲ၏ ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းပြီး မျက်နှာအနှံ့ကို တရစပ် အနမ်းတွေခြွေလိုက်ရင်း နှုတ်ခမ်းဖူးဖူးလေးကို မလွတ်တမ်း နှိုက်လိုက်၏။

ရဲရဲ မည်သို့မျှ မရုန်းနိုင်။

"ကဲ မှတ်ပြီလား၊ ငါ နင့်ကို အခုလို လုပ်လို့ နင် ဘယ်သူ့ကို သွားတိုင်မလဲ၊ တိုင်စမ်း နင်က ငါ့မိန်းမဖြစ်နေတဲ့အတွက် ငါ့ကို ဘယ်သူမှ အပြစ်တင်ကြမှာမဟုတ်ဘူး"

"နင် နင် အယုတ်တမာကောင်၊ ကြာကူလီကောင် ခွေးဝဲစားကောင်"

ရဲရဲ ရှက်စိတ်တွေ မွန်ထူကာ စိတ်ထဲရှိသည့်အတိုင်း ပိုးစိုးပက်စက်ကို ဆဲရေးတိုင်းထွာလိုက်၏။

နက်ရှိုင်း ရဲရဲ၏ဒေါသတွေကို အောင်နိုင်သူတစ်ယောက်၏ ပြုံးမျိုးနှင့်ကြည့်ကာ ရဲရဲ၏ဘေးတွင် ဝုန်းခနဲ ပစ်လှဲချလိုက်၏။

ရဲရဲ မကျေနပ်နိုင်သဖြင့် နက်ရှိုင်း၏ကျောပြင်ကို တဘုန်းဘုန်း ထုရိုက်လိုက်သည်။

"ဟော့ ဟော့ နင် တရားလွန်နေပြီနော်၊ နင့်လုပ်ရပ်တွေက ခင်ပွန်းကိုသိမ်းပိုက်ဖို့ ဖြားယောင်းသလို ဖြစ်နေပြီ၊ နင် သိလား၊ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် မျက်နှာကို မနမ်းတော့ဘူး။ ဒီထက် ကြီးမြတ်တဲ့အရာကို ယူလိုက်မှာ၊ ဒါပေမဲ့ နင့်ကိုချစ်လို့တော့ မဟုတ်ဘူး၊ မာန်တက်မသွားနဲ့”

နက်ရှိုင်းစကားကြောင့် တဘုန်းဘုန်း ထုရိုက်နေသော ရဲရဲ၏ လက်တွေ တွန့်ခနဲ ရပ်သွား၏။

နက်ရှိုင်း တကယ်ပြောရင် တကယ်လုပ်မည်ဆိုတာ သိသည် လေ။

ထို့ကြောင့် ဆက်မရိုက်တော့ဘဲ နက်ရှိုင်း၏မထီမဲ့မြင်ပုံစံကို ရွံရှာစက်ဆုပ်လွန်းစွာဖြင့် ခပ်စွေစွေ ကြည့်လိုက်ပြီး တက်တစ်ချက် ခေါက်ကာ ခုတင်ပေါ်မှ ဆင်းခဲ့လိုက်၏။

ဒီညတော့ ညှော်ခန်းထဲမှာပဲ အိပ်ရတော့ပေမပေါ့။

ရဲရဲအဖို့တော့ ထိုညလေးဟာ ရှက်ရွံ့ရင်ခုန်ခြင်း၊ ဒေါသဖြစ်ခြင်း တွေဖြင့် ထွေးလိပ်ခဲ့ရသော ညလေးတစ်ည ဖြစ်ခဲ့၏။

■ ■ ■



## အခန်း (၈)

နက်ရှိုင်းနှင့်ရဲရဲတို့ တည်ဆောက်ခဲ့သော အိမ်ထောင်တစ်ခုသည် နှင်ဦးစလုံး ခံစားချက်မလာဖြင့် တည်ဆောက်ထားကြပြီး အမုန်းတွေဖြင့် အနှားသတ်ထားကြ၏။

ဒီနေ့မနက်လည်း နက်ရှိုင်း မနိုးခင် သူ့ရဲ့ကားကိုယူ၍ မာမီရဲ့ ဦးထည့်ဆိုင်ရှိရာ ဗိုလ်ချုပ်ဈေးဘက်သို့ ထွက်ခဲ့၏။

ကားမောင်းရင်း ရဲရဲ ကြိတ်ပြုံးနေသည်။

သူ အိပ်ရာကနိုးလို့ ရေမိုးချိုး အပြင်ထွက်ဖို့ ပြင်ဆင်ပြီးတာနှင့် သူ ကားသော့ယူလိမ့်မည်။

ကားသော့ မတွေ့လျှင် ဘယ်လောက်ဒေါသတွေနှင့် ဆွေ့ဆွေ့ ခုန်နေမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းခါးဒါးသတွေကို စိတ်ကူးနှင့်ပုံဖော်ကြည့်ရုံနဲ့တ

အတော်လေးကို ပျော်စရာကောင်းနေပေ၏။

မေမေ့ ပိုးထည်ဆိုင်ကို ရောက်တော့ ရွှင်မြူးတက်ကြွနေသော

ရဲရဲကိုကြည့်ပြီး မေမေ မေး၏။

"သမီး ဒီနေ့ မေ့သမီး မျက်နှာလေး ကြည့်ရတာ ခါတိုင်းေ

တွေနဲ့ မတူဘူးနော်"

"မေမေ ထင်လို့ပါ၊ ရဲ ပုံစံက ဒီအတိုင်းပါပဲ"

"မတူပါဘူး၊ ဒီနေ့ မျက်နှာလေး ပိုကြည်နေလို့"

ဖွတ်အတင်း မှတ်ချက်ချနေသော မေမေ့ကိုကြည့်ပြီး ရဲ

ခပ် လွှင်လွှင်လေး ရယ်လိုက်၏။

ကိုယ့်လုပ်ရပ်အမှန်ကို မေမေ့ကို ဖွင့်ပြောရန်တော့ မဖြစ်

မိဘတွေအမြင်မှာ လက်ထပ်ပြီးကတည်းက နက်ရှိုင်းနှင့်ရဲရဲတို့ကြားထ

က ဖြည့်မရတဲ့ အမုန်းတွေကို နည်းနည်းလေးမှ မရိပ်မိကြ။

ချစ်သူတွေ မဟုတ်ကြဘဲ မိဘတွေပေးစားတာကို ကြည်ကြည်

ဖြူဖြူနှင့် လက်ခံခေါင်းညိတ်ကြ၍ နှစ်ဖက်သော မိဘတွေက ချိုကျူးမျှ

မဆုံး။

နှစ်ဦးကြားမှ တိတ်တဆိတ် စစ်ပွဲလေးကိုတော့ မေမေတို့

နည်း နည်းလေးမှ မရိပ်မိကြ။ ရိပ်မိလောက်အောင်လည်း ရဲရဲက မိဘတွေ





ရှေ့မှာ ရန်စကား မပြော။ ပြဿနာမလုပ်။

"တီ တီ တီ"

လက်ကိုင်အိတ်လေးထဲမှ ဖုန်းမြည်လာသဖြင့် ကောင်တာပေါ်

တင်ထားသော လက်ကိုင်အိတ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။

နံပါတ်ကိုကြည့်လိုက်တော့ နက်ရှိုင်း၏ဖုန်းနံပါတ်။

ရဲရဲ ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်း ဖုန်းပြောရန် မေမေ့အနားမှ

ထလာခဲ့လိုက်သည်။

"ဟဲလို ဘာကိစ္စလဲ"

"..."

"ဩော် ဒါလား ငါ့ကား ဝပ်ရှော့ရောက်နေလို့ နင့်ကား ခဏ

ယူသုံးတာပဲ၊ အဟင်း ကိုယ့်ယောက်ျားရဲ့ကားကို မိန်းမတစ်ယောက်

ဖြစ်တဲ့ငါက ယူသုံးတာ ဘာဆန်းလို့လဲ"

"..."

"လာပြန်မပို့နိုင်ဘူး၊ ငါ ဆိုင်ရောက်နေပြီ၊ နင် လိုချင်ရင်

နင့်ကား နင်ပြန်လာယူ"

ခပ်ပြတ်ပြတ်ပြောပြီး ဖုန်းပိတ်ပစ်လိုက်သည်။

"သမီး ဘယ်သူလဲ"

"နက်ရှိုင်းပါ မေမေ၊ သူ့ကားယူမောင်းလာလို့ ဖုန်းလှမ်းဆက်



www.burmeseclassic.com

www.burmeseclassic.com



တာ''

''သမီးကားကရော''

''ဝယ်ရှောပ့်ထားလို့ မေမေ''

''ဒါဆိုလည်း အတူတူလာရောပေါ့ သမီးရယ်၊ ဘာလို့ တ

ယောက်တည်း ထွက်လာရတာလဲ''

မိခင်၏အပြစ်တင်သံ ခပ်အေးအေးကို ရဲရဲ စောဒကမတက်

ငြိမ်နားထောင်လိုက်သည်။ တအောင့်ကြာတော့ နက်ရှိုင်း ရောက်လ

သည်။

''ဟော သားတော်င ရောက်လာပြီ''

''ဟုတ်ကဲ့ မေမေ''

ယောက္ခမဖြစ်သူက ပြုံးချိုသော မျက်နှာဖြင့် နွေးထွေးစွ

ဆက်ဆံသဖြင့် နက်ရှိုင်းလည်း ရိုရိုသေသေပင် ပြန်ဖြေလိုက်သည်။

ရဲရဲမှာသာ ကိုယ့်အမေကို မေမေဟု ခေါ်လိုက်သော နက်ရှိုင်း

ခပ်နွေးနွေးအသံကြောင့် ရင်ထဲမှာ ဘာရယ်မဟုတ် နွေးထွေးရှိသွား

ကိုယ့်ကို မုန်းတယ်လို့ အကြိမ်ကြိမ်ပြောနေသော ယောက်ျ

တစ်ယောက်က ယောက္ခမဖြစ်သူကိုတော့ ရိုရိုသေသေ ဆက်ဆံနေသဖြင့်

အံ့သြခြင်းနှင့်အတူ သူ့ကို ကျေးဇူးတော်င ပြန်တင်ပေးရမလိုပင်။

''သား မောနင်းစာ ဘာစားပြီးပြီလဲ၊ မေမေ တစ်ခုခု စီစဉ်





းလိုက်မယ်လေ''

''ဟာ ရတယ် မေမေ၊ ကျွန်တော် စားခဲ့ပြီးပြီ၊ ဘာမှမစီစဉ်

ပါနဲ့တော့''

မေမေ့ကိုပြောပြီး ရဲရဲဘက်ကို လှည့်လိုက်ပြီး နက်ရှိုင်း မျက်

ာင်ကျုံ့လိုက်သည်။ မေမေ မကြားအောင် အသံခပ်အုပ်အုပ်ဖြင့်

''နင် တော်တော် စည်းကမ်းမရှိတဲ့ မိန်းမပဲ''

ရဲရဲ မမှုသလိုဖြင့် နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။

''ငါက စည်းကမ်းမရှိရအောင် နင့်ခေါင်းပေါ် အမှိုက်တက်ပုံ

လို့လား''

ရဲရဲ ထိုသို့ ခပ်ရွဲ့ရွဲ့ပင် ပြန်ပြောလိုက်၏။

''နင် ငါ့ကို အရွဲ့တိုက်မနေနဲ့၊ ပေး ငါ့ကားသော့ နင်လုပ်တာနဲ့

ကောင်မလေးနဲ့ ချိန်းထားတာ နောက်ကျတော့မယ်''

အလွန်တရာမှ မုန်းစရာကောင်းလွန်းသော စကားကြောင့်

ဘာစကားမှထပ်မပြောတော့ဘဲ ကားသော့ကို အသာတကြည် ထုတ်

လိုက်သည်။

ဘယ်လိုနည်းနဲ့ပဲ တိုက်ခိုက် တိုက်ခိုက် စိတ်ဓာတ်တွေ မယိုင်

ူးဆိုတာကိုလည်း သိစေချင်သည်။ ထို့အတွက်ကြောင့် သောင်ဘင်ခတ်

ားသော ဒေါသလှိုင်းတွေကို မျက်နှာပေါ်သို့ လျှံမတက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



မင်သေသေ ထိန်းနိုင်ခဲ့တာဟာ မိန်းမတစ်ယောက်မှာရှိသည့် ပါးနပ်တဲ့ ပညာရပ်တစ်ခုပဲဆိုတာ သူတို့လို ယောကျ်ားတွေကတော့ ဘယ်သိလေမလဲ။

အတွေးနှင့်အတူ ကြည်လင်ရှင်းသန့်ပြီး စမတ်ကျလွန်းသော ဝတ်စားဆင်ယင်ထားသည့် နက်ရှိုင်းကို မျက်စောင်းခပ်ပင့်ပင့်လေး ထိုး လိုက်သည်။

နက်ရှိုင်း ရဲရဲကမ်းပေးသော ကားသော့ကို ဆတ်ခနဲ ဆွဲယူ လိုက်ပုံက ညင်သာပျော့ပျောင်းခြင်းမရှိ။

မေမေ့ကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်သွားသော နက်ရှိုင်း၏ ကျောပြင်ကိုကြည့်ပြီး အရာရာဟာ ခြောက်ကပ်ဆိတ်သုဉ်းသွားသလို ခံစားရပြီး ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ဒေါသတွေဟာ အလိုမကျမှုတွေ နှင့်အတူ လောင်မြိုက်သွားပြီလားဟုပင် ထင်မိလေသည်။

ကိုယ့်ဘဝရဲ့ပုံစံကို ကိုယ်ကိုယ်တိုင် စိတ်တိုင်းကျ ဖန်တီးမိပါ လျက်နှင့် ရင်ထဲမှာ အလိုမကျမှုတွေက လျော့မသွား။

ကိုယ်ကိုယ်၌က အမှားကို အမှန်ဟု ယူဆနေလို့ပဲဟု ခပ်ပေါ့ ပေါ့တွေးလိုက်မိခြင်းနှင့်အတူ ရင်ထဲမှာ မပေါ့ပါးသော ဝေဒနာက တင်းခဲ ကျပ်ဆို့နေ၏။

မေမေက အရိပ်အကဲ နားလည်သူပီပီ နက်ရှိုင်း ထွက်သွားတော





နှင့် အနားကိုရောက်လာပြီး

"သမီး မျက်နှာမကောင်းပါလား။ အိမ်မှာကတည်းက အဆင် မပြေလာကြဘူးလား"

ပန်းကို ခပ်ဖွဖွဆုပ်ကိုင်ပြီး မေးလာသော မေမေ့အမေးကို တန်မပျက်သော အပြုံးဖြင့်

"ပြေပါတယ် မေ၊ ဘာမှမဖြစ်ပါဘူး"

"ပြေရင်လည်း ပြီးတာပါပဲကွယ်၊ မေမေက မေမေ့သမီးလေးကို အမြဲတမ်း စိတ်ချမ်းသာစေချင်နေတဲ့သူဆိုတော့ အမြဲတမ်း အရိပ်လို ကြည့်နေတာပါကွယ်"

"အင်းပါ မေရဲ့၊ နုလည်း ရဲရဲ စိတ်ချမ်းသာပါတယ်"

"အေးပါကွယ် ဒါနဲ့ သမီး ဒီနေ့ ဦးကောင်းအိမ်ကို လူမမာ သတင်းသွားမေးမလို့ဆို"

မိခင်၏အမေးကြောင့် ရဲရဲ လက်မှနာရီကို ငုံ့ကြည့်လိုက်၏။

"သြော် ဟုတ်ပါရဲ့၊ ရဲ မေ့နေတာ မေမေ၊ မေမေရော လိုက်ဦး မလား"

"မလိုက်တော့ဘူး သမီးရယ်၊ ဆိုင်မှာ သမီးမရှိရင် မေမေရှိမှ ဖြစ်မယ်လေ၊ သမီးတစ်ယောက်တည်း သွားလိုက်တော့၊ ဦးကောင်းကို လည်း ပြောလိုက်ဦး။ နေရှင်းရှင်းကောင်းမှ အလုပ်ပြန်ဝင်ပါလို့ ဒီနေ့ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အရောင်းလည်း နည်းနည်းပါးတယ်လို့"

"ဟုတ်ကဲ့ မေမေ ဟိုလေ ဓာတ်စာတော့ ဝယ်မသွားတော့ဘူး နော်၊ သူတို့အတွက်က ငွေပဲလိုတာဆိုတော့ ရဲ ငွေပဲကြည့်ပေးခဲ့လိုက်တော့မယ်"

"အင်း သမီး အဆင်ပြေသလို လုပ်ခဲ့လေ"

"ဟုတ်ကဲ့ ဒါဆို သမီး သွားပြီ၊ ဒြော် မေမေ့ကားပဲ ယူသွားလိုက်တော့မယ်နော်"

"အေး ယူသွား သမီး"

ရဲရဲ မေမေ့ကားသော့ကို ယူခဲ့ပြီး ဆိုင်အပြင်ဘက် ကားစတန်းရှိရာဘက်သို့ လျှောက်လာလိုက်၏။

ဒူးခေါင်းအထက်ရှိသော ကြိုးပျောက် ခွဲသားကိုယ်ကြပ် ဂါဝန်ရေညှိစိမ်းရောင်ကို အပေါ်မှ ထပ်ဝတ်ထားသော ဆင်စွယ်ရောင် ဝေ့စကုတ်လေးနှင့် ပန်းလေးတစ်ပွင့်လို ဝင်းမွတ်စိုပြည်စွာ လှပနေသော ရဲရဲနီထွေးဆိုတဲ့ ကောင်မလေးရဲ့ရင်ထဲမှာတော့ ရှုပ်ထွေးပြီး မွှတကြနေသော ခံစားမှုပေါင်းစုံက အချိန်ပြည့် အုံ့ဖွဲ့နေသည်ဆိုတာ ဘယ်သူက သိနိုင်မှာလဲ။

ကံကြမ္မာက ရဲရဲ၏နှလုံးသားအတွက် အမုန်းတွေနှင့် ထုဆစ်ပုံဖော်ခိုင်းနေလေတော့လည်း ကံဇာတ်ဆရာရဲ့ အလိုတော်ကျပေါ့..။

■ ■ ■

စိုးမိုး၁၁၄၅

## အခန်း (၉)

ဦးကောင်းတို့အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် ဦးကောင်း၏ မိန်းမ ဒေါ်ခင်ကြည်က အိမ်ပေါ်မှ ပျာပျာသလဲ ပြေးဆင်းလာ၏။

"ကိုကောင်းရေ ရဲရဲ လာတယ်တော့"

အိမ်ထဲကို အသံလှမ်းပြုရင်း အမောတကော ဆင်းလာသော ဒေါ်ခင်ကြည်ကို ပြုံးပြလိုက်ရင်း ရဲရဲ ကားပေါ်မှ ကြွကြွရွရွလေး ဆင်းလိုက်၏။

"ဦးကောင်း သက်သာလား၊ ဒေါ်ခင်ကြည်"

"သက်သာပါတယ် ရဲရဲရယ်၊ လာ လာ အိမ်ပေါ်တက်"

ဒေါ်ခင်ကြည် ရဲရဲ၏လက်ကို ဝမ်းသာအားရ ဆွဲကိုင်ပြီး အိမ်ပေါ်ကို ခေါ်၏။

စိုးမိုး၁၁၃၂

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

ဒုန်းဆိုသော အသံကြောင့် ရဲရဲရော ဒေါ်ခင်ကြည်ပါ အနောက်ကို အလန့်တကြား လှည့်ကြည့်၏။

"ဟင်"

"ဟောတော ရေသန့်ဘူးလှည်းနဲ့ကားကို ဝင်တိုက်မိပြီ"

ဒေါ်ခင်ကြည် အလန့်တကြား ရေရွတ်ရင်း ကားဆီသို့ အပြေးတစ်ပိုင်းဖြင့် လျှောက်သွား၏။

"တောင်းပန်ပါတယ်ဗျာ၊ လွတ်မယ်ထင်လို့ လှည်းကို ဝင်လိုက်မိတာပါ"

ရေသန့်ဘူးလှည်း တွန်းလာသော လူ သူ့အမှားကြောင့် ပျာပျာသလဲ တောင်းပန်ရှာ၏။

ထိုလူကိုမြင်တော့ ရဲရဲ မင်တက်အံ့သြသွားရ၏။

"ဟင် ရှင် ရှင် နေမင်းညို"

"ဟင် မရဲရဲနီထွေး"

နေမင်းညိုနှင့်ရဲရဲ တစ်ယောက်ကိုတစ်ယောက် သိနေကြ၍ ဒေါ်ခင်ကြည် အံ့သြသောမျက်နှာဖြင့် ကြည့်ကာ

"ရဲရဲ့ သူနဲ့သိတယ် ဟုတ်လား"

"မခင်ကြည် ကား ဘာဖြစ်လို့လဲ"





ဦးကောင်း ကားတစ်ခုခုဖြစ်သည်ထင်၍ နေမကောင်းသည့်ကြားမှ အိမ်ပေါ်ထပ်က ဆင်းလာသည်။

"ဘာမှမဖြစ်ဘူး ဦးကောင်း၊ သူက ရဲရဲနဲ့အသိတွေလေ"

"ဩော် မင်းညိုနဲ့ရဲရဲက အသိတွေလား"

"ဟုတ်ကဲ့"

ရဲရဲ ခပ်သွက်သွက်လေး ခေါင်းညိတ်ဖြေလိုက်၏။

နေမင်းညိုကတော့ ရဲရဲနှင့်အသိတွေပါဟု စကားတောင် မဟရဲ။

ဘယ်လိုလုပ်ပြီး သိကြတာလဲဟု ဦးကောင်းကမေးလျှင် ကိုယ့်မှာ ဖြေစရာစကားမရှိ။

ရဲရဲဆိုသော ကောင်မလေးနှင့် တွေ့ဆုံပုံက နည်းနည်းဆန်းကြယ်လွန်းနေ၏။ ထိုဆန်းကြယ်သော တွေ့ဆုံမှုကို လူကြားထဲလည်း ချမပြရဲ။

ရဲရဲ၏ဂုဏ်သိက္ခာတွေ ဆယ်ယူလို့မရလောက်အောင်ပင် ကျဆင်းသွားနိုင်၍ ဖြစ်သည်။

"ရှင်က ရေသန့်ဘူးပို့တဲ့အလုပ် လုပ်နေတာလား"

"ဟုတ်ကဲ့"

"တခြားအလုပ်ရော"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

နေမင်းညို၏အဖြေစကားကြောင့် ရဲရဲ ခပ်တွေတွေလေး စဉ်းစားလိုက်ပြီး နေမင်းညိုဆီသို့ ဖျတ်ခနဲ အကြည့်ပို့လိုက်၏။

"ရှင့်ကို ကျွန်မ အလုပ်တစ်ခုပေးမယ် လုပ်မလား"

"ရဲရဲ သမီး အံ့ထဲကိုဝင်ပါဦးလား။ အထဲရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ဦးကောင်းက နေမကောင်းသော လေသံခပ်နွမ်းနွမ်းဖြင့် ပြောတော့မှ အားလုံး အိမ်ထဲလိုက်ဝင်လိုက်ကြ၏။

အိမ်ထဲရောက်တော့ ဦးကောင်း၏သမီးက ရဲရဲ စားဖို့ပင် ကော်ဖီနှင့်မုန့်ပင် အဆင်သင့်ပြင်ဆင်ထားပြီးသား။

"မမ ကော်ဖီနဲ့မုန့်လေး စားပါဦး"

- ကောင်မလေး၏ညှို့ဝတ်ကျေမှုကို အသိအမှတ်ပြု အပြုံးလေးနှင့် ခေါင်းညိတ်ပြပြီး မလှမ်းမကမ်းရှိ အပေါက်ဝတွင် ထိုင်ခုံပုလေးနှင့် ခပ်ရှိရှိ ထိုင်နေသော နေမင်းညိုကို အကဲလှမ်းခတ်လိုက်သည်။

ဦးကောင်းနှင့်ဒေါ်ခင်ကြည်ပါ ရဲရဲက နေမင်းညိုကို ဘယ်လို အလုပ်မျိုး ပေးမလဲဟု စိတ်ဝင်တစား နားစွင့်နေကြ၏။

"ကျွန်တော် ဘာအလုပ် လုပ်ရမလဲ"

"အခု ကျွန်မနေတဲ့ အိမ်ကြီးရဲ့ခြံကို လှပတဲ့ဥယျာဉ်လေးတစ်ခု





အဖြစ် ရှင် လုပ်ပေးရမယ်၊ ပြီးရင် အဲဒီဥယျာဉ်လေးကို ရှင် ထိန်းသိမ်းရမယ်၊ လစာကောင်းကောင်းပေးမယ်၊ ပြော်ာ ဒါနဲ့ ရှင် အချက်အပြုတ်ရော လုပ်တတ်လား"

"ဟုတ်ကဲ့ လုပ်တတ်ပါတယ်"

"အိုကေ ဒါဆို ကျွန်မအတွက် စားဖိုမှူးပါ လုပ်ပေးပါ၊ နေတာကတော့ အိမ်ကြီးရဲ့အနောက်ဘက်မှာ အဆောင်လေးတစ်ခုရှိတယ်၊ အဲဒီမှာနေပေါ့၊ ဘယ်လိုလဲ ရှင် လုပ်နိုင်ပါတယ်နော်"

မျက်ခုံးလေးပင့်ကာ မေးလိုက်သော ရဲရဲ၏ဟန်က မာန်မာနတွေကင်းစင်ကာ ရှင်းသန့်နုဖတ်လို့နေ၏။

"ဟား လုပ်နိုင်ပါတယ်၊ မရဲရဲနှီထွေးပေးတဲ့အလုပ်က ကျွန်တော့်အတွက် အရမ်းကို အဆင်ပြေပါတယ်၊ အဲဒီအတွက်ကြောင့် အရမ်းလည်း ကျေးဇူးတင်ပါတယ်"

"ဟုတ်တယ် ရဲရဲရေ မင်းညိုက အလုပ်မရခင်စပ်ကြား ရေသန့်ဘူးလိုက်ပို့တဲ့အလုပ်ကို လုပ်နေရတာ၊ ခင်ဗျားမှာ သူ့တစ်ဝမ်းတစ်ခါးအတွက် ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ် လုပ်ရှာပါတယ်၊ ရဲရဲ ခုလို အလုပ်ပေးတော့ မင်းညိုအတွက် နေစရာရော စားစရာပါ ပူစရာမလိုတော့ဘူးပေါ့"

ဦးကောင်းကပါ နေမင်းညိုအတွက် ဝမ်းသာအားရနှင့်ဝင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"အဟင်း နေမင်းညို ကိစ္စ ကြားဖြတ်ဝင်လာတာနဲ့ ဦးကောင်းကို လူမမာ သတင်းလာမေးတဲ့ကိစ္စတောင် မေ့သွားတယ်"

ရဲရဲ အားနာပြုံးလေးဖြင့် ပြောရင်း လက်ကိုင်အိတ်စက်ကို ဆွဲဖွင့်လိုက်သည်။

"တကူးတကကြီး သတင်းလာမေးရတယ်လို့ ရဲရဲရယ်၊ ဦးကောင်းလည်း နည်းနည်းသက်သာနေပါပြီ တစ်ရက်နှစ်ရက်နေရင်တော့ အလုပ်ပြန်ဆင်းရတော့မှာပါ"

"နေမကောင်းသေးရင် အလုပ်မဆင်းပါနဲ့ဦး။ သက်သက်သာသာနေပါ ဦးကောင်းရယ်၊ ဆိုင်မှာလည်း ကိုရဲနိုင်နဲ့ တခြားအလုပ်သမားတွေလည်းရှိတာပဲ၊ ဒီရက်ထဲအလုပ်လည်း နည်းနည်းပါးနေတာလေ"

"အမလေး ရဲရဲရယ် သမီးကသာ သူ့ကိုသက်သက်သာသာနေပါ ဦးကောင်းရယ်လို့ပြောနေ သမီး ဦးကောင်းကတော့ စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူး။ လူကသာ အိမ်မှာလူမမာလို နေနေရတာ စိတ်ကတော့ သူ့ဒီဇိုင်းဆွဲတဲ့အလုပ်ခန်းထဲရောက်နေတာ၊ သိပ်အစွဲအလန်းကြီးတဲ့ အဘိုးကြီး"

ဒေါ်ခင်ကြည် ဦးကောင်းကို မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်သဖြင့် ရဲရဲ သဘောကျစွာ ခပ်တိုးတိုးရယ်လိုက်သည်။





"အစွဲအလမ်းကြီးတာ မဟုတ်ပါဘူး ဒေါ်လေးကြည်ရယ်၊ အလုပ်အပေါ် တာဝန်ကျေချင်အားကြီးနေတာပါ၊ သမီးတို့ ပိုးထည်အဆင် ဒီဇိုင်းတွေ လူကြိုက်များလာတာ ဦးကောင်းရဲ့ခေတ်မီလှပတဲ့ ဒီဇိုင်းဆန်းဆန်း လက်ရာသန့်သန့်တွေကြောင့်ပါ"

"ခုလို အကောင်းမြင်ပေးတာ ကျေးဇူးတင်ပါတယ် ရဲရဲရယ်၊ ဒေါ်လေးတို့ မိသားစုကလည်း ရဲရဲတို့ရဲ့ပိုးထည်တိုက်ကြီးကိုမှီပြီး အလုပ်လုပ်စားနေရတဲ့အတွက် ရဲရဲတို့ မယနတို့ရဲ့ ကျေးဇူးတရားကလည်း မသေးပါဘူးကွယ်"

"ဒါကတော့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီပေါ့ ဒေါ်လေးကြည်ရယ်၊ တဲ ရော့ ဒီမှာ ဦးကောင်းအတွက် ဓာတ်စာဖိုး ယူထားဦး"

ရဲရဲက ဒေါ်ခင်ကြည့်လက်ထဲကို တစ်ထောင်တန်အုပ် တစ်အုပ်ထည့်ပေးလိုက်သည်။ ရဲရဲ၏ သိတတ်နားလည်မှုကြောင့် ဦးကောင်းရော ဒေါ်ခင်ကြည်ပါ အားအနာကြီး နာနေကြသည်။

"အဲဒီလောက် ငွေအများကြီး မယူပါရစေနဲ့ ရဲရဲရယ်၊ အားနာလွန်းလို့ ဘယ်လို စကားမျိုး ပြောရမှန်းတောင် မသိတော့ပါဘူး"

ရိုးသားလွန်းသော ဒေါ်ခင်ကြည်နှင့် ဦးကောင်းကိုကြည့်ပြီး ရဲရဲ ကျည်ရကျိုးနပ်စွာဖြင့် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်သည်။

"ငွေလေး ငါးသောင်းထဲကို အဲဒီလောက် ကျေးဇူးတွေတင်



www.burmeseclassic.com

www.burmeseclassic.com



ဝရာ မလိုပါဘူး ခေါ်လေကြည့်ရယ်၊ အားလုံးက မိသားစုတွေပဲ ကဲ ရဲရဲလည်း ကြိုက်တော့မယ်"

"အောက္ခာ မကြိုက်လည်း ပြောလိုက်ပါ၊ တစ်ရက်နှစ်ရက်နေ ရင် အလုပ်ပြန်ဆင်းလို့ရပါပြီလို့"

ဦးကောင်း အားနာစွာဖြင့် လူကြုံထပ်ပါးနေသေးသည်။

ရဲရဲ အားလုံးကို နှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်၏။

"နေမင်းညို ရှင် မနက်ဖြန်ကစပြီး အလုပ်ဆင်းမယ် မဟုတ် လား"

ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်ပြီး ကားနားအထိ ခပ်ကုတ် ကုတ် လိုက်လာသော နေမင်းညိုကို လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် အလုပ်စဆင်းပါ့မယ်"

"ကောင်းပြီ၊ ကျွန်မ သွားတော့မယ်"

"ဟုတ်ကဲ့"

ရဲရဲ ကားလေးကို ငြိမ့်ခနဲ မောင်းထွက်လာလိုက်၏။ ကြွ တောက်တောက် နွေနေပူနှင့်အတူ လေပူတစ်ချက်က ဝှေ့ခနဲ တိုက်ခတ် သွားပြီး ရဲရဲ၏ဆံနွယ်ပျော့စင်းစင်းလေးတွေကို ဖရိုဖရဲ ဖြစ်သွားစေ၏။

နက်ရှိုင်းကို တိုက်ခိုက်ဖို့ ပရိုဂရမ်တစ်ခု ရသွားတဲ့အတွက် ရဲရဲ စိတ်တွေ မြူးကြွနေ၏။





နှင့်ရဲ့မနာလိုစိတ်တွေ ထုတ်ပြဖို့ အဆင်သင့်သာ စောင့်နေတော့ နက်ရှိုင်းရေ။

ရဲရဲ၏အပြုံးတွေ နွေနေပူနှင့်အတူပီပြင် လင်းလက်လာ၏။

www.burmeseclassic.com

## အခန်း (၁၀)

"မင်း ဘယ်သူလဲ၊ ဒီအလုပ်တွေ မင်းကို ဘယ်သူလုပ်ခိုင်းတာ လဲ"

တဆက်ဆက် မေးလာသော အသံကြောင့် ခုတ်ပြီးသားမြက် တွေကို တောင်းအကြီးကြီးထဲ ကျုံးထည့်နေသော နေမင်းညို မော့ကြည့် လိုက်သည်။

"ကျွန်တော့်ကို ဒီခြံမှာ စိုက်ပျိုးရေးလုပ်ဖို့ မနေ့ကပဲ မရဲရဲ ထွေး ခန့်လိုက်တာပါ"

နေမင်းညို၏အသံတွေက တိုးလျှသိမ်ငယ်နေပြီး ကိုယ့်ရှေ့မှာ ခါးထောက်ရပ်နေသော နက်ရှိုင်းကို လိုတာထက်ပို၍ ကျိုးနွံသိမ်ငယ်ဖြ လိုက်သည်။

ဦး မိုး ၀၁၇၆ပ



"မင်းနဲ့ ဘာတော်လို့လဲ"

"ဗျာ"

"ဆွေမျိုးတော်မှ အလုပ်ခန့်ရမှာလား နက်ရှိုင်း"

အူကြောင်ကြောင်ဖြင့် ဘာဖြေရမှန်းမသိခင် ရဲရဲ အနားရောက် လာပြီး ကြားဖြတ်ဝင်ဖြေလိုက်သည်။

ရဲရဲနှင့်နေမင်းညိုကို နက်ရှိုင်း အသေအချာ အကဲခတ်ကြည့် ဆိုက်ပြီး စိတ်ပျက်သော အမူအရာနှင့် မဲ့လိုက်ပြီး

"နင် ငါ့ကို ဘာလို့ မတိုင်ပင်တာလဲ"

"ဒါ တိုင်ပင်စရာကိစ္စမှမဟုတ်တာ၊ ငါက နင့်ကိုထူးပြီး ဘာကို တိုင်ပင်နေရဦးမှာလဲ"

"မင်းညိုကို ခြံအလုပ်တင် မဟုတ်ဘူး၊ အချက်အပြုတ်အတွက် ပါ တစ်ခါတည်း ခန့်ထားတာ၊ ဒီအိမ်ရဲ့ဝေယျာဝစ္စအဝဝကို မင်းညို တာဝန်ယူလိမ့်မယ်"

"ကျွန်တော် မြက်တွေသွားပစ်လိုက်ဦးမယ်"

နေမင်းညို သူတို့လင်မယား ကတောက်ကဆပွဲလေးထဲမှာ ဆက်ကာန်ယက်ကာန် မပါဝင်လို၍ တမင်အကြောင်းပြ၍ ရှောင်ထွက်သွား သည်။

နေမင်းညို မြက်တောင်းကြီး မပြီးအနားမှ ထွက်သွားတော့မှ

ဦး မိုး ၀၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်း မကျေမနပ်သော အကြည့်ဖြင့် ရဲရဲကို ခပ်စူးစူးကြည့်ကာ

"နင် လူခေါ်စရာရှားလား ရဲရဲ"

ရဲရဲက လက်ကလေးပိုက် မျက်နှာလေးမော့ပြီး မထိမဲ့မြင်ဟ
လေးနှင့် နှုတ်ခမ်းလေး တွန့်ကွေးကာ ပြုံးလိုက်ပြီး

"ဘာလဲ ထမင်းချက် မာလီလုပ်မယ့် အလုပ်သမားက နင့်ရ
ထက် ပိုပြီးလန်နေလို့ မနာလိုဖြစ်နေတာလား"

"တို့ သွားစမ်းပါဟာ၊ နင်လို မိန်းမမျိုး လမ်းဘေးက ပ
ကောက်တဲ့ကောင်နဲ့ငြိဦးတော့ ငါ စိတ်မဝင်စားသေးဘူး"

နက်ရှိုင်း တံတွေးတစ်ချက်ကို ဘေးသို့ ထွီခနဲ ထွေးလျ
ရွံရှာစက်ဆုပ်ဟန်အပြည့်ဖြင့် နှိမ့်ချစွာ ဆို၏။

ရဲရဲ၏ရင်ထဲမှာ ဒေါသမနသလှိုင်းတွေ လှုံ့တက်သွား၏။

အောက်နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ပြီး မီးပွင့်မတတ်သော
မျက်ဝန်းဖြင့် အငြိုးကြီးစွာ ကြည့်လိုက်သည်။

"နင် စိတ်မဝင်စားဘူးဆိုရင် ငါ ဘာလုပ်လုပ် နင်တားစရ
မလိုဘူးလေ၊ နင် တွဲနေတဲ့အောက်ကြမ်းခင်းက မိန်းမတွေကိုပဲ နင်
သွားပြီး စွက်ဖက်ပေါ့၊ အရှုံးကောင်ရဲ့"

ရဲရဲ ဒေါသဖြစ်လွန်း၍ ကြုံးအော်လိုက်သည်။

"အေးပါ ငါက အောက်ကြမ်းခင်းက မိန်းမတွေနဲ့ တွဲတယ်





အ၊ နင်သာ ကိုယ့်အိမ်မှာ ခိုင်းထားတဲ့ အလုပ်သမားနဲ့ မငြိအောင်
ထိန်းသိမ်းသိမ်း နေပါ၊ အထူးသဖြင့် နက်ရှိုင်းရဲ့ မိန်းမ ရဲရဲနီထွေး
နွံတောထဲကကောင်နဲ့ ငြိနေတယ်ဆိုရင် ငါ့ရဲ့ဂုဏ်သိက္ခာတွေ နင့်
ကြောင့် ပြိုကျသွားနိုင်တယ်၊ ဒါကြောင့် ငါ သတိပေးတာ"

"ဘာ နင် လူပါးဝတဲ့စကား မပြောနဲ့နော်"

ရဲရဲ ဒေါသတွေ မထိန်းနိုင်စွာဖြင့် နက်ရှိုင်း၏မျက်နှာကို လက်
ညှပ်ချွန်ချွန်တွေနှင့် ကုတ်ဖဲ့ဖို့ လက်ရွယ်လိုက်သည်။ နက်ရှိုင်းကလည်း
ခွင်ပြီးသား။ ရဲရဲ၏လက်ကို အချိန်မီ ဖမ်းဆွဲကာ သူ့ရင်ခွင်ထဲသို့ ရဲရဲ
ဆွဲသွင်းလိုက်သည်။

"နင် ငါ့ကို လွှတ်နော်၊ နင့်အသားနဲ့ငါ ထိရမှာတောင် အော်
ဂလီဆန်လွန်းလို့ဟဲ့ သိရဲ့လား"

ရဲရဲကလည်း အထက်စီးမှ ခပ်ရင့်ရင့် ပြန်ချေသည်။

"ဘယ်လို အော်ဂလီဆန်တယ် ဟုတ်လား၊ အေး ဒီထက်
[အော်]ဂလီဆန်သွားအောင် ငါ လုပ်ပေးမယ်"

"အို နက်ရှိုင်း လူယုတ်မာ နင်နော် နင်"

တင်းကြပ်စွာ ပွေ့ဖက်နမ်းရှိုက်လိုက်သော နက်ရှိုင်း၏ရဲတင်း
[လွ]န်းသော အပြုအမူကြောင့် ရဲရဲ မည်သို့မျှ ရုန်းဖယ်တွန်းထိုး၍မရ။

တဒင်္ဂ မိန်းမောခြင်းတွေနှင့်အတူ ရင်ဘတ်ချင်း ထိစပ်မိကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ခံစားမှုထူးသည် ရင်ဘတ်တပြင်လုံးမှာ နွေးထွေးရှိန်းမြဲ့နေတာ တော့ အမှန်။

ဒါပေမဲ့ ဒါဟာ တကယ်မှမဟုတ်တာ။ သူ့ရင်ထဲက သိမ်မွေ့ နက်နဲသော ခံစားချက်နုနုတွေနှင့် ပုံဖော် နမ်းရှိုက်တဲ့ အကြင်နာစစ်စစ် တွေမှ မဟုတ်တာ။ ဒီတော့ ထိုအတွေ့တွေထဲကို ရဲရဲ၏ ခံစားမှုတွေ စီးမျောပစ်လိုက်ဖို့ မသင့်။

အသိစိတ်တွေကို အားပေးလျှို့ဆော်ရင်း သူ့ရင်ခွင်ထဲမှ အား ကုန် ရုန်းထွက်လိုက်၏။

"ဖြန်း"

မရည်ရွယ်မိပါဘဲနှင့် လက်ဝါးတစ်ဖက်က နက်ရှိုင်း၏ပါးပေါ် အရှိန်ပြင်းစွာဖြင့် ကျရောက်သွား၏။

နင့်ရဲ့ရယူမှုအတွက် ငါ့ရဲ့ပေးဆပ်မှုကိုတော့ နင် ကျေကျေနပ် နပ်ကြီး ခံယူရမှာပေါ့။ ဟုတ်တယ် မဟုတ်လား နက်ရှိုင်း။

ပူဆင်းသွားသော ပါးတစ်ဖက်ကို ပွတ်သပ်ရင်း မထိတရှိ အငွေ့အသက်ပါသော အပြုံးဖြင့် ရဲရဲကို စူးစိုက်ကြည့်ကာ

"နင်ပဲ အော်ဂလီဆန်တယ်ဆို၊ ငါ အခုမှ အိပ်ရာက ထလာ တာ၊ သွားတောင် မတိုက်ရသေးဘူး ဘယ်လိုလဲ ခုတော့ ပိုပြီး အော် ဂလီဆန်သွားပြီ မဟုတ်လား"





"အဲဒီနေရာမှာတင် ဘုန်းခနဲ လဲသေလိုက်စမ်း နက်ရှိုင်း။ ငါ့ …မှာ နင့်လောက် ယုတ်မာပက်စက်တဲ့ကောင်ကို မြင်ဖူးခဲ့မယ်ဆိုရင် …တောင် အဲဒီလူက နင့်လောက် ယုတ်မာမှာမဟုတ်ဘူး၊ နားလည်လား"

"အဟက် ဟုတ်လား အဲဒါဆိုရင်တော့ နင် ကံဆိုးတာပဲ၊ …ဒီ ယုတ်မာပက်စက်တဲ့ကောင်က နင့်ယောက်ျား ဖြစ်နေလို့လေ"

နက်ရှိုင်းကလည်း မခိုးမခန့် ရယ်ရင်း အကြောမပေးဘဲ ရဲရဲ …သမထွက်ထွက်အောင် စကားလုံးရင့်ရင့်တွေကို ထုတ်သုံး၏။

"လဲ သေလိုက် ငါကတော့ ကိုယ့်ကိုယ်ကိုယ် နင့်မိန်းမအဖြစ် …ယူထားဘူး။ တစ်အိမ်တည်း အတူနေကြပေမယ့် နင်နဲ့ငါနဲ့ တစ်လမ်း …လျှောက်နေကြတာလေ၊ နင် အဲဒီလို ကြမ်းကြမ်းတမ်းတမ်း ချဉ်းကပ် … ငါ ရင်ခုန်လာမှာမဟုတ်ဘူးဆိုတာ နင်သိထားစမ်းပါ"

ဒေါသတွေ အလုံးလိုက် အထွေးလိုက် ဖြစ်ကာ ခပ်ကြိတ်ကြိတ် …ရင်း နက်ရှိုင်းအနားမှ ဆောင့်ဆောင့်အောင့်အောင့် ထွက်လာလိုက် …

လက်ထပ်ပြီးသည့်အချိန်မှစ၍ ကျော်ဖြတ်လာခဲ့ရသော ကာလ …ယ်များကို အမုန်းတွေနှင့်သာ တန်ဆာဆင်လာပြီး အချိန်တွေကို ဖြစ် …လို ကုန်လွန်ခဲ့ကြ၏။

တကယ်တမ်းကျတော့ ရင်မှာ နာကျင်ရတာ အမှန်ပါ။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝအကျိုးပေးကြောင့် ဒီလို ပရမ်းပတာ တွေ့ဆုံမှုမျိုးနဲ့တစ်မိုးအောက် ထဲမှာ အတူနေခွင့်ရခဲ့တာပါလဲ။ ကိုယ့်ဘဝကိုယ် ပြန်တွေးကြည့်ရင်း စိတ်တိုင်းမကျစရာတွေက အတိတ်မှာ အထပ်လိုက် အထပ်လိုက် ဖြစ်ကာ ပုံကျန်ခဲ့၏။

အနာဂတ်မှာလည်း အမုန်းအင်အားတွေက ဘယ်လောက် အတိုင်းအတာအထိ ဆက်ပြီးရှင်သန်ကြီးထွားနေဦးမည် မသိ။

ငယ်စဉ်ကလေးဘဝထဲက အတူကြီးပြင်းလာသည့် နှစ်ယောက် ကြားထဲမှာ ဘယ်အချိန်ကတည်းက ဒီအမုန်းကြီးက ဝင်ရောက်ခိုအောင်း ခဲ့ရတာလဲ။

အရွယ်ရောက်လာလို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်မှ တော့ ကိုယ့်ရင်ထဲမှာ နက်ရှိုင်းကို မုန်းနေသော အမုန်းသည် တော် တော်လေးကို အင်အားကြီးထွား၍နေပေ၏။

ငယ်စဉ်ကတည်းက နက်ရှိုင်းကသာ ရဲရဲအပေါ်မှာ အနိုင်ကျင့် ဗိုလ်ကျခဲ့ခြင်း ဖြစ်သည်။ သူနှင့်ကစားစရာ အရုပ်ကို အတူလုကြရင်းမှ ရဲရဲကို အိမ်ပေါ်ထပ် လှေကားပေါ်မှ ရက်စက်စွာ တွန်းချခဲ့သော နက်ရှိုင်း မောင်မောင်၏ ရက်စက်မှုတွေဟာ ကိုယ့်ရဲ့အာရုံအသိစိတ်တွေထဲမှာ ဆေးမင်ကြောင်နှင့်ထိုးထားသလို ဖျက်မရအောင် ရာသက်ပန် စွဲထင်၍ ရှိနေပေ၏။

မိုး မိုး ၀၇၁၉



ဒါနဲ့များ ကံကြမ္မာက သူ့ကို ကိုယ့်ယောက်ျားဖြစ်စေခဲ့သတဲ့ လား။ အံ့ဩစရာကောင်းလွန်းသည်။ ခုတော့ သူ့ရဲ့ပြောဆိုလှုပ်ရှားမှု တန်တိုင်းက ရဲရဲအတွက် အမုန်းတွေသာ ဆင့်ကဲပေါက်ဖွားလာစေ၏။ တစ်ပြိုင်နက်တည်းမှာပင် လှိုက်ဖိုသော ခံစားမှုတွေကလည်း ရင်ထဲမှာ အသိုက်အမြုံလေးသဖွယ် တစ်စထက်တစ်စ ကြီးထွားလာခဲ့ရသည်။

သက်ပြင်းမောနှင့်အတူ ပါမသွားသော အတွေးမောများအား ထမ်းပွေ့ရင်း အခန်းထဲကို ဝင်လာလိုက်သည်။

တစ်ခါတစ်ရံတွင် ရင်၌ဖြစ်တည်လာသည့် ခံစားချက်တို့အား ကိုယ်စားပြုနိုင်မည့် ဝေါဟာရကို ရှာမတွေ့နိုင်အောင် ဖြစ်တတ်ကြသည် မှာ ကိုယ်တစ်ယောက်တည်း ဖြစ်လာသည့် အခြေအနေမျိုးများလားဟု ယုံမှား သံသယဖြစ်မိသေး၏။

ဘာပဲဖြစ်ဖြစ် ကိုယ်နှင့် နက်ရှိုင်းကြားထဲက အဆင်မပြေမှု တွေနှင့် နားလည်မှု အလွဲတွေကိုတော့ အနာဂတ်အတွက် ဆက်ပြီး ထမ်းပိုးထားရဦးတော့မှာပဲပေါ့။

ရင်ထဲမှာ မောရှုနာကျင်မိတာတော့ အမုန်ပါပဲ။

■ ■ ■

မိုး မိုး ၀၇၉၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဒီနေ့ နက်ရှိုင်း သူ့ညည်းသည်ကို အိမ်ခေါ်ပြီး ထမင်းဖိတ်ကျွေးမည်ဆို၍ မင်းညို့တစ်ယောက် မီးဖိုခန်းထဲမှာ အလုပ်တွေရှုပ်နေ၏။

"မင်းညို့ ရှင် တစ်မနက်လုံး မီးဖိုခန်းထဲကကို မထွက်ဘူး။ ဘာတွေ အလုပ်ရှုပ်နေတာလဲ"

မီးဖိုခန်းထဲ ဝင်လာသော ရဲရဲ၏အမေးကြောင့် ပန်းကန်ထဲသို့ ဟင်းတွေ ခပ်ထည့်နေရင်းမှ ရဲရဲကို ခေါင်းငဲ့ကြည့်လိုက်၏။

"ဒီနေ့ အစ်ကို ညည်းသည်တစ်ယောက်ကို ထမင်းစားဖိတ်ထားတယ်ဆိုလို့ စီစဥ်နေတာပါ"

မင်းညို့၏အဖြေစကားကို ဆုံးအောင်နားမထောင်ဘဲ မီးဖိုခန်းနှင့်တစ်ဆက်တည်းရှိနေသော ထမင်းစားခန်းထဲသို့ လျှောက်ဝင်သွား





လိုက်သည်။

ဆုံလည်စားပွဲကြီးပေါ်မှာ တချို့တစ်ဝက် ပြင်ဆင်ပြီးနေသော ဟင်းပွဲတွေကိုကြည့်ကာ ရဲရဲ နှာခေါင်းရှုံ့လိုက်သည်။

"ဘယ်ကညည်းသည် လာမှာမို့လို့ ဒီလောက်ဟင်းပွဲတွေ အများကြီး စီစဥ်နေရတာလဲ မင်းညို့"

"ကျွန်တော်လည်း မသိဘူး။ ကျွန်တော့်ကို စားပွဲပြင်ဆင်ပေးပါဆိုလို့ ပြင်ဆင်ပေးရုံပါပဲ၊ ဒီထက်ပိုပြီး ဘာမှမသိပါဘူး"

"မင်းညို့ အားလုံး အဆင်သင့်ပြီလား"

"ဟုတ်ကဲ့ အစ်ကို"

ထမင်းစားခန်းအဝမှာ ရပ်ကာမေးသော နက်ရှိုင်း၏အမေးကြောင့် မင်းညို့ တရိုတသေဖြင့် ခေါင်းညိတ်ပြလိုက်၏။

နက်ရှိုင်း အကြည့်တွေက ထမင်းဝိုင်းဘေးတွင် ရပ်နေသော ရဲရဲထံသို့ ဖျတ်ခနဲ အကြည့်ရောက်သွား၏။

"ရဲရဲ နင် ဒီနေ့ ဘယ်မှသွားစရာ မရှိဘူးလား"

"ငါ့ဟာငါ ဘယ်သွားသွား မသွားသွား နင် လာမေးစရာ မလိုပါဘူး"

အပြုံးတွေက လေသံတွေကို မာနိုင်းလိုက်၏။

နက်ရှိုင်းပုံစံက ငါ အကောင်းမေးတာကို အကောင်းပြန်မပြော



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုသော အကြည့်ဖြင့် ခပ်အေးအေး စွေကြည့်ကာ

''အေးလေ မသွားဘူးဆိုတော့လည်း တစ်မျိုးကောင်းတာပဲ၊ ငါ့ကောင်မလေးနဲ့ နှင့်ကို ပေးတွေ့ရသေးတာပေါ့''

''ဘာ ငါက နှင့်မယားငယ်နဲ့ တွေ့ရမယ် ဟုတ်လား၊ ထို စကားကို တန်ရာတန်ရာပြော၊ နှင် တွဲနေတဲ့အဆင့် မရှိတဲ့ အောက်ကြမ်းခင်းက မယားငယ်မကို လက်ခံတွေ့ဆုံပေးရအောင် ငါက နှင်ထင်သလောက် တန်ဖိုးမမဲ့သေးဘူး''

ရဲရဲစကားကြောင့် နက်ရှိုင်း ရှူးရှူးရားရား ဖြစ်သွားသည်။ ပြီးမှ ဒေါသကို မနည်းမျိုသိပ်လိုက်ရပုံနှင့်

''အေးပါ ငါ့ဇာတ်ညွှန်းလေးတွေက လှတော့ နှင့်ရင်ထဲမှာ သဝန်တိုစိတ်တွေနဲ့ မနာလိုဖြစ်နေပြီ မဟုတ်လား''

''ဘာ အဟက် ဟား ဟား ဟား ငါ ငါ အဲဒီလိုပဲ အော်ရယ်လိုက်တော့မယ် နက်ရှိုင်းရယ်''

လက်ချပ်ခပ်ဆတ်ဆတ် တီးကာ ခေါင်းကို ခပ်ပင့်ပင့်မော့ပြီး ရယ်လိုက်သော ရဲရဲ၏အသံက အနည်းငယ် ကျယ်လောင်သွားသည်။

နက်ရှိုင်းပင် ရုတ်တရက် ထရယ်လိုက်သော ရဲရဲ၏ခပ်ကြောင်ကြောင် အမူအရာကြောင့် ကြောင်ငေးငေး ဖြစ်သွားပြီး ရဲရဲကို မျက်လုံးပြူးကြည့်သည်။ ရဲရဲ ခုလိုရယ်တာ တစ်ခါမှ မမြင်ဖူး။ ရယ်တာမှ





အကျယ်ကြီး။

''နှင့်ရဲ့ ညစ်တီးညစ်စုတ် အပြာရောင်ကားထဲက ဇာတ်ညွှန်းတွေကို ငါကပဲ မနာလို ဖြစ်ရဦးမတဲ့လား နက်ရှိုင်းရယ်၊ အဟင်း ရဲ့လူ့မှုရေးဖောက်ပြန်မှုကြီးက နှင့်ရဲ့လောဘလောက် ခမ်းနားနေမယ်ဆိုရင် နှင်ဟာ ဒီမြေကြီးပေါ်မှာ ရှင်သန်ရကျိုး နပ်သေးတယ်၊ ခုတော့ နှင့်ကံကြမ္မာက နှင့်အတွက် ငရဲပြည်မှာ ဒယ်အိုးတစ်အိုး ကြိုပြီးငှားလုပ်ထားလိမ့်မယ်ဟဲ့၊ ဗီလိန်ကောင်ရဲ့''

စကားလုံးတွေဖြင့် အနိုင်ပိုင်း၍ ပြောဆိုခဲ့ပြီး ရဲရဲ အခန်းထဲသို့ ခပ်သုတ်သုတ် ပြန်လစ်လာခဲ့လိုက်၏။

ဆက်ရပ်နေရင်း သူ့ရဲ့မိန်းမလို မိန်းမရစကားနာထိုးသံတွေကို နားခါးခါးနဲ့ ကြားနေရဦးမည်။ ဒီတော့ ကိုယ်ကပဲ ဦးအောင်ထွက်ခဲ့လိုက်တာ အသင့်တော်ဆုံးပဲ ဖြစ်လိမ့်မည်။

နောက်နားဆီမှ တက်ခေါက်သံ ခပ်ပြင်းပြင်းဖြင့် နက်ရှိုင်း ကျန်ရစ်ခဲ့၏။

အခန်းထဲရောက်တော့မှ ရဲရဲ ကျေနပ်စွာဖြင့် ပါးစပ်ကို လက်ဝါးဖြင့် အုပ်ကာ တခစ်ခစ်ဖြင့် ကြိတ်ရယ်လိုက်သည်။ ဒီတစ်ခါတော့ တော်တော်လေး ပိုးစိုးပက်စက် အနိုင်ပိုင်းပြောခဲ့ရပြီ။ ပျော်လိုက်တာ။

ဒင်းက ငရဲလားမယ့်အကောင်ဆိုတာ သိအောင် ရဲရဲ ကြံပြီး



www.burmeseclassic.com

www.burmeseclassic.com



နိမိတ်ဖတ်ခဲ့တာလေ။

ကိုယ့် ထိုးနှက်ချက်တွေကိုသာ နဖူးပေါ်လက်တင်ပြီး ခပ်နက်နက် စဉ်းစားလိုက်မယ်ဆိုရင် ငုတ်ကောင်းကောင်းမှာ အကြိမ်တစ်ရာလောက်တောင် ထိုင်စောင့်ဖို့ ကောင်းတော့၏။

ထို့နောက် စိတ်လက်ပေါ့ပါးစွာဖြင့် ဂျက်စတင်ဘီဘာသီချင်းကို အကျယ်ကြီး ဖွင့်ကာ နားထောင်နေလိုက်၏။

တအောင့်ကြာတော့ အခန်းထဲကို နက်ရှိုင်း ဝင်လာ၏။ သူ့ပုံစံက မကျေပွဲနွဲ့မည့်ပုံစံမျိုးနှင့် ဖြစ်သည်။

ရဲရဲ မထီတဲ့ပုံစံမျိုးနှင့် သီချင်းရဲ့မြူးကြွသော တေးသွားအတိုင်း ခေါင်းလေး တဆတ်ဆတ်လှုပ်ကာ စည်းချက်လိုက်ရင်း ခပ်တိုးတိုး လိုက်ညည်းလိုက်သည်။

နက်ရှိုင်း ရုမှဒ်ကိုယူ၍ လှမ်းပိတ်လိုက်သည်။

"နက်ရှိုင်း နင် ဘာဖြစ်လို့ ငါ့ကို ရန်လာစနေတာလဲ၊ ဒီလိုအချိန်မှာ နင့်ရဲ့မယားငယ်မ လာရင် နင်တို့ ချစ်နှလုံးထဖို့ အကောင်းဆုံး ပြင်ဆင်ထားရမှာမဟုတ်လား။ ငါ့ကို စိတ်အနှောင့်အယှက်လာပေးဖို့ အချိန်ရသေးလို့လား"

ရဲရဲ စိတ်အချဉ်ပေါက်သထက် ပေါက်လာသဖြင့် လှုရှိုင်းတစ်ကောင် လှယှတ်မာတစ်ကောင်ကို ကြည့်သလို အကြည့်မျိုးနှင့် ခပ်နှိမ်





နှိမ် ကြည့်၍ မေးလိုက်၏။

"မရဘူး လုံးဝမရဘူး အခု ငါ့ကောင်မလေး လာနေပြီ၊ ဒီလမ်းထိပ်တောင် ရောက်နေပြီ၊ ဒီတော့ နင့်ရဲ့သီချင်းသံကို ပိတ်ပစ်ဖို့ အရင်ဆုံး လိုအပ်လာပြီ၊ ပြီးရင် ငါနဲ့ ငါ့လေဒီ ထမင်းစားသောက်ပြီး အေးအေးဆေးဆေး အနားယူဖို့အတွက် ဒီအခန်းကိုသုံးမယ်၊ ဒါကြောင့် နင် ဒီအခန်းထဲက ရှောင်ပေးပါ"

"ဘာ"

ရဲရဲ ဒေါသတကြီးဖြင့် ဝုန်းခနဲ ထရပ်လိုက်သည်။

ဘာဟူသော အသံကြီးက ထင်ထားတာထက် ပိုကျယ်သွား၍ နက်ရှိုင်း နောက်ကို ခြေတစ်လှမ်းဆုတ်လိုက်ပြီး

"ဖြည်းဖြည်း ဘာစမ်းပါ၊ သရဲဘီလူးစီးတဲ့အသံကြီးနဲ့ နည်းနည်းမှကို ကျက်သရေမရှိဘူး"

ခါ့ခထောက်၍ ခပ်အေးအေး ပြောလိုက်သော နက်ရှိုင်း၏ပုံစံဏ အစိမ်းလိုက်ဝါးစားပစ်ချင်စရာ။

"ဒီအခန်းထဲမှာ နင်နဲ့နင့်ကောင်မ ဝင်ပြီး လူးကြဦးမယ် ဟုတ်လား နင် ပါးကျိုးသွားချင်သလား"

ရဲရဲ လက်ဝါးထောင်ပြကာ ခပ်ရင့်ရင့် ပြောလိုက်၏။

"ငါ့ပါးကို ကျိုးအောင်ရိုက်ရင် ငါကလည်း နင့်သွားတွေကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆေးကနေ ကျုံပြီးထွက်သွားအောင် ထိုးလိုက်မှာပေါ့ဟ"

နက်ရှိုင်းကလည်း မခံ။ လက်သီးတရွယ်ရွယ်နှင့် ပြန်ပြော၏

"ထိုးကြည့်လိုက်လေ ငါက ငြိမ်ခံနေမယ်များ မှတ်နေလား။

ဒါနဲ့ နေစမ်းပါဦး။ နင်နဲ့ နင့်ကောင်မ ပလူးတာ အများသုံးတည်းခိုခန်း

တွေမှာ သွားပလူးကြလည်း ရရဲ့သားနဲ့ ဘာဖြစ်လို့ ဒီအခန်းကိုမှ ရွေး

တာလဲ၊ ဘာလဲ နင်က ငါ့ကို တမင်ဖွဲ့တာလား"

"နင် ထင်ချင်သလို ထင်၊ အေး နင် ဖယ်မပေးဘူးဆိုရင်တော့

ငါနဲ့ ငါ့လေဒီဇာတ်လမ်းကို နင် မနာလိုလို့ ဒီအခန်းထဲက ဖယ်မပေး

ဘူးလို့ပဲ ယူဆလိုက်တော့မယ်လေ"

နက်ရှိုင်း၏စကားများက ရဲရဲ၏စိတ်ကို ဒေါသမထွက်ထွက်

အောင် လာဆွနေမှန်း သိသာ၏။

"ကောင်းပြီလေ၊ နင့်ဘက်က အရှက်သိက္ခာတွေကို မထော

ဘဲ အာသာငမ်းငမ်း ဖြစ်နေမှတော့ ငါ ဖယ်ပေးရမှာပေါ့၊ ဒါနဲ့ နင်

မယားငယ်မကာ ဒီမှာ အိပ်မှာလား"

ချက်ချင်း ကောက်ကာငင်ကာ သွေးအေးသွားသော ရဲရဲ၏

အမူအရာကြောင့် နက်ရှိုင်း အံ့ဩသွားရ၏။

"နင် ဘာလုပ်မလို့လဲ"

"မင်းညီကို ညေ့်စာရင်းတိုင်ခိုင်းဖို့ မမေ့နဲ့လို့ သတိပေးမယ်





တော် ညေ့်စာရင်းလာစစ်ရင် နင့်ကောင်မ ပြည့်တန်ဆာမှုနဲ့ ဂျေးထဲ

ထင်နေရမှာစိုးလို့ပေါ့ ရှင်းပြီလား"

"ဩော် ဟော် ဒါကြောင့် သတိပေးတယ်ပေါ့ သင့်ခယူ"

"ငါက ဒီနေ့ည နွေးအိတ်တို့အိမ်မှာသွား အိပ်မယ်"

"တကယ် ဟာ နင်က ထင်ထားတာထက်ပိုပြီး စိတ်ကောင်း

ရှိတာပဲ၊ နင် ဘယ်အချိန်သွားမလဲ၊ ငါ လိုက်ပို့ပေးမယ်"

"ခုတော့ မသွားသေးပါဘူး။ နင်နဲ့ နင့်ကောင်မ ကြူနေကြတာ

ကို မမြင်တဲ့ပုံစံနဲ့ ဒီမှာနေပေးရဦးမှာပေါ့"

"အိုကေ ဒါဆိုရင်လည်း နင့်သဘော အစကတည်းက အဲဒီလို

ပြေပြေလည်လည် ညှိနှိုင်းလိုက်ရမှာ၊ အလကား လေကိုကုန်အောင်

ငြင်းလိုက်ရတယ်"

ကျေနပ်စွာ ပြုံးရွှင်ရယ်မောကာ ကျေးဇူးတင်စကားဆိုပြီး ထွက်

သွားသော နက်ရှိုင်းကို ကြည့်လိုက်ပြီး ရဲရဲ ခပ်မိန့်မိန့်လေး ပြုံးလိုက်၏။

တအောင့်ကြာတော့ မြို့ကြီးထဲကို တက္ကစီတစ်စီး မောင်းဝင်လာ

သည်ကို ပြတင်းပေါက်လိုက်ကာတွေကြားမှ ချောင်းကြည့်ရင်း မြင်လိုက်ရ၏။

ကားပေါ်မှ ခပ်လန်းလန်း ကောင်မလေးတစ်ယောက် ဆင်းလာ

သည်။ ပုံစံကတော့ ဘာမထီတဲ့ပုံစံပဲဟု တစ်ကိုယ်တည်း ခပ်တိတ်တိတ်

ဆန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ ခုတင်နားရှိ မှန်တင်ခုံရှိရာသို့ ပြန်လျှောက်လာလိုက် အံဆွဲထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။

ဖုန်းခလုပ်ကလေးတွေကို ခပ်ဖြည်းဖြည်း နှိပ်ကာ နားမှာ လိုက်ပြီး နံရံမှ နာရီကို ဝေ့ခနဲ တစ်ချက်ကြည့်လိုက်၏။

ဒီအချိန်ဆို ယောက္ခမကြီး အိမ်မှာရှိလောက်၏။

ဒီတော့ သူတို့သားရဲ့ဖောက်ပြန်ရေး ဇာတ်လမ်းကို မျက် ထင်ထင် မြင်တွေ့ရအောင် ခေါ်ပြလိုက်ဦးမှ။

"ဟဲလို မာမီ အဟင့် ဟင့် ဟင့် ရဲ ရဲ မခံစားနိုင်တော့ မာမီရယ်"

ရဲရဲ့ တမင် ဝမ်းနည်းကြေကွဲသော အသံတုကို ဖန်တီးလို သည်။ တစ်ဖက်မှ ယောက္ခမကြီး ကြွေသွားအောင်ပေါ့။

"..."

"ရဲ ရဲလေး ဝမ်းနည်းလွန်းလို့ ဘယ်ကစပြီး ပြောရမှန်းတော မသိတော့ပါဘူး မာမီရယ်၊ အဟင့် ဟင့် ဟင့် ဖြစ်နိုင်ရင် မာမီ အိမ်ကိုလာခဲ့ပါလား"

"..."

"ဟုတ် ဟုတ်ကဲ့ မာမီ ဟုတ်"

ရဲရဲ ဖုန်းခလုပ်လေးကိုပိတ်ပြီး မျက်ဝန်းကို ဆေးပ





ရည်းငယ်ယူပြီး တို့ထားလိုက်သည်။

ဒါမှ မျက်ရည်ကျမှာလေ။ ဒီလို အကူပစ္စည်း မသုံးလျှင် ယောက္ခမရှေ့မှာ ဘယ်လိုမှ သရုပ်ပါအောင် ဟန်ဆောင်ပြနိုင်မှာ မဟုတ်

နာရီဝက်ခန့်ကြာတော့ ယောက္ခမကြီး အထိတ်တလန့်ဟန်နှင့် ရောက်လာသည်။

ထိုအချိန်တွင် ရဲရဲက ခြံထဲတွင် အားငယ်ဟန်အပြည့်နှင့် ငိုင်ဝင်းဝင်းလေး ထိုင်နေပြလိုက်၏။

ယောက္ခမကြီး ကားပေါ်မှဆင်းလာတော့ အိမ်ထဲကို တန်းမဝင် သဘဲ ရဲရဲ ထိုင်နေရာသို့ လက်ပွေ့အိတ်ကြီး တကားကားဖြင့် ခပ် သောလော လျှောက်လာ၏။

"သမီး ရဲရဲ ဘာဖြစ်ကြလို့လဲ၊ မာမီ့ကိုပြောစမ်း၊ အခု သားနက် ”

ရဲရဲ ယောက္ခမ ရင်ခွင်ထဲ အားကိုးတကြီးဖြင့် ပြေးဝင်ဖက်တွယ် ငိုရှိုက်လိုက်၏။

"နက်ရှိုင်း သိပ်ရက်စက်တယ် မာမီရယ်"

"ဒီကောင် သမီးရဲ့ကို ဘာတွေ ရက်စက်လဲ မာမီ့ကိုပြောစမ်း၊ မီ သူ့ကိုကောင်းကောင်း ဆုံးမပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကြီးထံမှ စိုးရိမ်သံရော ဒေါသသံရော ထွက်လာသ...
,ရဲရဲ စိတ်ထဲ ကြိတ်ပြုံးလိုက်ကာ

"သူ့ ခုချိန်လောက်ဆို အိပ်ခန်းထဲမှာရှိတယ် မာမီရဲ့၊ ...
ရဲတော့ 'မလိုက်ချင်ဘူး၊ အဲဒီ မြင်ကွင်းကြီးကို ရဲ မြင်လိုက်ရရင် ...
အသည်းတွေ တစ်စစီ ပြုတ်ထွက်ကုန်လိမ့်မယ်"

ရဲရဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငို...
နေဟန် ပြုလိုက်၏။

မျက်ဝန်းတစ်စုံလုံး လက်ဝါးဖြင့် အုပ်ကာ ရှိုက်ကြီးတ...
ကြွေးနေဟန်ပြုလိုက်၏။

မျက်ဝန်းတစ်စုံလုံး ဆေးပရုပ်ဆီဒဏ်ကြောင့် နီရဲတွ...
ပူလောင်ကျိန်းစပ်နေရ၏။

ယောက္ခမဖြစ်သူ အိမ်ထဲသို့ ဒေါသခြေလှမ်းတွေဖြင့် အိ...
ဝင်သွား၏။ ရဲရဲ လျှာလေးတစ်လစ်ထုတ်ကာ ဒန့်တစ်ချက် နှ...
ကကာ ခုန်ဆွခုန်ဆွလေးဖြစ်ကာ ကျန်ခဲ့၏။

နင်က ငါ့ရင်ကို ပူလောင်စေချင်တာ အခု နင် ကိုယ်...
အရင် ပူလောင်ရတော့မယ် မဟုတ်လား။ နင် ဘယ်လိုပုံစံနဲ့ရှ...
ငါ စောင့်ကြည့်မယ် နက်ရှိုင်း။

■ ■ ■



## အခန်း (၁၂)

ဒေါ်ကြည်သာရှိုင်း အခန်းတံခါးကို ခပ်သာသာလေး ခေါက်...
...က်သည်။

သိပ်မကြာလိုက် တံခါးချပ်ကလေး ဖျတ်ခနဲ ပွင့်လာ၏။

"ဟင် မာမီ"

နက်ရှိုင်း မိခင်ကို မြင်လိုက်သည်နှင့် နက်ရှိုင်း မျက်နှာမှာ ...
...သိသာသာကြီး ပျက်ယွင်းသွားရ၏။

ဒေါ်ကြည်သာရှိုင်း သားဖြစ်သူကိုကြည့်ပြီး အခန်းတွင်းရှိ ဆိုဖာ ...
...ပေါ်တွင် ထိုင်နေသော ကောင်မလေးတစ်ယောက်ကို မထင်မှတ်ဘဲ ...
...တွေ့သွား၍ မျက်ဝန်းအစုံ မီးဝင်းဝင်းတောက်သွားရ၏။

"ဒါက ဘယ်လိုဖြစ်နေကြတာလဲ နက်ရှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်သာရှိန်း အသံက ဒေါသကြောင့် မာထန်ပြ
သောက်နေ၏

"ဟို မာဗီ သူ သူက"

"တော်စမ်း ဒီမြင်ကွင်းကိုမြင်တာနဲ့ ငါ သဘောပေါက်တယ်"

ဒေါ်ကြည်သာရှိန်း အခန်းဝတွင် ရပ်နေသော နက်ရှိန်း
ခပ်ဆောင့်ဆောင့်လေး တွန်းလိုက်ကာ ဆိုဖာခုံပေါ်တွင် ကြက်ကြက်
ထိုင်နေသော ကောင်မလေးဆီသို့ ခပ်တင်းတင်း လျှောက်သွားလိုက်

"မင်းက ဘယ်လို အတန်းအစားလဲ မိန်းကလေး"

ဤသို့ပင် ခပ်တင်းတင်း ခပ်ပြတ်ပြတ် ဒွဲမေးလိုက်သည်။

"ရှင်"

ထိုကောင်မလေး မျက်ဝန်းဝိုင်းလေးဖြင့် ဒေါ်ကြည်သာရှိန်း
မဝံ့မရဲ မော့ကြည့်ပြီး ရှင်ဟု ထူးလိုက်၏။

"မာဗီ ဒါ သားမိတ်ဆွေပါ"

နက်ရှိန်း အခြေအနေကို ဝင်ထိန်းလိုက်သည့် သဘော
ထိုကောင်မ[illegible]ကိမှ ကာကွယ်ပေး၏။

"ဘာ မင်းရဲ့မိတ်ဆွေ ဟုတ်လား။ မင်းရဲ့မိတ်ဆွေက သူမ
လင်မယားအခန်းထဲထိ မျက်နှာပြောင်တိုက်ပြီး ဝင်ရဲလောက်အော
ရဲတင်းလွန်းပြီး အဆင့်အတန်း နိမ့်မနေဘူးလား နက်ရှိန်း"





တစ်ဆက်တည်းမှာပင် ထိုမိန်းကလေးဘက် လှည့်ကာ

"ဒီမှာ မိန်းကလေး မင်းတို့လို အတန်းအစားမျိုးတွေရှိနေလို့
သာကကြီးထဲက ယောကျ်ားတော်တော်များများ ဖောက်ပြန်ကုန်ကြတာ

ထိုမိန်းကလေး ကြောက်ကြောက်လန့်လန့်ဖြင့် ထိုင်ရာမှ ထရပ်

သူမ နှုတ်ဖျားမှ အကြောင်းပြချက်ပေးနိုင်သော စကားလုံး
လုံးမှ ထွက်ကျမလာ။

"ငါ့သားမှာ မိန်းမရှိတယ်ကွ၊ ခုချက်ချင်း မင်းကို လင်ခိုးမှု
နက်ကျူးလွန်မှုနှစ်ခုပူးတွဲပြီး အမှုဖွင့်လို့ရတယ် နားလည်လား"

"မာမီ ကျွန်တော် တောင်းပန်ပါတယ်၊ သူ့ကို ဒီလောက်ထိ
ယ်မရာမပြောပါနဲ့ မာမီ၊ ကျွန်တော် အိမ်လည်ခေါ်လို့ သူ လာရတာပါ၊
တွေအားလုံး ကျွန်တော့်အပြစ်တွေပါ"

"အေး မင်းလည်း အတူတူပဲ၊ မင်းက ငါကိုယ်တိုင် မွေးထား
သားဖြစ်နေလို့ ကံကောင်းသွားတယ် မှတ်၊ ငါသာ ယောက္ခမဆိုရင်
သမီးအတွက် မခံမရပ်နိုင်ဖြစ်ပြီး မင်းကို အမျိုးသမီးရေးရာကို တိုင်
အမှုဖွင့်ပြီးလိုက်ပြီ"

"ဟာ မာမီရာ မာမီ ပြောတာတွေက လိုတာထက် ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြီးနေပြီ”

နက်ရှိုင်း စိတ်ပျက်စွာဖြင့် ခေါင်းကိုစုံကုတ်ကာ ခပ်ညည်း ညည်းဆိုလိုက်၏။

ရဲရဲ အခန်းထဲကို သွေးအေးလွန်းသော ခြေလှမ်းတွေဖြင့် ဝ လာသည်။ သားအမိတွေ၏ အခြေအတင်ပွဲကို ဖိမ်ရှိရှိဖြင့် နံရံကို ကျေ မှီပြီး လက်ကလေးပိုက်လျက် ရပ်ကြည့်နေလိုက်၏။

ဒီလိုမြင်ကွင်းမျိုးက အားဆေးတစ်လုံး သောက်ရတာထက် ပို၍ အင်အားကို ဖြစ်ထွန်းစေ၏။

နက်ရှိုင်း ရဲရဲကို မကျေမနပ်ဖြင့် ဘုကြည့်ကြည့်လိုက်သည် ရဲရဲ နက်ရှိုင်းအား မခို့တရို့ဟန်နှင့် ပခုံးကို ဆတ်ခနဲ တွန့်ပြသည်။

သူ့ကြောင့် မာမီ ရောက်လာတာ မဟုတ်ဘူး။ သူနဲ့ ဘာမှမဆိ ဘူး ဆိုသည့် ဟန်မျိုးဖြစ်သည်။

နက်ရှိုင်း၏အကြည့်တွေက မီးကျည်ခဲလို ရဲရဲနေ၏။ မာမီ နေလို့သာပေါ့။ မာမီသာ အနားမှာ မရှိလို့ကတော့ မျက်ခွက်ကို လက်သီ နှင့် အကြိမ်တစ်ရာလောက် ပစ်သွင်းပြီး နင် အကွက်ရွှေ့တာ သိတယ်ဟု ကျိန်းသေပြောမိမှာ။

ခုတော့ ဒေါသတွေကို မျိုသိပ်ထားရလို့ ရင်ဘတ်အစုံက နိ ချည်မြင့်ချည် ဖြစ်နေ၏။





ဝါဝါနိုင်ကိုလည်း ဘယ်လိုတောင်းပန်ရမှန်းပင် မသိတော့။ သူ့ခမျာ ပြောသမျှကို တစ်လုံးတစ်ပါဒ ပြန်မချေပဘဲ ခေါင်းငုံ့လည်စင်း ပြီး ငြိမ်ခံနေ၏။ ဘယ်လောက် အားနာစရာကောင်းလိုက်သလဲ။

အဲဒီအတွက် နင် ကောင်းကောင်းကြီး ပျော်ရွှင်ကျေနပ်နေတယ် မဟုတ်လား။ သူများကို ချောက်တွန်းလိုက်ရလို့လေ။

ငါကတော့ နင့်ကို လုံးဝမကျေနပ်ဘူး။

“မင်း မဆိုင်တဲ့လူကို ဘာဖြစ်လို့ ဘုကြည့်ကြည့်နေရတာလဲ နက်ရှိုင်း၊ မင်းရဲ့အောက်တန်းကျတဲ့လုပ်ရပ်ကို ငါ့ခွေးမ ရဲရဲအပေါ် ပုံချ လေလို့လား”

ရဲရဲအား မကျေနပ်သောအကြည့်ဖြင့် ခပ်စူးစူး စိုက်ကြည့်နေရာ မှ မာမီရဲ့ အပြစ်တင်သံကြောင့် တင်းမာနေတဲ့ မျက်နှာကြောကို အနည်း ငယ် လျှော့လိုက်၏။

“ဟေ့ မိန်းကလေး မင်းကရော ဘာဖြစ်လို့ ဒီနေရာမှာ ဆက် ပြီး ရပ်နေသေးတာလဲ၊ မင်းမှာ အရှက်တရား မရှိဘူးလား”

အလိုက်မသိတတ်လွန်းစွာဖြင့် ပေကပ်ပြီး ရပ်နေသော ထို မိန်းကလေးကို ဒေါ်ကြည်သာရှိုင်း မမြင်ချင်တော့။

“ဒီမှာ အန်တီ အန်တီ့မှာ သမီးမရှိတိုင်း ကိုယ်ချင်းမစာတဲ့ စကားတွေ မပြောပါနဲ့၊ ကျွန်မကလည်း သူများလင်မယားကြားထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလို မျက်နှာပြောင်တိုက်ပြီး လာရဲလိမ့်မယ်လို့ ထင်နေလား။ အန်တီ့သားက ကျွန်မကို အငှားရည်းစားအဖြစ် ငွေပေးပြီး ငှားထားတာ"

"ဘာကွဲ့"

ထိုမိန်းကလေးပါစကားကြောင့် ဒေါ်ကြည်သာရှိန်းရော ရဲရဲပါ အံ့ဩသွားရကာ ဘာပြန်ပြောရမှန်းပင် မသိအောင် နှုတ်တွေ ဆွံ့အနေကြ၏။

ထိုမိန်းကလေးပုံစံက လုံးဝသည်းမခံနိုင်တော့၍ လျှို့ဝှက်ချက်ကို မဖြစ်မနေ ထုတ်ပြောလိုက်ရခြင်း ဖြစ်ပုံရ၏။

ထို့နောက် နက်ရှိုင်းဘက်သို့ ခပ်ရွံ့ရွံ့ မျက်နှာအမူအရာနှင့် ဆံပင်များ ဝဲခါသွားအောင် ဆတ်ခနဲ လှည့်လိုက်ပြီး

"ဒီမှာ နက်ရှိုင်း ယူ ငှားရမ်းထားတဲ့အလုပ်ချိန်အတွင်းမှာ ဒီလိုမျိုး သူများအပြောကို ပိုးစိုးပက်စက် ခံရမယ့်အစီအစဉ် မပါဘူးနော်၊ အဲဒီအတွက် သတ်မှတ်ထားတဲ့နှုန်းထက် ပိုပေးရမယ်၊ ကဲ တို့သွားပြီ နောက်မှ ဖုန်းထပ်ဆက်လိုက်မယ်"

ထိုကောင်မလေး ပြောပြောဆိုဆိုနှင့် အခန်းထဲမှ ချာခနဲ လှည့်ထွက်သွား၏။

နက်ရှိုင်း မျက်နှာမှာ ဖီးကင်းသာသာလောက်သာ ရှိတော့၏။ ရဲရဲ မအောင့်မအည်းနိုင်စွာဖြင့် တခိုးခိုး တခစ်ခစ် ရယ်လိုက်





သည်။

ယောက္ခမကြီး ဒေါ်ကြည်သာရှိန်းမှာလည်း ချွေးမနှင့်သားဖြစ်သူတို့ကြည့်ပြီး ငိုရမလို ရယ်မလိုနှင့် အူကြောင်ကြောင်ကြီးကို ဖြစ်လို့ပေါ့။

နက်ရှိုင်းရယ် အတော့်ကို ရှိုးတာပဲကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မှုန်နောက်ရီဝေနေသော ဝေဒနာတစ်ရပ်ကြောင့် ရဲရဲ ခုတင်ပေါ် ခပ်သာသာလေး လှဲအိပ်နေလိုက်၏။

ရင်ဘတ်ထဲမှာ တလှပ်လှပ်ဖြစ် ပျို့အန်ချင်သောစိတ်တွေကသာ စက္ကန့်မလပ် ဖြစ်ပေါ်၍နေ၏။

နက်ရှိုင်းနှင့်လက်ထပ်ပြီးကတည်းက စိတ်တွေ ဒေါင်ဒေါင်မြည်အောင် ကျန်းမာနေခဲ့တာ ခုကျမှ ဖြုန်းစားကြီး ကောက်ကာငင်ကာ ထဖြစ်လာတော့ တော်တော်လေးကို ခံရခက်၍နေ၏။

လူက ဘယ်လိုမှ အောင့်အည်းမနေနိုင်တော့သဖြင့် ရေချိုးခန်းဆီသို့ ကပျာကယာ ထလာပြီး ဘေဇင်ထဲသို့ လက်ထိုးပြီး အန်ချလိုက်သည်။

လေတွေချည်းပဲ အန်နေသဖြင့် ဝေဒနာက လျော့မသွား





ကြာတော့ လူက အန်ရလွန်းလို့ အားအင်ကုန်ခမ်းကာ နုံးချိ၍သွားသည်။

ဒယီးဒယိုင်ဖြင့် ရေချိုးခန်းထဲမှ ပြန်ထွက်လာ၏။ အခန်းထဲရောက်တော့ လေကောင်းလေသန့် ရှူရှိုက်လိုက်လျှင် သက်သာလို သက်သာငြားဖြင့် ပြတင်းပေါက်ဆီသို့ အားမရှိသောခြေလှမ်းတွေဖြင့် ခပ်ယဲ့ယဲ့ လျှောက်သွားလိုက်သည်။

ပြတင်းပေါက်ကိုမှီပြီး အသာလေးရပ်နေလိုက်၏။ လေပြည်က သုတ်ခနဲ တစ်ချက်ဝှေ့လာသဖြင့် ဆံနွယ်တချို့ လှုပ်ခတ်သွား၏။

တရိပ်ရိပ်မူးနေသော ဝေဒနာကတော့ ရင်ထဲက တလှပ်လှပ် ခံစားနေရသော ခံစားမှုကို ပို၍တိုးစေသည်။

ခြံထဲတွင် နှင်းဆီပင်တွေ ရေလောင်းနေသော မင်းညိုကိုတွေ့တော့ အနည်းငယ် အားတက်သွားကာ

"မင်းညို"

အသံက တိုးလျှနေ၏။ နားပါးသော မင်းညိုက ဖျတ်ခနဲ လှည့်ကြည့်ပြီး လက်ထဲမှ ရေပန်းခရားကို မြက်ခင်းပေါ်ချပြီး ရဲရဲ ရပ်နေသော ပြတင်းပေါက်နားသို့ ခပ်သုတ်သုတ်လျှောက်လာ၏။

"ဘာခိုင်းမလို့လဲ မရဲရဲနီထွေး"

"ကျွန်မ ခေါင်းတွေ တရိပ်ရိပ်မူးနေတယ် မင်းညို"

"ဗျာ ဟုတ်လား။ ဒါဆို ကျွန်တော် ဆရာဝန်သွားပင့်ပေးရမ



www.burmeseclassic.com

www.burmeseclassic.com



လား"

မင်းညို စိုးရိမ်စိတ်ဖြင့် ပျာပျာသလဲ ဖြစ်သွား၏။

"ဆရာဝန် ပင့်ရအောင် ဒီနားမှာ ဆေးခန်းမှ မရှိတာ၊ ကျွန်မ တို့မိသားစုဆရာဝန် အန်တီမြဆီကိုပဲ ဖုန်းဆက်ပေး။ ရဲရဲ အရမ်းမူးနေ လို့လို့ပြော"

"ဟုတ် ဟုတ်ကဲ့ ကျွန်တော် ခုပဲ သွားဆက်လိုက်ပါမယ်"

မင်းညို ခပ်သုတ်သုတ် ထွက်သွားပြီးကာမှ

"ဪ ဖုန်းနံပါတ် ဘယ်လောက်လဲ၊ ကျွန်တော် ဖုန်းနံပါတ် မသိဘူး"

"စားပွဲပေါ်က ဖုန်းစာအုပ်ထဲမှာရှိတယ်၊ ဒေါက်တာ ဒေါ်မြမြ မောင်လို့ ရေးထားတယ်"

"ဪ အင်း ဟုတ်ပြီ ဟုတ်ပြီ"

ခေါင်းတညိတ်ညိတ်လုပ်ကာ ရဲရဲရှေ့မှ ပြန်ထွက်သွား၏။ ရဲရဲ ခုတင်ရှိရာသို့ ပြန်လျှောက်လာပြီး ပြန်လှဲနေလိုက်၏။

"ဒေါက် ဒေါက် ဒေါက်"

"ဝင်ခဲ့"

မင်းညို တံခါးကိုအသာတွန်းဖွင့်ပြီး အခန်းထဲသို့ ခပ်ရိုရို ဝင်လာ၏။





"ဆက်ပြီးပြီလား"

"ဟုတ်ကဲ့ ဆက်ပြီးပါပြီ၊ ဒေါက်တာက ခုပဲ ထွက်လာမယ်လို့ ပြောပါတယ်"

"အင်း ဒါဆို အန်တီမြလာရင် ဧည့်ခံဖို့ ကော်ဖီတွေ မုန့်တွေ အဆင်သင့် ပြင်ထားဦးနော်"

"ဟုတ်ကဲ့ပါ ဪ ဒါနဲ့ ဒီမနက် မရဲရဲနီတွေး ဘာများစားချင် စိတ်ရှိလဲ၊ ကျွန်တော် ဘာဟင်းစီစဉ်ပေးရမလဲ၊ နေသိပ်မကောင်းဘူးဆိုရင် ကြက်စွပ်ပြုတ်လေး စီစဉ်ပေးရမလား"

"ဟင့်အင်း ဘာမှမစားချင်ဘူး ရတယ်၊ အန်တီမြ လာရင် သူ ဆေးထိုးပေးသွားမှာပါ၊ သက်သာသွားလိမ့်မယ်"

"ဟုတ်ကဲ့ ဒါဆို ကျွန်တော် လုပ်စရာရှိတာ ဆက်လုပ်လိုက်ပါ ဦးမယ်"

မင်းညို အခန်းထဲမှ ပြန်ထွက်သွား၏။

ရဲရဲ ခေါင်းအုံးအောက်မှ ရှူဆေးဘူးကို နှိုက်ယူလိုက်ပြီး နှာသီး ဝမှာတေ့ကာ ခပ်ပြင်းပြင်း ရှူရှိုက်လိုက်၏။

ပူရှိန်းသော အထိအတွေ့နှင့် အနံ့က နှာသီးဝသို့ အရှိန်ပြင်း ပြင်း တိုးဝင်သွား၏။

ရဲရဲ နာရီကို လှမ်းကြည့်လိုက်သည်။ မနက် ဆယ်နာရီပင်



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေပြီ။

မနေ့က သူ့အငှားရည်းစားနဲ့ အိမ်မှာတွေ့ကြသည့်ကိစ္စကို ရဲရဲက သူ့အမေကို ဖုန်းဆက်တိုင်ရမလားဆိုပြီး ညက စကားများကြပြီး ကားနှင့်အပြင်ကိုထွက်သွားတာ ခုချိန်ထိကို ပြန်မလာ။ ရဲရဲကလည်း အငှားရည်းစားကို ငွေပေးပြီး ရဲရဲ မနာလိုဖြစ်အောင် တမင်ကလိတာ ဆိုရင်တော့ ယောက္ခမကြီးကို ဖုန်းဆက်ပြီး ဘယ်ခေါ်မလဲ။

သူ အဆူခံရတာ ရဲရဲကြောင့်ဆိုပြီး မကျေမချမ်းတွေဖြစ်နေ၏။ ရဲရဲ မမှားပေမယ့်လည်း သူ့ကို တုယှဉ်ပြီး ဘာမှပြန်ပြောချင်စိတ်မရှိတော့။

ဒါကို သူက အခွင့်အရေးယူပြီး ဝုန်းဒိုင်းတွေကြဲပြနေလေတော့ ရဲရဲ၏ဒေါသတွေကလည်း ဘယ်ငြိမ်ခံတော့မလဲ။ ဒီတော့ သူတင်း ကိုယ်တင်း ဖြစ်ကြတာပေါ့။

"ဒေါက် ဒေါက် ဒေါက်"

"ဝင်ခဲ့ပါ"

အတွေးတွေက တံခါးခေါက်သံကြောင့် ပြတ်တောက်သွားသည်။ ဒေါက်တာ ဒေါ်မြမြမောင် အခန်းထဲကို ဝင်လာ၏။

"အမြဲတမ်း ဒေါင်ဒေါင်မြည်နေတဲ့ အန်တီမြတို့ရဲရဲလေး ခုတော့ နေမကောင်းဖြစ်နေပြီပေါ့"

အန်တီမြ ပြောပြောဆိုဆိုနှင့် ရဲရဲ လှဲအိပ်နေသော ခုတင်ပေါ်





ထွင် ထိုင်လိုက်၏။

"ရဲ ခေါင်းတွေ မထူနိုင်အောင်မူးပြီး ခဏ ခဏ အန်နေလို့ အန်တီမြရဲ့"

ရဲရဲ ရွတ်ပြသော ရောဂါတွေကြောင့် အန်တီမြ ပြုံးလိုက်ပြီး ဆေးသေတ္တာထဲမှ နားကြပ်ကို ထုတ်ယူလိုက်၏။

"မူးတာ ကြာပြီလား"

"ဒီမနက်မှ မူးတာ အန်တီမြရဲ့"

"ဘာစားပြီးပြီလဲ"

အန်တီမြ နားကြပ်ကလေးဖြင့် ရင်ဘတ်နှင့်ဝမ်းဗိုက်နေရာအနှံ့ ကို စိတ်ရှည်လက်ရှည် စမ်းရင်းမေး၏။

"မနက်က အိပ်ရာနိုးနိုးချင်း ကော်ဖီနှင့်ပေါင်မုန့် ထောပတ် သုပ်စားထားတယ်"

"ရာသီရော ပုံမှန်လာလား"

အန်တီမြ အမေးကြောင့် ရဲရဲ မျက်ဝန်းဝိုင်းလေးဖြင့် ခေါင်းခါ လိုက်၏။

ခေါင်းမူးတာနှင့် ဘာများသက်ဆိုင်နေသလဲဆိုတာ သူ သေချာ သဘောမပေါက်။

အန်တီမြ ခေါင်းတညိတ်ညိတ်လုပ်ရင်း ဝမ်းဗိုက်နေရာတွေကို



www.burmeseclassic.com

www.burmeseclassic.com



အကြာကြီး စမ်းသပ်နေ၏။ အန်တီမြ မျက်နှာပြုံးသွားသည်။

"အန်တီမြ ရဲရဲ ဘာရောဂါဖြစ်တာလဲဟင်၊ သွေးပေါင်ကျ

လား"

"တွေတွေထူးထူး ရောဂါမဟုတ်ပါဘူး။ သွေးပေါင်ချိန်လည်

ပုံမှန်ပဲ၊ ဒီရောဂါမျိုးက အိမ်ထောင်ကျပြီးတဲ့ အမျိုးသမီးတိုင်း ဖြစ်

ဖြစ်ထရှိတဲ့ ရောဂါလက္ခဏာပါ၊ အဟင်း ကမ္ဘာနာပေါ့"

မင်းညို ကော်ဖီနှင့်မုန့်ထည့်ထားသော ဗန်းကိုယူပြီး ခုတင်ဘေး

ရှိ စားပွဲခုံဝိုင်းလေးပေါ် တင်လိုက်သည်။ ပြီးတော့ ရဲရဲကို စိုးရိမ်တ

ဖျတ်ခနဲ ကြည့်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်သွား၏။

"အန်တီမြ ပြီးရင် ကော်ဖီနဲ့မုန့်စားနော်"

"စားရမှာပေါ့၊ ဒီနေ့ ဝမ်းသာစရာ မင်္ဂလာသတင်းထူး

အန်တီမြ အရင်ဆုံးသိရလို့ အဝကို စားသွားဦးမှာ"

"ဘာဝမ်းသာစရာလဲ အန်တီမြရယ်၊ ရဲကို ရှင်းအောင်ပြေ

ပါဦး"

ရဲရဲ အူကြောင်ကြောင်ပုံစံလေးနှင့် အန်တီမြကို မေးလိုက်သည်

"ညည်းလေးရောဂါက ဘာမှမစိုးရိမ်ရပါဘူး ရှင် အဟင်

အဘွားတွေ အဘိုးတွေသိရင် ဝမ်းသာလွန်းလို့ ဆွေ့ဆွေ့ခုန်နေကြ

အမှန်ပဲ"

မိုးမိုး၊ ၀၁၉ပ



အန်တီမြ စကားတွေက လိုရင်းကို မရောက်တော့။

"အန်တီမြ ပြောတာတွေ ရဲတော့ ဘာမှကို နားမလည်တော့

ဘူး"

"နားမလည်လို့ မရဘူး အရင်လို ကလေးဆန်ဆန်လည်းနေ

လို့မရတော့ဘူး။ ညည်းလေးမှာ ကိုယ်ဝန်ရှိနေပြီ"

"ရှင်"

ရဲရဲ လှဲနေရာမှ သွေးပျက်စွာဖြင့် ဝုန်းခနဲ ထထိုင်လိုက်၏။

ထဲသို့ အရှိန်အဟုန်ကြီးသော အရာဝတ္ထုတစ်ခု ဝင်ဆောင့်ခြင်း ခံလိုက်

သလို ရင်ဘတ်တစ်ပြင်လုံး ဒိန်းခနဲ ဆောင့်ခုန်သွားရသည်။ မျက်နှာ

တစ်ပြင်လုံးမှာလည်း အံ့သြမှုတွေကြောင့် သွေးစုပ်ဖြူလျော်သွား၏။

ပထမဆုံး ထိုအံ့သြမှုတွေနှင့်အတူ ရဲရဲ၏အာရုံထဲ ဖျတ်ခနဲ

င်လာသူမှာ မင်းညိုဖြစ်သည်။ ဒီရလဒ်က ရဲရဲ၏မိုက်ရူးရဲဆန်မှုကြောင့်

လာဦးညမှာ မင်းညိုနဲ့အတူတူ မှားခဲ့သော အမှားတစ်ခုကြောင့်ဆို

တာ ဘယ်လိုမှမလွဲနိုင်။

ထိုညက ဘယ်လိုဖြစ်ပျက်ခဲ့သလဲဆိုတာ ရေရေရာရာ ပြန်

သွားလို့မရတော့ပေမယ့် ယခု ရဲရဲ ရင်ဆိုင်နေရသော ကိုယ်ဝန်ပြဿနာ

က မင်းညိုနဲ့ကလွဲပြီး ဘယ်သူဖြစ်ဦးမှာလဲ။

"ခုချိန်ကစပြီး အစားအသောက် အနေအထိုင် ဂရုစိုက်တော့

မိုးမိုး၊ ၀၇၁ပ

www.burmeseclassic.com

www.burmeseclassic.com



မယ်နော် ရဲရဲ၊ ခုလောလောဆယ် အန်တီမြ အားဆေးတစ်လုံးထိုး
ခဲ့မယ်၊ နက်ဖြန် ပြန်လာရင် နှစ်ယောက်တိုင်ပင်ပြီး ရဲရဲဗိုက်ကို အ
အပ်သင့်ရင် အပ်ရတော့မယ်နော်"

"ဟုတ် ဟုတ်ကဲ့ အန်တီမြ"

အန်တီမြ ဆေးသေတ္တာထဲမှ ဆေးပုလင်းသေးသေးလေးတွေ
လိုဖြတ်ကာ ဆေးထိုးအပ်ဖြင့် ဆုပ်ယူလိုက်ပြီး ရဲရဲကို ခပ်ပြုံးပြုံး ကြ
နေ၏။

ရဲရဲ စိတ်မလုံသူလို မျက်ဝန်းတွေကို လွှဲကာ ခေါင်းငုံ့ထား
၏။ အသားဆိုင်ထဲသို့ စူးနစ်ဝင်သွားသော ဆေးထိုးအပ်ရဲ့နာကျ
အရှိန်က ရင်ထဲက နာကျင်ခြင်းအရှိန်တွေကို ဘယ်လိုမှ အံတုနိုင်
မထင်။

ကိုယ့်လုပ်ရပ်မှားသလား မှန်သလားလို့ ပြန်ပြီး မဆန်းစ
ရလောက်အောင် အာရုံတွေက သောကပွေနေလေပြီ။

ခုလောလောဆယ် မရှုနိုင်မကယ်နိုင် ဖြစ်နေသူက ကို
ကိုယ်တိုင်ပဲလေ။

■ ■ ■

စိုး မိုး ၀၁၄၅

## အခန်း (၁၄)

"မရဲရဲနီထွေး ကျွန်တော့်ကို ပြောစရာရှိတယ်ဆို ပြောလေ၊
န်တော် နားထောင်နေတယ်"

တိတ်ဆိတ်ငြိမ်သက်နေတဲ့ ညနေခန်းထဲမှာ ရဲရဲ မင်းညိုကိုရှေ့
ပြီး အကြောင်းအရာတစ်ခုကိုဖွင့်ပြောဖို့ တွန့်ဆုတ်လေးလံနေသည်။
ချိန်အတော်လေးကို ကြာနေပြီဖြစ်သည်။

ထူးခြားနေသော ရဲရဲ၏ မျက်နှာသွင်ပြင်ကို အဓိပ္ပါယ်ဖော်ဖို့
ညို မစွမ်းနိုင်။ သူမ ဘာများပြောလာမလဲဆိုတာကိုပဲ စိတ်စောစွာ
င့်နေမိ၏။

"ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ မင်းညို"

စိုး မိုး ၀၁၄၅

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

မပြောတော့လည်း မပြောလို့ ပြောတော့လည်း ဒွဲကိုပြောချလိုက်သောတာပဲဟု မင်းညို စိတ်ထဲရယ်ချင်စိတ်ဖြင့် တွေးလိုက်၏။

အပြင်ပန်း မျက်နှာအမူအရာကတော့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဟန်ဖြင့်ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ကဲ့ အစ်ကိုသိရင် ဝမ်းသာမှာပဲ"

မင်းညို ဘာပြန်ပြောရမှန်းမသိ၍ ပါးစပ်ထဲတွေ့ကရာပြောလိုက်ခြင်းဖြစ်သည်။

"ဘယ်လို သူကဝမ်းသာမယ် ဟုတ်လား။ အဟင်း ရှင်တော် တော် ရယ်စရာပြောတတ်တဲ့လူပဲ၊ ရှင်နဲ့ရတဲ့ကိုယ်ဝန်ကို သူက ကိုယ်ဝန်ထင်ပြီး ဝမ်းသာအားရ မိုးထိအောင် ထခုန်မယ်လို့ ရှင် ထင်နေသလား"

"ဗျာ"

ဒီတစ်ခါ အကြီးအကျယ် တုန်လှုပ်ရသူက မင်းညိုပင် ဖြစ်သည်။ အံ့ဩမိုပ်တွေ အဆမတန် ပေါင်းစည်းကာ သွေးပျက်ထိတ်လန့်သွားသော မင်းညိုကိုကြည့်ပြီး ရဲရဲ သွေးအေးစွာ ပြုံးလိုက်သည်။

"ရှင် သိပ်အံ့ဩသွားလား မင်းညို၊ အဟင်း ဒီကိုယ်ဝန်က ရှင့်ကိုယ်ဝန်ဆိုပေမယ့် ရှင့်ကို တာဝန်မယူခိုင်းပါဘူး ဟိုကောင်





ပဲ တာဝန်ယူရမှာပါ၊ အခု ရှင့်ကို ပြောပြနေတာကလည်း အသိပေး သက်သက်ပဲ၊ ဘာရည်ရွယ်ချက်မှ မပါဘူးနော်"

"ဒါပေမဲ့ အဓိက တရားခံက ကျွန်တော်ပဲလေ၊ ကျွန်တော့်မှာ ဖြစ်ရှိတာပဲ၊ ဒီအချိန်မှာ မရဲရဲနီတွေးဘက်က ဘယ်လိုတောင်းဆိုမှု ကိုမဆို ကျွန်တော့်အသက်ထက် အလေးအနက်ထားပြီး လိုက်လျော ပါ"

"ဟင့်အင်း မလိုဘူး။ ရွှံ့အိုင်ထဲဆင်းမိမှတော့ ရွှံ့ပေမှာကို သာတွေးပြီး ကြောက်နေရတော့မှာလဲ အဟင်း ကျွန်မမှားမှန်းသိလိုက် မယ့် ဒီမှာတင် ဆက်ရပ်ထားလို့မရတော့ဘူး။ ရှေ့ဆက်တိုးရတော့မှာ လေ၊ ဒီကလေးဟာ နက်ရှိုင်းရဲ့ကလေးလို့ပဲ သူရော သူ့ပတ်ဝန်းကျင် ရာ လက်ခံလာစေရတော့မှာပေါ့"

စိမ်းပြတ်သော စကားကြောင့် မင်းညို မျက်လုံးပြူးသွားသည်။

"ဒါဆို ကျွန်တော်တို့နှစ်ယောက်ရဲ့အဖြစ်မှန်ကို အစ်ကို့ကို ဖွင့် မပြောတော့ဘူးပေါ့"

မငှံမရဲ မေးလိုက်ခြင်း ဖြစ်သည်။

"မလိုဘူး ဒါဟာ ကျွန်မဘဝရဲ့အထူး လျှို့ဝှက်ချက်ပဲ၊ ကျွန်မ ဘို တစ်ချိန်လုံး အနိုင်ယူခဲ့တဲ့ နက်ရှိုင်းကို ကျွန်မက ဒီနည်းနဲ့ အလဲထိုး သောက်ငွေ့ငွေ့ပဲ ကျေနပ်တော့တဲ့အချိန်ကြမှ ဒီကလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကလေးမဟုတ်ဘူးဆိုတာ သိသွားစေရမယ်''

အငြိုးကြီးလွန်းသော ရဲရဲ၏ထိရှသော စကားများက ဓားသွ ထက်ပင်ပို၍ ကြောက်စရာကောင်းလွန်းနေ၏။

''ဒီတော့ ရှင်နဲ့ကျွန်မ ဘာမှမပတ်သက်ခဲ့ဘူးလို့ပဲ သဘောထ ပြီး နပုံစံအတိုင်း ဆက်ပြီး နေထိုင်သွားပါ၊ ကဲ ရှင်သွားလို့ရပြီ''

မင်းညို ရဲရဲ ရှေ့မှာ လေးပင်သော လှုပ်ရှားမှုဖြင့် ထထွက်လာ ခဲ့သည်။

သူတို့နှစ်ယောက်၏ မငြိမ်းချမ်းသော ပဋိပက္ခထဲမှာ ကိုယ်ဟာ အသုံးချခံတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်ခဲ့တာပဲ။

သို့သော် ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်းနှင့် ဘာများ စောဒကတက်ခွင့်ရှိဦးတော့မှာလဲ။

အတွေးတွေနှင့်အတူ ရဲရဲနှင့် စတင်ဆုံတွေ့ခဲ့ရတဲ့ ညတစ်ည၏ အဖြစ်ကို ပြန်ပြီး မြင်ယောင်လာမိ၏။

ထိုနေ့က မနက်မိုးစင်စင်လင်းတော့ မင်းညိုနှင့်ရဲရဲ မင်္ဂလာ ခုတင်ကြီးပေါ်မှာ...။ အမူးလွန်ပြီး ရဲရဲ ခုတင်ပေါ် မင်းညိုပါတက်အိပ် ခဲ့သည်ဟု အပေါ်ယံရှုပ်တွေးခဲ့သည့် ရဲရဲခမျာ အနာဂတ်မှာ ဘာတွေဖြစ် လာမလဲဆိုတာကို နည်းနည်းလေးမှ မရိပ်မိခဲ့။

ထို့ကြောင့် ဒီကိုယ်ဝန်ဟာ မင်းညို၏ကိုယ်ဝန်ဟုသာ သူမ



တစ်ထစ်ချ ယုံကြည်လိုက်ခြင်းပင် ဖြစ်၏။

မင်းညို သက်ပြင်းမောကို လေထုထဲ ခပ်လေးလေး မှုတ်ထုတ် လိုက်သည်။

အားလုံးအတွက် ဒါဟာ တစ်သက်စာ အမှားမဖြစ်ပါစေနှင့်ဟုပဲ ဆုတောင်းရတော့မှာပင်။ လောကကြီးမှာ ကိစ္စတော်တော်များများဟာ အဖြေမရှိကြဘူး။

ဒီကိစ္စမှာတော့ အဖြေက အဆင်သင့်ရှိနေပြီသား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ရဲရဲကို မကျေနပ်သောကြောင့် နက်ရှိုင်း အိမ်မပြန်တာ သုံး လေးရက်ရှိနေပြီ။ စိတ်တွေက အိမ်ကို ပြန်ရောက်သွားတိုင်း ရင်မှာခေါ်သ တွေသာ အလိပ်လိုက်ထွက်လာပြီး တက်တစ်ခေါက်ခေါက်ဖြင့် မကျေ မချမ်းဖြစ်မိတာသာ အဖတ်တင်သည်။

တေးသံစုံတွေနှင့် မြူးကြွနေသော ရောင်စုံဆလိုက်မီးတွေကြား ထဲက လိပ်ပြာမလေးတွေဆီသို့ပင် သူ့အာရုံတွေ မပို့လွှတ်နိုင်။

"မင်း အိမ်ပြန်ဖို့ စိတ်ကူးမရှိတော့ဘူးလား နက်ရှိုင်း"

ဘီယာခွက်ထဲကို ရေခဲတုံးလေးတွေထည့်ရင်း မေးလိုက်သော အောင်ဇော့်အမေးစကားကြောင့် နက်ရှိုင်း အောင်ဇော့်ကို ရှုတည်တည် ပြန်ကြည့်လျက် လက်ထဲမှာ ဘီယာ အနည်းငယ်သာ ကျန်တော့သော





ခွက်ကို စားပွဲခုံပေါ် ဆောင့်ချလိုက်သည်။

ပြီးနောက် လေချဉ်တစ်ချက်တက်ကာ

"အေ့ မင်း ဘာအထာနဲ့မေးတာလဲ ဟေ့ကောင်၊ ငါ မင်းအိမ် မှာနေတာကို မကြိုက်လို့လား"

နက်ရှိုင်း၏ကလေးဆန်သော အမေးကို အောင်ဇော် ဘာမှ ပြန်မပြောဘဲ စိတ်ပျက်စွာ ရယ်လိုက်၏။

"မင်းတော်တော် ကလေးဆန်တဲ့ကောင်ပဲ၊ ငါ မေးတာ မင်း အတွက်ပြောတာကွ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ မင်း ခုလိုထွက်လာတဲ့ ပုံစံက ရဲရဲကို စိတ်ဆိုးလို့ ထွက်လာတဲ့ပုံစံထက် သူ့ခိုးလူမိလို့ ရှက်ရမ်းရမ်းပြီး ထွက်ပြေးလာတဲ့ ကလေးငယ်တစ်ယောက်ရဲ့စတိုင်မျိုး ဖြစ်နေတယ်ကွ၊ အမှန်ဆို မမှုတဲ့ ပုံစံနဲ့ ကိုယ့်အိမ်ကို ပြန်နေရမှာ၊ နောက်ပြီး ညရေးညတာ မိန်းကလေး တစ်ယောက်တည်း။ ရဲရဲစိတ်တွေ ချောက်ချား အားငယ်နေမှာပေါ့"

"ချောက်ချား အားငယ်ရုံမကလို့ တစ်ခါတည်းပဲ အသက်ထွက် ပြီး သေသေ စိတ်မဝင်စားဘူး"

နက်ရှိုင်း စကားရင့်ရင့်တွေသုံးပြီး ဥပေက္ခာပြုဟန်ဖြင့် ဆိုလေ၏။

"အဲဒီလို မပြောနဲ့လေကွာ၊ မချစ်မနှစ်သက်ပေမယ့်လည်း မင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့သူနဲ့က ဥပဒေအရတော့ လင်မယားပဲကွ၊ နောက်ပြီး မင်းနဲ့သူ လက်ထပ်ခါစတုန်းက ငြိမ့်ဖူးတယ်ဆို''

''မင်းကို ဘယ်သူပြောလဲ''

အောင်ဖော် အမေးကြောင့် နှုတ်ခမ်းဝမှာတေ့ပြီး သောက်မည့်ဆဲဆဲ ဘီယာခွက်ကို ဆက်မသောက်ဘဲ စားပွဲခုံပေါ် ပြန်ချရင်း မေးလိုက်၏။

''ဟ မင်းပဲပြောတာလေ၊ မင်း အရက်မူးပြီး ပြန်လာတဲ့ညက သူ့ခုတင်ပေါ် တက်အိပ်တယ်ဆိုတာ သူ သူတောင် မသိဘူးဆို''

''ဟုတ်တယ်လေ အဲဒါနဲ့ပဲ ငါနဲ့သူနဲ့က ငြိစရာလားကွ၊ ဘာမှ မဆိုင်ဘူး ဖော့ကောင်၊ စိတ်ကူးနဲ့တောင် ပုံဖော်ချစ်လို့မရအောင် မေတ္တာက တုံးနေရတဲ့ကြားထဲ''

''အေးပါ မင်းအပြောကြီးနေ၊ အဲဒီလို အပြောကြီးလေ မင်းရင်ထဲမှာ ရဲရဲကို ချစ်နေတဲ့ အချစ်တွေ မင်း မသိလိုက်ပဲ တိတ်တိတ်လေး ခိုဝင်လေပဲ၊ ဒါကြောင့် မင်းရဲ့မသိစိတ်က ရဲရဲကို လက်ထပ်ဖို့ မငြင်းမိတာပေါ့''

''အဲဒါ မှန်းလို့ကွ၊ ငါက သူ့တစ်ဘဝလုံးကို သူ့အနားကနေပြီး စိတ်ဒုက္ခအမျိုးမျိုး ပေးချင်တာ''

နက်ရှိုင်း၏ရင်ထဲမှာလည်း ရဲရဲအပေါ် ထိုမျှလောက်ထိ အငြိုး





ကြီးပါ၏။

''အဲဒါဆို မင်းဘာဖြစ်လို့ အရင်ရည်းစားတွေ ဖြတ်ပစ်လိုက်လဲ၊ မင်းလုပ်ရပ်ကိုက ရှေ့နောက်မညီတာ အဲ့ပြီ လက်ရှိရည်စားတွေကိုကျ တော့ငွေပေးငှားပြီး ရဲရဲစိတ်ကို ကလိတာ အရမ်းကလေးမဆန်လွန်းဘူးလား၊ ဟိုက မင်းထက်လည်း တစ်ကွက်ကြိုမြင်သွားရော မင်းလည်းငုတ် တုတ်မေ့တော့တာပဲ မဟုတ်လား၊ ခုတော့ အိမ်မှာတောင်မနေရဲတော့ဘူး၊ အဟား တကယ့်ကောင်''

''ငါ ဒီညပြန်မယ်''

နက်ရှိုင်း ပြန်မယ်ဆို၍ ဖော်အောင် မျက်နှာရိပ်မျက်နှာကဲ လှမ်းပြီး အကဲခတ်၏၊ သူပြောလိုက်၍ စိတ်ဆိုးပြီးများ ပြန်တာလားဟု သက်သာမကင်းဖြစ်သွား၏။

''ဘာလဲ မင်းကစိတ်ဆိုးဖို့ ပြန်တာလား''

''ကျွတ် မင်းက ငါ့ကို မိန်းမလိုမိန်းမရကောင်များ ထင်နေလား''

''ဒါဆို ကောက်ကာငင်ကာနဲ့ ဘာလို့ပြန်မယ်ပြောလဲ''

နက်ရှိုင်း ပန်းကန်ထဲမှ အာလူးချောင်းတစ်ချပ်ကို ယူကာ ငရုပ်ကာနဲ့မြည်အောင် ကိုက်ဝါးလိုက်ပြီး

''မင်းပြောတာ နည်းလမ်းကျသလိုလိုရှိလို့ဟ၊ ဒါကြောင့်ပြန် မယ်ပြောတာ ရှင်းပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါဆို ငါဆုံးမသွန်သင်ရကျိုးနပ်ပြီပေါ့"

ဆရာကြီးအာထာနှင့်ပြောလိုက်သော ဇော်အောင်ကို နက်ရှိုင်း ခပ်ကြိတ်ကြိတ် ကျိန်ဆဲလိုက်၏။

အမှန်တော့ ကိုယ်ကလည်း ပြန်ချင်နေတာပါ။

ရဲရဲနှင့် ရန်မဖြစ်ရတာ ကြာတော့လည်း ပျင်းသလိုလိုတော့ ရှိသား။

ဒီတော့ အဝင်ကောင်းအောင် နည်းနည်း ပိုသောက်သွားမှ။

■ ■ ■



## အခန်း (၁၆)

ညက အတော်ပင် ညဉ့်နက်နေပြီ။

ကိုယ့်အကြံနှင့်ကိုယ် အိမ်ကို အဝင်ကောင်းရန် အများကြီးပို သောက်ခဲ့မိ၍ ကားတောင် ကိုယ်တိုင်မမောင်းနိုင်ခဲ့။

ဇော်အောင် စိတ်မချ၍ သူ့ကားနှင့်ပင် အိမ်တိုင်ရာရောက် ပြန်လိုက်ပို့ပေး၏။

အိမ်ရှေ့ကို ကားရပ်လိုက်သည်နှင့် အမူးလွန်နေသော နက်ရှိုင်း ကားပေါ်မှ ဒယီးဒယိုင်ဖြင့် ဆင်းလာ၏။

"ဂွတ်နိုက် သူငယ်ချင်း ဂွတ်နိုက်"

"ဂွတ်နိုက် ဂွတ်နိုက် မနက်ကျရင် မြကန်သာမှာ ကားသွားယူ ဦးနော်၊ ငါ ဆိုင်မန်နေဂျာဆီမှာ ကားသော့အပ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ရက်(စ်) ရက်(စ်)"

အမူးလွန်နေသော နက်ရှိုင်း နားထဲကို ဝင်သလား မဝင်သ လား မသိ။ ဇော်အောင်ကတော့ သူပြောချင်ရာတွေ တရစပ်ပြောရင်း ကားစက်ပြန်နှိုးပြီး အိမ်ရှေ့မှ မောင်းထွက်သွား၏။

ဇော်အောင့်ကား မြို့အပြင်ရောက်သွားတော့မှ ဒယီးဒယိုင်ဖြင့် အိမ်ရှေ့တံခါးပေါက်သို့ လျှောက်လာခဲ့၏။

လူခေါ်ဘဲလ်ကို လက်ညှိုးဖြင့် တစ်ချက်ဖိနှိပ်လိုက်သည်။

လူခေါ်ဘဲလ်သံကြောင့် ဧည့်ခန်းတွင်းရှိ ဒရင်းဘတ်ပေါ်တွင် People မဂ္ဂဇင်းဖတ်နေသော ရဲရဲ စာအုပ်ကလေးကို အသာချပြီး တံခါးပေါက်ဆီသို့ လျှောက်လာပြီး ဖွင့်ပေး၏။

မူးနေသော နက်ရှိုင်းကိုမြင်တော့ မျက်နှာကို လိုတာထက်ပို၍ တည်လိုက်ပြီး သူနှင့်ဘာမှမဆိုင်သလိုပုံစံဖြင့် ဒရင်းဘတ်ရှိရာသို့ ခပ် တည်တည်ဖြင့် ပြန်လျှောက်သွားကာ စာအုပ်ဆက်ဖတ်နေလိုက်၏။

နက်ရှိုင်းကလည်း မူး၍သာနေသည်။ ရဲရဲကို တစ်ချက်တောင် လှည့်မကြည့်။

အခန်းထဲကို တန်းဝင်လာခဲ့၏။ ခုတင်ပေါ်ရောက်တာနှင့် လူမှန်း မသိအောင် မူးနေသော သူ့ရဲ့ခန္ဓာကိုယ်ကြီးကို ဝုန်းခနဲ မှောက်လှဲချလိုက် သည်။





ရဲရဲ စာဖတ်တာ မျက်စိညောင်းလာ၍ စာအုပ်ကို စားပွဲပေါ်တင် ထား ပါးစပ်ကို လက်ဝါးဖြင့်ကာပြီး သမ်းဝေလိုက်သည်။

အိပ်ရန်အချိန်တန်လာသဖြင့် အခန်းထဲကို ဝင်ခဲ့လိုက်သည်။

"ဟင်"

ရဲရဲ သူ့ခုတင်ပေါ်တွင် ကန့်လန့်ကြီး အိပ်နေသော နက်ရှိုင်းကို မြင်တော့ စိတ်တိုသွားသည်။

"ကျွတ် ဒီကောင် မူးနေတာ ကိုယ့်ခုတင်ပေါ်ကိုယ်မအိပ်ဘဲ သူများခုတင်ပေါ် လာအိပ်ရတယ်လို့"

တစ်ကိုယ်တည်း ခပ်တိုးတိုး ညည်းညူကာ ခါးထောက်ပြီး ရပ်ကြည့်လိုက်၏။

နက်ရှိုင်းမှာ အမူးအတော်လွန်နေ၍လား ဒါမှမဟုတ် အိပ်ပျော် နေရင်းမှ ယောင်ယမ်းနေတာလား မသိ။

သူ့အင်္ကျီ ကြယ်သီးတွေကို တစ်လုံးချင်း ဖြုတ်နေ၏။ ထို့ပြင် ဘောင်းဘီခါးပတ်ကိုလည်း ဆွဲချွတ်နေသေးပြန်သည်။

တစ်ကိုယ်လုံး ချွေးတွေဖြင့် ရွှဲရွဲနစ်နေသော နက်ရှိုင်း၏ပုံစံက ထကယ့် ယမကာလုလင်တစ်ယောက်လို အော်ဂလီဆန်ချင်စရာ။

ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ကိုယ် ရင်ဆိုင်ကြုံတွေ့ နေရသော အခက်အခဲတစ်ခုကို အလွယ်တကူ ဖြေရှင်းနိုင်မည့်နည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ရဲရဲ အရဲစွန့်ပြီး ရှာဖွေလိုက်၏။

ကံကြမ္မာက ရဲရဲရှေ့သို့ နည်းလမ်းသစ်တစ်ခု ချပေးနေတာ

လား။ သူနှင့်လက်ထပ်ပြီးကတည်းက နက်ရှိုင်း အရက်မူးအောင် သော

လာတာ ဒါပါနဲ့ဆိုလျှင် နှစ်ကြိမ်မကတော့။

အာရုံမှာ ဖျတ်ခနဲ ပေါ်လာသော နည်းလမ်းသစ်တစ်ခု

လက်တွေ့အသုံးချလိုက်ဖို့ စိတ်ကို ဒုံးဒုံးချဆုံးဖြတ်လိုက်၏။

ထို့နောက် အဝတ်ဗီရိုဆီသို့သွား၍ကာ အပါးလွှာဆုံး ကြိုးတ

ချောင်း ညဝတ်အင်္ကျီကို လဲဝတ်လိုက်၏။ ပြီးတာနှင့် နက်ရှိုင်းဘေး

ခပ်ဖြည်းဖြည်း ဝင်လှဲလိုက်၏။

နက်ရှိုင်း ကိုယ်မှ ထွက်လာသော ချဉ်စူးစူးအရက်နံ့က ထိုတ

ညလုံး သူမကို ဒုက္ခအကြီးအကျယ် ပေးတော့မည်။

သို့သော်လည်း ကိုယ့်အကြံအစည် အထမြောက်ဖို့အတွ

ထို ဒုက္ခကို ကြိတ်မှိတ်မျိုသိပ်ပြီး ခံရတော့မှာပေါ့ဟု တွေးပြီး တစ်ဖက်

လှည့်အိပ်လိုက်၏။

တိတ်ဆိတ်သော ညက နာရီလက်တံရွေ့လျားသံကို ပို၍ကျ

လောင်နေစေ၏။

ရဲရဲ ဘယ်လိုမှ အိပ်မပျော်နိုင်။ မနက်မှာ သူနှင့်ရင်ဆိုင်ရမ

အခြေအနေကို ကြိုတင်အကွက်ချ စိမံ၍နေ၏။





ဒီ ရွေ့လိုက်တဲ့အကွက်ထဲကို နှင် တန်းတန်းမတ်မတ် ဝင်လာ

အောင်ဖယ်လို့ ဒီ ယုံကြည်နေတယ် နက်ရှိုင်း။ လူတစ်ယောက်ရဲ့အားနည်း

ချက်ကို ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ နှင့်ထက်ငါက ပိုပြီးနပ်တယ်။

ဒီတစ်ခါ နှင့်အလှည့်ပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၎)

လောကကြီး၏နေခြည်အောက်က စိမ့်ထွက်လာတဲ့ ခပ်နွေး
အပူငွေ့က နက်ရှိုင်း၏မျက်နှာပေါ်ကို တိုက်ရိုက်ဖြာဆင်းကျနေ

မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်လိုက်တော့ အရာအားလုံ
သူ့အားငုံ့ကြည့်နေကြသည်။ ဘေးဘီကိုဝေ့ဝဲကြည့်တော့ ဒါဟာ သူ
ကို ပြန်ရောက်နေပြီဆိုတဲ့အသိက အာရုံထဲကို ဖျတ်ခနဲ တိုးဝင်လာ

သူ ဆတ်ခနဲ ထထိုင်လိုက်သည်။

ညက သူ့အိမ်ကို ဘယ်လိုပုံစံနဲ့ ပြန်ရောက်ခဲ့မှန်းပင် ပုံဖော်
မရအောင် အတော့်ကို မူးခဲ့တာပဲ။

"နင် နိုးပြီလား နက်ရှိုင်း"

အသံနှင့်အတူ ကော်ဖီကြမ်းဖျော်ထည့်လာသည့် မတ်ခွက်





ပြီး အခန်းထဲဝင်လာသော ရဲရဲကိုမြင်တော့ သူ့ကိုယ် ဆတ်ခနဲ
သွားၵ၏။ ယခု သူရောက်နေတာ ရဲရဲ၏ခုတင်ပေါ်မှာလေ။

"ရော့ နင့်စိတ်တွေ ကြည်သွားအောင် ကော်ဖီကြမ်းလေး
သောက်လိုက်"

ထူးခြားစွာ ပြောင်းလဲနေသော ရဲရဲ၏အမူအရာကိုကြည့်ပြီး
က်ရှိုင်း ကြောင်စီစီ ဖြစ်နေရှာ၏။

ဒါဟာ အိပ်မက်မဟုတ်တာတော့ ကျိန်းသေ၏။

"ညက ငါ့ကို ဒီအပေါ် ဘယ်သူပို့ပေးတာလဲ"

နက်ရှိုင်း၏အမေးကြောင့် ရဲရဲ နက်ရှိုင်းအား ဖျတ်ခနဲ မော့
ကြည့်လိုက်သည်။

"ဘာလဲ ငါက နင့်ကိုဖွတ်အတင်း ဆွဲခေါ်ပြီး ငါ့ခုတင်ပေါ်မှာ
ပ်နိုင်းတယ် ထင်လို့လား"

"ဟာ"

သွယ်ဝိုက်ခြင်းအလျဉ်းမရှိသော ပြန်ချက်စကားကြောင့် နက်
ရှိုင်း ဘာဖြေရမှန်းမသိအောင် ကြောင်စီစီ ဖြစ်သွားရ၏။

ကိုယ်မေးလိုက်တဲ့မေးခွန်းကို သူမ အဲဒီလိုပြန်မေးရလောက်
အောင် အကြောင်းအကျိုး ဆီလျော်နေလို့လား။

"ါကို ညက ဘယ်သူ လာပို့တာလဲမေးတာ နင် ထင်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ပြီး တွေးမနေနဲ့ ရဲရဲ ငါ စောစောစီးစီး ရန်မဖြစ်ချင်ဘူး"

ရဲရဲ လက်ထဲမှ ကော်ဖီကြမ်းဖန်ခွက်ကို လှမ်းယူရင်း ခေါ[...] သံမပါအောင် သတိထားထိန်းပြောလိုက်၏။

"ငါကလည်း နှင်းနဲ့ရန်ဖြစ်ရတာ အော်ဂလီဆန်လွန်းလို့ မဖြ[...] ချင်ပါဘူး"

လေကြောကို တစ်စက်ကလေးမှ မလျှော့သော ရဲရဲကို နှ[...] ရှိုင်း စိတ်ပျက်သောရယ်ခြင်းမျိုးဖြင့် ဟတ်ခနဲ တစ်ချက်ရယ်ကာ ခေါင်[...] ကို ခပ်ဖွဖွလေးခါပြီး ကော်ဖီကြမ်းကို ငုံခနဲ မော့ချလိုက်၏။

ပြီးနောက် ရဲရဲကိုကြည့်ကာ

"ကျေးဇူးတင်တယ်၊ အဲဒီလို အလိုက်သိပေးလို့"

ပြောပြီးပြောသည့်အနေနှင့် ခုတင်ထက်မှ ထကာ ရေချိုးခ[...] ဆီသို့ ထွက်လာခဲ့လိုက်၏။ သွားတိုက် မျက်နှာသစ်ပြီး ရေကို တစ်ဝကြီ[...] ချိုးပစ်လိုက်သည်။

"နှင်း ဘယ်သွားမလို့လဲ ရဲရဲ"

"ဆေးခန်း"

ကိုယ့်ကို ကောင်းကောင်းမေးတော့လည်း ရဲရဲ ကောင်းကောင်း ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲ နှင်း နေမကောင်းဘူးလား"





"နေကောင်းပါတယ်"

ခေါင်းဖြီးနေရင်းမှ လှည့်မကြည့်ဘဲ လေသံခပ်အေးအေးဖြင့် [...]ပြန်ဖြေလိုက်၏။

"ဒါဆို ဆေးခန်းကို ဘာသွားလုပ်မလို့လဲ"

စေ့စေ့ငငလိုက်မေးနေသော နက်ရှိုင်း၏အမေးကြောင့် ရဲရဲ [...]ထဲမှာ ထခုန်မိမတတ် ဝမ်းသာနေတာကတော့ အမှန်ပါပဲ။

"ငါ ကိုယ်ဝန်ရနေပြီလေ၊ ဒါကြောင့် သားဖွားမီးယပ် ဆရာဝန် [...]ဆီမှာ ငါ့ဗိုက်သွားအပ်ထားမလို့ပေါ့"

ရဲရဲ၏နှုတ်ဖျားမှ အစီအစဉ်ကျနသော စကားလုံးများကြောင့် နက်ရှိုင်း ပါးစပ်အဟောင်းသား ဖြစ်ကာ တအံ့တသြ ဖြစ်သွားသည်။

"ဘာ ဘယ်လို နှင် နှင့်မှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား၊ ရဲ [...]ငါ့ကို ပြောစမ်းပါ"

"စကားတစ်ခွန်းကို နှစ်ခါပြန်ပြောတတ်တာ ငါ့စတိုင်မဟုတ် ဘူး"

"ကောင်းပြီလေ မပြောချင်လည်း နေပေါ့၊ ငါက တစ်အိမ်တည်း သားချင်းမို့လို့ အံ့သြပြီး မေးလိုက်မိတာပဲ၊ အမှန်ဆို နှင့်ကိစ္စ ငါ စိတ် ဝင်စားသင့်ဘူး"

ဥပေက္ခာပြုသော နက်ရှိုင်း၏စကားတွေကြောင့် ရဲရဲ အနေ[...]



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် နိုင်မိလိုက်သည်။

"နင်တို့လို လူတန်းစားမျိုးက မိန်းမတစ်ယောက်ကို သိမ်းပိုက်ပြီးရင် အဲဒီလို ခေါင်းရှောင်တဲ့စကားတွေ ပြောတော့မယ်ဆိုတာ ငါ ကြိုသိပြီးသားပဲ. ဒါကြောင့်လည်း ငါက ဒီကိုယ်ဝန်က နင့်ကိုယ်ဝန်ပါ နင်နဲ့ရတာပါလို့ တောင်းပန်ခယပြီး ဖြေရှင်းပြမနေဘူး။ ယောကျ်ားတ ယောက် မူးရူးပြီး အသိစိတ်ကင်းမဲ့တဲ့စိတ်နဲ့ အစော်ကားခံရတဲ့ မိန်း တစ်ယောက်ရဲ့နာကျင်မှုမျိုးနဲ့ ဒီကလေးကို ငါ အသက်ရှင်အောင် မွေ မှာပါ။ အဲဒီအတွက် နင့်ကို ဘယ်တော့မှ လာမနှယ်စေရဘူး စိတ်ချ"

ဒီကလေးဟာ နင်နဲ့ရတဲ့ ကိုယ်ဝန်ပါလို့ မပြောရုံတမယ် သွယ် ဝိုက်ပြောနေသော ရဲရဲ၏စကားများက နက်ရှိုင်းကို ခံစားမှုမျိုးစုံတွေ ပေးစွမ်းနေ၏။

အသိစိတ်တွေက လေဟာနယ်ထဲမှာ ဟိုတစ်စ ဒီတစ်စနှင့် လွင့်မျောနေသလိုလို။ အိပ်မက်များလားဟု ထင်ယောင်ထင်မှားဖြစ်ကာ ကိုယ့်ပေါင်ကိုကိုယ် ခပ်နာနာလေး မသိမသာ ဆိတ်ဆွဲကြည့်မိသည်။

စူးခနဲ နာကျင်မှုက အိပ်မက်မဟုတ်ကြောင်း သက်သေလုပ် ပြသည်။

"နေပါဦး ဒီကိုယ်ဝန်က ငါ့ကိုယ်ဝန်လို့ ပြောရအောင် နင်နဲ့ငါ နဲ့ ဘယ်နှစ်ကြိမ် ဘယ်နှခါ ပတ်သက်ခဲ့ဖူးလို့လဲ"





ရင်ထဲမှာ အားနာပေမယ့်လည်း ဒီမေးခွန်းကို မမေး၍မဖြစ်။

နက်ရှိုင်း၏အမေးကြောင့် မှန်တင်ခုံရှေ့မှာ ထိုင်ကာ လိုးရှင်း သိမ်းနေသော ရဲရဲ မျက်နှာမှာ စူးရဲမာထန်သွား၏။

အောက်နှုတ်ခမ်းစိုစိုကို ဖိကိုက်ပြီး မျက်ရည်ဝေ့မျက်ဝန်းဖြင့် မျက်နှာကို ဆတ်ခနဲ မော့လိုက်ပြီး

"အေးပါ နင်က မူးနေတဲ့အချိန်ကျရင်တော့ နင်လိုချင်တာကို အရူးကွက်နင်းပြီး ရအောင်ယူတတ်တယ်၊ ခုလို အမူးပြေတဲ့အချိန်ကျ တော့ တားပြီးနားမလည်ပေါ့။ ရတယ် ဒီကိုစွန့်ပတ်သက်ပြီး နင့်ကို ငါ အငြင်းပွားနေမှာမဟုတ်တဲ့အတွက် နင်နဲ့မဆိုင်သလိုပဲ နေပေးပါ"

ပြောချင်ရာကို တရစပ်ပြောပြီး မှန်တင်ခုံရှေ့မှထကာ အခန်း အပြင်သို့ ချာခနဲ လှည့်ထွက်သွား၏။

အခန်းအပြင်ရောက်တော့ ရဲရဲ တစ်ယောက် တကယ့် အကယ် အမိရှော စောစောက ကြေကွဲနာကျင်နေတဲ့ရုပ်မျိုး မဟုတ်တော့ဘဲ အကြံ အောင်သူတစ်ယောက်လို အပြုံးမျိုးဖြင့် ခပ်မဲ့မဲ့ပြုံးကာ သူ့ရဲ့ဇာတ်ပဲဟာ ထယအားဆင့်အောင်မြင်ကြောင်း ကိုယ့်ဝိညာဉ်ကိုယ် သက်သေထူလိုက်၏။

ကံကြမ္မာက ဒီလိုအဖြစ်မျိုး ဖန်လာပေးမှတော့ ထိုဖန်တီးလာ သော ဇာတ်ကွက်ထဲမှာ ကကြိုးရှုပ်အောင်ကပြီး နက်ရှိုင်း၏ရင်ထဲက အမုန်းတရားတွေနဲ့ မာနတွေကို မိန်းမတစ်ယောက်ရဲ့ မာယာနဲ့ အပြည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြတာပေါ့။

ဒီဗိုက်ထဲက ရင်သွေးလေးကို နင့်ကလေးအဖြစ် လက်ခံလာအောင် ငါ လုပ်ပြမယ် သိလား နက်ရှိုင်း။

ဒီကလေးကို နင် ရှုံးသွပ်သွားမတတ် ချစ်လာစေရမယ်။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၁၈)

"ဟယ် ရဲရဲမှာ ကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

"အမလေး မင်္ဂလာရှိလိုက်တဲ့သတင်းပါလားကွယ်"

မိခင်နှင့်ယောက္ခမ ဒေါ်ကြည်သာရှိုင်းရှေ့မှာ နက်ရှိုင်းရဲ့ ရင်သွေးလေးလွယ်ထားရပြီဆိုတဲ့အကြောင်းကို အတိအလင်း ကြေညာလိုက်၏။

အမေနှစ်ယောက်၏ပီတိအပြုံးတွေက မိုးမမြင် လေမမြင်။

"ကဲ မမခင်ရေ ကြည်သာတို့တော့ အဘွားတွေ ဖြစ်ရတော့မယ်၊ ကြည့်စမ်း ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲ"

"ဟုတ်ပ့ါ ကြည်သာရယ်၊ ဒါတောင် နှစ်ယောက်သား တကျက်ကျက်နဲ့ ရန်ဖြစ်ပြီး မတည့်ကြလို့ပဲ၊ တည့်သာတည့်ရင် ဒီထက်ပိုပြီး စောစောကြားရမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မေနော် ဘာတွေလျှောက်ပြောနေတာလဲ ရဲ ရှက်လာပြ

ရဲရဲ အမှုန်ပင် ရှက်နေမိ၍ မျက်နှာတစ်ပြင်လုံး ပန်းသွေးရောင်

ထနေ၏။

"မိခင်လောင်းဖြစ်တာ ရှက်စရာမလိုပါဘူးကွယ်၊ မာမီတုန်းက

ဆိုလေ သမီးယောကျ်ားကို ကိုယ်ဝန်လွယ်ထားပြီဆိုတာ သိကတည်းက

မာမီ့ရဲ့အချိန်တွေကို ဗိုက်ထဲက ရင်သွေးလေးကပဲ အမြဲစိုးမိုးနေတော့

တာပဲ၊ ကိုယ့်ရင်သွေးလေးကို စိတ်ကူးနဲ့ပုံဖော်ကြည့်မိတာလည်း အခါခါ

"ဟုတ်တယ် သမီးရဲ့၊ သမီးတုန်းကည်း ကြည်သာ ပြောသလို

ပဲ အရမ်းရှုးသွပ်ခဲ့ရတာ"

မိခင်ဖြစ်သူနှင့်ယောက္ခမ ပျော်ရွှင်နေတာကိုကြည့်ပြီး ရဲရဲ

ရင်ထဲမှာ အလိုလို ချမ်းမြေ့လာရသည်။ သို့သော် ထိုချမ်းမြေ့ခြင်းတွေ

ကြားထဲ မှားယွင်းခဲ့သော အရိပ်မည်းကြီးက ဖျတ်ခနဲ တိုးဝင်လာသဖြင့်

ပြန်လည်ပျောက်ကွယ်သွားပြီး ရင်ထဲမှာ နံ့ခွေ့စွာဖြင့် ကျန်ခဲ့၏။ သို့သော်

သဏ္ဍာန်လုပ် သရုပ်တူအောင် နေပေးရတော့မှာပေါ့။

"ဒါနဲ့ မာမီ နက်ရှိုင်း ကိုယ်ဝန်လွယ်တုန်းကရော မာမီ ဘာကို

ချင်ခြင်းတက်လဲဟင်"

"ထောပတ်အရမ်းကြိုက်တယ်၊ နောက်ပြီး အရည်ရွှမ်းတဲ့

အသီးတွေကိုပဲ ချင်ခြင်းတတ်တယ် သမီးရဲ့"





"ဟယ် တွလိုက်တာ မာမီရယ်၊ ရဲလည်းလေ အရင်က လုံးဝ

မကြိုက်တဲ့ ထောပတ်နဲ့ အသီးအနှံတွေကို ခုတော့ စားချင်စိတ်ကို

ဖြစ်နေတာ၊ အဟင်း မာမီနဲ့ချင်ခြင်းတက်တာခြင်းကအစ တူတယ်၊ ရဲ

လည်း ခုတလော အဲဒီအစားအစာတွေကိုပဲ ခံတွင်းတွေ့နေတာ သိလား"

ချင်ခြင်းတက်တာခြင်းပါ တူသည်ဆို၍ ဒေါ်ကြည်သာရှိုင်း

သဘောအလွန်တွေ့သွားသည်။

"ဟုတ်လား ဒါဆို မြေးလေးက သူ့ဖအေဘက်နဲ့တူမယ်ထင်

တယ်၊ မမခင်ရေ ခုကတည်းက ချင်ခြင်းတက်တာချင်းပါ တူနေတယ်

ဆိုတော့ ဖအေတူသမီးလေးလား၊ ဒါမှမဟုတ် ဖအေတူသားလေးလား။

အမလေး စိတ်ကူးယာဉ်ကြည့်တာနဲ့တင် စိတ်ချမ်းမြေ့စရာကောင်းလိုက်

တာ"

ဒေါ်ကြည်သာရှိုင်း ချွေးမလေး၏ချင်ခြင်းတက်ပုံကအစ သူတို့

ဘက်နှင့်တူနေ၍ အတိုင်းထက်အလွန်ကို သဘောတွေအကျကြီး ကျနေ

ရ၏။

"ဟုတ်ပဲ့ ဟုတ်ပဲ့ ကြည်သာရေ အကြိုက်ချင်းကအစ ဖအေ

နဲ့တူရင် မွေးလာတဲ့ကလေးလည်း ဖအေတူမယ်ထင်တယ်၊ ဒါနဲ့ သမီးရဲ

က ဘာလေးလိုချင်လဲ"

မိခင်ဖြစ်သူက သမီး၏ဆန္ဒကို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရဲကတော့ သမီးလေးပဲ လိုချင်တယ်၊ ဒါမှ သူ့အဖေ ဘယ် သွားသွား ဘယ်အချိန်ပဲပြန်လာပြန်လာ ရဲ တစ်ယောက်တည်း အထီး မကျန်တော့မှာ"

ခေါင်းလေး တလှုပ်လှုပ်ဖြင့် ပြောနေရှာသော ရဲရဲကိုကြည့်ပြီး အမေနှစ်ယောက် မျက်စပစ်ကာ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်နေကြသည်။

"ဟုတ်တယ် မမခင်ရေ မြေးလေးမွေးရင်တော့ အသိုးအသွား တွေတော့ မြေးအိမ်ကို အကြောင်းမရှိ အကြောင်းရှာသွားရလွန်းလို့ ချောင်းပေါက်မယ်ထင်ပါရဲ့"

"သားကရော သမီးကို သဘောပြန်တက်မယ် ပြောသေးလား"

ယောက္ခမဖြစ်သူက သူ့သားအကြောင်း မေးလာတော့ ရဲရဲ ဘာဖြေလို့ဖြေရမှန်းမသိ။

အမှန်တော့ မိဘတွေအားလုံးက ရဲနဲ့သူ့ကို နွေးထွေးတဲ့ ဇနီး မောင်နှံတွေလို့ ထင်ထားကြတာကိုး။

"ဟင့်အင်း ဘာမှမပြောဘူး မာမီ"

"အင်း မာမီက သပိုးများ သိမလားလို့၊ မာမီကတော့ ဖြစ် နိုင်ရင် သားကို သဘောထပ်မတက်စေချင်တော့ဘူးကွယ်၊ မာမီတို့ မျက်စိ အောက်မှာပဲ လုပ်ငန်းတစ်ခုနဲ့ အခိုင်အမာရပ်တည်စေချင်တာ"

နိုး နိုး ၀၁၆ပေ



"ကြည်သာ ဆန္ဒပြည့်တော့မှာပါကွယ်၊ မမခင်တော့ ထင်တယ်၊ မြေးရင်သွေးလေး လူ့လောကရောက်တာနဲ့ ကြည်သာတို့ ဖြစ်စေချင်သလို ဖြစ်လာမှာပါ၊ ဘယ်ဖအေမှ သူတို့ရင်သွေးလေးတွေနဲ့ အချိန်အကြာကြီး ခွဲသွားနိုင်မှာ မဟုတ်ပါဘူးကွယ်"

မိခင်နှစ်ယောက်၏ပီတိတွေ စိမ့်ဝင်နေသော ထင်ကြေးတွေက ရဲရဲအတွက်တော့ လေထဲတွင် တိုက်အိမ်ဆောက်ရသလို ရေရာခြင်းတွေ အလျဉ်းမရှိစွာနှင့် သက်ပြင်းမောတွေကိုသာ အခါခါ ချမိစေ၏။

သူတို့စိတ်ကူးယဉ်နေကြတဲ့ သူတို့မြေးလေးဟာ တခြားသူရဲ့ အသွေးအသားနဲ့ တည်ဆောက်လာတာပါဆိုတာ သိများသိသွားခဲ့ကြရင် နေရာမှာတင် ဘုန်းခနဲ လဲကာ ရှော့ခ်ဖြစ်သွားကြမလားမသိ။

ဟိုကောင် နက်ရှိုင်းကတော့ ဒီကိုယ်ဝန်က သူနဲ့မဆိုင်သလို ဥပေက္ခာပြု စကားပြောနေခဲ့။ ဘယ်လောက် မာနကြီးလိုက်သလဲလို့။ ဒါပေမဲ့ ဒီကိစ္စကို သူ ဘယ်လိုပဲ ဥပေက္ခာပြုပြု ဒီတာဝန်ထုပ်ကြီးက သူ့အပေါ် ဘုန်းခနဲ ပိကျနေပြီးသား။

အလိုလိုနေရင်းနဲ့ သူဟာ ကလေးအဖေဖြစ်နေပြီးသား။ ရဲရဲ စိုးရိမ်တာ တစ်ခုပဲ ရှိသည်။

ကလေးလေးက မွေးလာရင် ရဲရဲနဲ့မတူဘဲ မင်းညိုရုပ်နဲ့သာ ဆင်နေရင်တော့ ရဲရဲ၏မဟာအကြံအစည်တွေ သဲထဲရေသွန်သလိုဘာမှ

နိုး နိုး ၀၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



အထမြောက်မှာ မဟုတ်တော့သလို အသိုင်းအဝိုင်းအလယ်မှာ ရဲရဲပ
အကျင့်သိက္ခာပျက်ပြားတဲ့ မိန်းမအဖြစ်နဲ့ အထင်သေးရှုံ့ချခံရမှာ အဆ
အချာ။

စိတ်ထင့်သည့်အတိုင်း ဖြစ်ခဲ့မည်ဆိုလျှင် ရဲရဲ ဘယ်လိုဖြေရှ
မလဲ။

ကိုယ်မှားခဲ့တဲ့အမှားတစ်ခုက သူ့ကို ချောက်တွန်းဖို့ ဖြစ်လ
ပေမယ့် တကယ်တမ်းကျတော့ ကိုယ့်ရှူးကိုယ်ပတ်ပြီး တစ်ဘဝလုံ
ရိုးသားဖြူစင်လာတဲ့ ကိုယ့်ဘဝမှာ ဖျက်မရတဲ့ အမည်းစက်ကြီးတစ်စ
က စွန်းထင်းနေတော့မည်။

တွေးရင်းဖြင့် ရင်ထဲမှာ လှိုက်ဖိုမောချလာ၏။

"သမီး ဘာတွေတွေးပြီး သက်ပြင်းတချချ ဖြစ်နေရတာလ"

ပခုံးကို ခပ်ဖွဖွ ပုတ်ပြီး မေးလိုက်သော မေမေ့အသံကြောင်
အာရုံတွေ ဖျတ်ခနဲ နိုးကြားလာကာ စိုးရိမ်ပူပန်စေသော အတွေးဆို
တို့ကို တဒင်္ဂ ဆွဲဖယ်လိုက်၏။

"ဩော် အင်း ဘာမှမတွေးပါဘူး မေမေရယ်"

"မေမေ့ကို မညာပါနဲ့ သမီးရယ်၊ သမီးမျက်နှာမှာ တစ်ခုခုကို
စိုးရိမ်နေတဲ့ပုံပေါက်နေတယ်၊ မေမေ မွေးထားတဲ့သမီးအကြောင်း မေမေ
သိတာပေါ့"





မိခင်၏စိုးရိမ်စွာ ပြောသော စကားကြောင့် ယောက္ခမဖြစ်သူက
အစိုးရိမ်ပိုသော အကြည့်ဖြင့်ကြည့်ကာ

"သားနဲ့စကားများထားကြလို့လား သမီး၊ မာမီ့ကို ပြောစမ်း၊
ိယ်ဝန်ဆောင်ချိန်မှာ ဒင်း ငါ့သမီးကို စိတ်ဆင်းရဲအောင်လုပ်လို့ကတော့
ာမီနဲ့တွေ့ပြီသာ မှတ်"

"ဟင့်အင်း မ မဖြစ်ပါဘူး မာမီရဲ့၊ ရုတ်တရက် ရဲရဲ ကလေး
သား မွေးလာရင် ခြေလက်အင်္ဂါစုံပါ့မလားလို့တွေးမိပြီး စိတ်ပူသွားလို့ပါ
ာမီရယ်"

ဒီတော့မှ မိခင်ရော ယောက္ခမရော စိတ်အေးသွားဟန်ဖြင့်
ိုင်တူပြုံးလိုက်ကြကာ

"အမလေး ဘာများလဲလို့ သမီးရယ်၊ အဟင်း ဟင်း ဟင်း
တွေ့လား ကြည်သာ၊ သူတို့ကလေးအတွက်ကျတော့ လူတောင်မဖြစ်
သေးဘူး သန္ဓေသားဘဝနဲ့တောင် ပူပင်နေတတ်လိုက်တာ၊ ဟန်မဆောင်
ာတ်အောင်ပါပဲလား"

မိခင်ဖြစ်သူက ဘေးတွင် ထိုင်နေသော ခမည်းခမက်ကို လက်
ထိုးပြော၏။

"နားလည်ပေးလိုက်ပါတော့ မမခင်ရယ်၊ မိဘမေတ္တာဆိုတာ
သူတို့ အခုမှ သေသေချာချာ သိကြတော့မှာလေ အဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲတွင် ရယ်သံလွင်လွင်လေးများ ဝေစည်သွ

ထိုရယ်သံက ရဲရဲ၏သက်ပြင်းဖျော့ဖျော့ချသံကိုတော့

ကြားလိမ့်မလဲ။

■ ■ ■



## အခန်း (၁၉)

အဆီတဝင်းဝင်းနှင့် ပြင်ဆင်ခင်းကျင်းထားသော ထမင်းဝိုင်းကိုကြည့်ပြီး ရဲရဲ စိတ်မသက်သာစွာဖြင့် နှာခေါင်းရှုံ့လိုက်၏။

ရဲရဲ အရိပ်အကဲကို ကြည့်နေသော မင်းညိုမှာ ရဲရဲ ဘာများ အလိုမကျဖြစ်သွားလဲဟု တွေးကာ စိုးရိမ်သွား၏။

"ဘာဖြစ်လို့လဲ မရဲရဲနီထွေး။ ဒီဟင်းတွေ မစားချင်ဘူးလား။ ကျွန်တော် ဘာထပ်စီစဉ်ပေးရမလဲ"

ရဲရဲ ရင်ဘတ်ကလေးကိုဖိကာ မျက်နှာလေးရှုံ့မဲ့မဲ့လေးလုပ်ပြီး ညည်းတွားလိုက်သည်။

"ကျွန်မ ဒီဟင်းတွေမြင်ရင် အော်ဂလီဆန်တယ်၊ ကျွန်မ စားချင်တာ ရှောက်သီးသုပ် ချဉ်ချဉ်လေးနဲ့ ကြာဇံဟင်းခါးပူပူလေး သောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ''

ကိုယ့်ရှေ့က အဆီတဝင်းဝင်းနှင့် ဟင်းပန်းကန်များကို စိတ်

ပျက်စွာ တွန်းရွှေ့လိုက်ရင်း စားချင်သည့်အစားအစာကို ကလေးတ

ယောက်လို ဖွတ်အတင်း တောင့်တလိုက်သည်။

''ဒါဆိုလည်း ကျွန်တော် လှည်းတန်းဈေးဘက်မှာ ရှောက်သီ

သုဗ်နဲ့ကြာဇံဟင်းခါး သွားဝယ်လိုက်မယ်လေ၊ ခဏပဲစောင့်''

''ဘာကယ် ခဏပဲနော်''

''အလွန်အကျွံ နာရီဝက်ပေါ့''

''အင်းလေ ဒါဆိုလည်း မြန်မြန်သွားဝယ်လိုက်''

''ဟုတ်ကဲ့''

မင်းညို ပျာပျာသလဲဖြင့် အိမ်ထဲမှ အမြန်ထွက်သွားချေ

အချိန်မှာ ရဲရဲအတွက်ဆိုလျှင် သူ့အနေနဲ့ အသက်တောင်စွန့်ပေ

စိတ်ကူးထားပြီးသား။

■ ■ ■

မထင်မှတ်ဘဲနှင့် ကံကြမ္မာက ရဲရဲနီထွေးနှင့်ပတ်သက်မိသွ

အောင် စေခိုင်းခဲ့မှတော့ ရဲရဲ စိတ်တိုင်းကျ အလိုက်သင့် ဖေးမရုံ

ခုတော့ ကိုယ့်ရင်သွေးလေးကို ရဲရဲက လွယ်ထားရတယ်ဟု ယုံကြည်

သော သူမလေး၏ယုံကြည်မှုကို ကိုယ့်ဘက်က လိုက်လျောပေး





အနစ်နာခံမှုတွေနှင့် အရာရာကို ပေးဆပ်ဖို့အသင့်။

အတွေးတို့နှင့်အတူ ခပ်သွက်သွက် လျှောက်လာရင်း ကားလမ်း

ရောက်တော့ တက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။

''ညီလေး ဘယ်သွားမလဲ''

''လှည်းတန်းဈေးဘက်''

''ထောင့်ငါးရာပဲပေးပါ''

''ရတယ် ပေးမယ်၊ ကျွန်တော့်ကို မြန်မြန်သာမောင်းပေး''

''အိုကေ ဂျက်လေယာဉ်ထက် မြန်အောင်မောင်းပေးမယ်''

တက္ကစီဆရာက ရွှတ်နောက်နောက်ပြောသဖြင့် မင်းညို ရယ်

ဘ ကားတံခါးကိုဖွင့်၍ ကားထဲအမြန်ဝင်ထိုင်လိုက်သည်။

ကားဆရာက သူပြောသည့်အတိုင်း ကားကို မိုင်နှုန်းမြှင့်၍

မောင်းပေးရှာ၏။

''ကဲ ရောက်ပြီ ညီလေး၊ မြန်တယ် မဟုတ်လား''

''မြန်တယ် အစ်ကို၊ ဖြစ်နိုင်ရင် ကျွန်တော့်ကို ခဏစောင့်ပေး

နိုင်မလား၊ အပြန်လည်း အစ်ကို့ကားပဲ ဆက်ငှားမယ်လေ''

မင်းညို အိတ်ကပ်ထဲမှ ငါးရာတန်တစ်ရွက်နှင့် တစ်ထောင်တန်

တစ်ရွက်ကို ထုတ်ပေးရင်း အပြန်အတွက်ပါ ကြိုငှားလိုက်သည်။

''သိပ်မကြာဘူး မဟုတ်လား၊ အစ်ကို ဆယ်မိနစ်နာရီမှာ အောင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းချိတ်ထားလို့"

ကားဆရာ လက်မှနာရီကို ငုံ့ကြည့်ရင်း မေးလိုက်၏။

"မကြာဘူး ကြာဇံချက်နဲ့ရှောက်သီးသုပ် ဝယ်ရှိပါ"

"အေးလေ ဒါဆို စောင့်မယ်"

"ကျေးဇူးပဲ အစ်ကို၊ ကျွန်တော် သွားဝယ်လိုက်ဦးမယ်"

ကားဆရာကို စောင့်ခိုင်းပြီးတာနှင့် ကြာဇံဟင်းခါးနှင့် ရှော

သီးသုပ်ဆိုင်ထဲ ဝင်ခဲ့လိုက်၏။

လှူကာ မောဟိုက်လွန်း၍ အသက်ပင် ခပ်ပြင်းပြင်း ရှူနေရ

■ ■ ■

အခန်း (၂၀)

အိမ်ပြန်ရောက်တော့ တကယ့် နာရီဝက်ကွက်တိ။

"ရှင်ပြောတဲ့အတိုင်း နာရီဝက်အတွင်း ရောက်အောင်ပြန်လာ

ထားပဲ"

"အင်း ကားငှားသွားတာကို မြန်မှာပေါ့။ ရဲရဲ အရမ်းဆာနေပြီ

သေး"

မင်းညို ဂရုတစိုက် မေးလိုက်သည်။

"အင်း ဆာနေပြီပေါ့"

"ဒါဆို ကျွန်တော် အမြန်ပြင်ဆင်လိုက်ဦးမယ်နော်"

"နေပါစေ ရှင်မောလာတာပဲ၊ ကျွန်မဘာသာပဲ ထည့်စားလိုက်

ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ကြာဖံချက်ထုပ်နှင့် ရှောက်သီးသုပ်ဘူးကို လှမ်း
ရင်း ပြောတော့ မင်းညို လက်မခံ။

"နေပါစေ ကျွန်တော်သဲ ပြင်ပေးပါ့မယ်၊ ရဲရဲ ထိုင်နေပါ။ ကိုယ်
မပေါ့မပါးကြီးနဲ့ဟာကို"

မင်းညို၏ပျာယာခတ်လွန်းသော အလိုက်သိမှုတွေကြောင့်
အမှန်ပင် အားနာ၍နေမိ၏။

ကိုယ့်ရဲ့အငြိုးနှင့်အမုန်းတွေကြားမှာ မင်းညိုက စားစာခံ
ခဲ့ရသည်ကိုတွေးမိတိုင်း ရင်ထဲမှာ စိတ်မကောင်းဖြစ်မိသည်။

"ကဲ စားလို့ရပြီ လိုတာကိုပြော၊ ကျွန်တော် ထပ်ပြင်ပေးမယ်"

"ကျေးဇူးပဲ ရှင် အရမ်းပင်ပန်းသွားပြီ"

ကျေးဇူးတင်စကားပြောရင်း ရှောက်သီးသုပ်နှင့် ကြာဖံဟင်း
ကို အားရပါးရ စားပစ်လိုက်၏။

ထမင်းစားခန်းထဲကို နက်ရှိုင်း ဝင်လာ၏။ ပုံစံက ကားသော
တရမ်းရမ်းနှင့် ဘယ်က အလေလိုက်ပြီး ပြန်လာလဲမှမသိတာဟုတွေး
ရှောက်သီးသုပ်ကို ဆက်စား၏။

ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး အားပါးတ
စားခြင်းကို တုန့်သွားစေ၏။ နက်ရှိုင်းရှေ့မှာ အစားအသောက်မပျက်
စားကောင်းသလို စားပြ၍မဖြစ်။ ထို့ကြောင့် အားရပါးရ စားနေခြင်းကို





ရှိုယ်ရှိန်သတ်ကာ စိတ်မပါစွာဖြင့် စားနေရသလို ပုံစံမျိုးဖြင့် ကိုယ်ရှိန်
သတ်လိုက်ပြီး

"မင်းညိုရယ် ရှင့်ဟာက ကျွန်မ ဘယ်လိုမှ စားလို့မရပါဘူး"

ရဲရဲပုံစံကိုကြည့်ပြီး မင်းညို ပါးစပ်အဟောင်းသားနှင့်အံ့ဩသွား
ရသည်။ စောစောကတော့ တော်တော်လေး အရသာတွေ့ပုံဖြင့် တရှူးရှူး
တရှဲရှဲစားနေပြီး အခု နက်ရှိုင်းလည်းဝင်လာရော ဘယ်လိုမှ စားလို့မရပါ
ဘူးလို့ ပြောပြန်ပြီ။ ရှောက်သီးသုပ်ပန်းကန်ထဲမှာလည်း တစ်ဝက်ပင်
ကျိုးနေပြီ။

"မင်းညို ငါ ထမင်းစားမယ်"

လေသံခပ်မာမာပြောရင်း စားပွဲဝိုင်းမှာ နက်ရှိုင်း ဝင်ထိုင်လိုက်
သည်။

"ဟုတ် ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ခုပဲ ပြင်လိုက်ပါမယ်၊
ရဲရဲ ကျွန်တော် ဘာထပ်စီစဉ်ပေးရဦးမလဲ"

တစ်ဆက်တည်းမှာပင် စိတ်မဖြောင့်စွာနှင့် ရဲရဲဘက်ကိုပါ လှည့်
၍ မေးလိုက်သည်။

"ကျွန်မက ဒီလိုအသုပ်တွေစားချင်တာ မဟုတ်ဘူး။ ဘိုစာပဲ
စားချင်တာ၊ မနက်ဖြန်ကျရင် မောနင်းစာကို ထောပတ်တို့ ချိစ်တို့နဲ့
ပေါင်မုန့်မီးကင်ပေး။ နောက်ပြီး အရည်ရွှမ်းတဲ့အသီးအနှံတွေရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ စကားကြောင့် နက်ရှိုင်း မသိမသာ မဲ့လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် မနက်ဖြန် စီစဉ်ပေးထားပါမယ်"

ရဲရဲကို ကတိပေးပြီး မင်းညိုအတွက် ထမင်းပြင်ဆင်ပေးလိုက် ၏။

ဟင်းတွေက အဆင်သင့်ပြင်ဆင်ပြီးသားမို့ ထမင်းပွဲကို သိပ် ကြာကြာ မစီစဉ်လိုက်ရ။

"အစ်ကို ဟင်းရည်ပြန်နွှေးလိုက်ရမလား"

"နေ နေရတယ် ဒီအတိုင်းပဲ စားမယ်"

ခက်ရင်းမှာကပ်နေသော ထမင်းစေ့တွေကို ဇွန်းဖြင့်သပ်ချရင်း ဟင်းပန်းကန်ထဲမှ ကြက်ပေါင်တစ်တုံးကို ခက်ရင်းဖြင့် ထိုးစိုက်ယူလိုက် သည်။

ဟင်းပေါင်းစုံဖြင့် မြိုင်ဆိုင်နေသော ထမင်းဝိုင်းက ရနံ့ပေါင်းစု ကာ ထမင်းစားခန်းထဲမှာ သင်းပျံ့မွှေးကြိုင်နေ၏။

နက်ရှိုင်း ထမင်းကိုသာ အားရပါးရ စားနေတာ ရဲရဲကို တစ် စက်ကလေးမှ ဝေ့မကြည့်။ ထိုသို့ ဝေ့မကြည့် ဂရုမစိုက်လေ ရဲရဲ စိတ်ထဲ ပို၍ ကသိကအောက် ဖြစ်လေလေပါပဲ။ ကိုယ့်မှာတော့ သူများစိတ်ဝင်စား မလားဆိုပြီး ကိုယ်စားချင်တာလေးတွေကို မင်းညိုကို ပြောသလိုလိုနှင့် ပြောပြနေကာ ဒင်းအနေနှင့် နည်းနည်းတော့ ရိပ်မိဖို့ကောင်း၏။





"မင်းညို ညနေကျရင် ကျွန်မ လမ်းလျှောက်ထွက်မယ်။ ရှင် အဖော်လိုက်ပေးဦးနော်။ အိုဂျိုက ကျန်းမာရေးအတွက် လမ်းလျှောက် လျှောက်ရမယ်တဲ့။ ဒါမှ ကလေးရော လူကြီးရော ကျန်းမာမှာလို့ ပြောတယ်။ အွန်မတစ်ယောက်တည်း လမ်းလျှောက်တာထက်စာရင် ရှင်ပါ ဘေးက အဖော်ပါတော့ ပိုကောင်းတာပေါ့"

"ဗျာ ဟုတ်ကဲ့ ကျွန်တော် အဖော်လိုက်ပေးပါ့မယ်"

မင်းညို နက်ရှိုင်းကို အားနာဟန်ဖြင့် မရဲတရဲကြည့်လိုက်ပြီး အဖြေပေးလိုက်သည်။

ထိုအခြေအနေထိလည်း နက်ရှိုင်း ပုံစံက ဘာကိုမှ စိတ်ဝင်စား ဟန်မပြသေး။ ရဲရဲပြောနေသမျှ သူ ဘာမှမကြားသလိုဖြင့် ထမင်းစားမပင် မပျက်။

ကြားထဲက အနေခက်ရသည့်သူက မင်းညို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟာ ဒါဆို မင်း ကလေးအဖေဖြစ်ပြီပေါ့"

ဇော်အောင်က ဝမ်းခေါင်းသံကြီးဖြင့် ဝမ်းသာအားရ ထအော်သဖြင့် နက်ရှိုင်း ရှက်သွားကာ ဘေးဘီကို ဝေ့ကြည့်ရင်း

"ဟာ ဟေ့ကောင် ဖြည်းဖြည်းပြောပါကွာ၊ မင်းဟာကလည်း လော်နဲ့အော်လိုက်တာကျနေတာပဲ"

"ငါ ဝမ်းသာတာကိုးကွ"

"ဟာ ဝမ်းသာရမှာက ငါလေကွာ၊ မင်းကလည်း မင်းနဲ့ဘာဆိုင်လို့လဲ"

ဘောက်ဆတ်ဆတ်ဖြင့် ပြန်ပြောသော နက်ရှိုင်းကိုကြည့်ပြီး





ဇော်အောင် ပို၍ပင်ရယ်ချင်နေ၏။

ပြောတော့ မုန်းလို့လက်ထပ်တာလေး ဘာလေးနှင့် ခုတော့ ကလေးတစ်ယောက် ထွက်လာတော့မယ်။

"မင်းပြောတော့ ရဲရဲကို မချစ်ဘူး မုန်းလို့ လက်ထပ်တာဆို"

"ဟုတ်တယ်"

"အဲဒါဆို ဘာဖြစ်လို့ ဒီကလေးက ရဲရဲ ဗိုက်ထဲကို ရောက်သွားရတာလဲ"

ဇော်အောင့်အမေးကြောင့် နက်ရှိုင်း မျက်နှာ ရှက်အမ်းအမ်းဖြစ်သွားပြီး နားထင်ကို လက်ညှိုးနှင့် အဓိပ္ပာယ်မဲ့ ကုတ်ခြစ်လိုက်ပြီး

"ဒါက ငါ အရက်မူးလွန်သွားလို့ ငြိကြတာလေကွာ၊ မူးနေတော့ ဘယ်သိမလဲ၊ မှားလို့မှန်းမှန်း ငါ့ကိုယ်ငါတောင် သိတာမဟုတ်ဘူး။ အခု သူ့မှာကိုယ်ဝန်ရှိနေပြီလို့ ထုတ်ပြောတော့မှ ငါသိရတာ"

"ဒါဆို မင်းနဲ့ရတာရော ဟုတ်ရဲ့လား"

ဇော်အောင် တမင်ကလိလိုက်ခြင်း ဖြစ်သည်။

နက်ရှိုင်း ဘာအဓိပ္ပာယ်လဲဆိုသည့်သဘောနှင့် ဇော်အောင်ကို ရှုတည်တည်ပြန်ကြည့်ပြီး ခေါင်းကို ဆတ်ခနဲ ခါလိုက်သည်။

"မဖြစ်နိုင်ဘူး ရဲရဲက အဲဒီလို မိန်းကလေးမျိုးမဟုတ်ဘူး။ သူနဲ့ငါနဲ့က ခုမှ သိဖူးမြင်ဖူးပြီး လက်ထပ်ထားကြတာမှ မဟုတ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုးငယ်ငယ်ကတည်းက ရန်ဘက်တွေအနေနဲ့ တစ်ယောက်အကြောင်း တစ်ယောက် သိလာကြတာ၊ ရဲရဲက အဲဒီလို ကိစ္စမျိုးမှာ ရှင်းတယ် တကယ့်ကို ဖြူဖြူစင်စင်လေး"

"ဒါကို မင်း လက်ခံတယ်ပေါ့"

"ဒါ ငါ့အမြင်ပဲဟာ"

"အေးလေ ရဲရဲနဲ့ပတ်သက်ပြီး မင်းအနေနဲ့ ဒီ ဒီလော အမြင်ရှင်းနေမှတော့ ကြင်ကြင်နာနာနဲ့ အချစ်တွေပေးလိုက်ပါလားကွ"

ဇော်အောင် ဤသို့ တရားချ၏။ နက်ရှိုင်း စိတ်ပျက်စွာပြုံးလိုက် ပြီး

"ဒီမိန်းမက သိပ်အကြောတင်းတဲ့ မိန်းမကွ၊ ငါက ... အလျှော့ပေးလိုက်ရင် ငါ့ကို တစ်သက်လုံး နှိပ်ကွပ်တော့မှာ၊ သူ့စတိုင် အလျှော့ပေးရင် ကန်းတက်မယ့်စတိုင်မျိုး၊ နောက်ပြီး အငြိုးကြီးလွန်းတဲ့ မိန်းမ"

နက်ရှိုင်း၊ ရဲရဲကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်၏။

"အဲဒါကတော့ သူ့ကိုပဲ တစ်ဖက်သတ် အပြစ်မတင်နဲ့လေကွာ၊ သူက အငြိုးကြီးသလို မင်းကရော အငြိုးသေးလို့လား"

နက်ရှိုင်း မျက်မှောင်ကျုံ့ပြီး အောင်ဇော့်ကို ကြည့်သည်။ အကာ တစ်ဖက်ကို ခက်ရင်းနဲ့ထိုးစားပြီး အမြည်းဝါးနေသော အသံဖြင့်





"ငါက ယောက်ျားလေးပဲ၊ ရှိသင့်တဲ့မာနတော့ ရှိရမှာပေါ့၊ နောက်ပြီး သူနဲ့ငါ့ကြားမှာ သံယောဇဉ်ဆိုတဲ့ ကြိုးတစ်ချောင်းက ထင် သလောက်ရော လိုအပ်လို့လား"

ကလေးဆန်သော နက်ရှိုင်း၏စိတ်နေသဘောထားကိုကြည့်ပြီး ဇော်အောင် ခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်၏။

"မဟုတ်သေးဘူးလေကွာ၊ မင်းရဲ့အပြင်ပန်းက ကြည့်တော့သာ မင်းစိတ်တွေ မာသယောင် အငြိုးကြီးသယောင် ထင်ရတာ၊ တကယ် တမ်း မင်းစိတ်ထားက နူးညံ့ပါတယ်ကွာ၊ မင်းကသာ သံယောဇဉ်ကြိုး မလိုအပ်ဘူး လိုအပ်တယ်ဆိုပြီး မင်းစိတ်တွေ ဒွိဟဖြစ်နေတာ၊ လောက ကြီးက မင်းနဲ့ရဲရဲကြားကို သံယောဇဉ်ကြိုးတစ်ချောင်း လက်ဆောင်ပေး လိုက်ပြီလေ၊ ကဲ မင်း ဘာပြောင်းချင်သေးလဲ"

ဇော်အောင့်စကားကြောင့် နက်ရှိုင်း တွေတွေဝေဝေ ဖြစ်သွား ကာ ဇော်အောင်ကို ဖျတ်ခနဲ ကြည့်လိုက်ပြီး

"အဲဒါ သံယောဇဉ်ကြိုးလား"

နက်ရှိုင်း၏အမေးကြောင့် ဇော်အောင် ကျေနပ်စွာ ခုံကို ဖုန်းခနဲ ရိုက်လိုက်ပြီး

"ဒါပေါ့ မင်းနဲ့သူ့ကြားမှာ ဒီကလေးဟာ သံယောဇဉ်ကြိုးတစ် ချောင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ငါ့ကလေး"

"ဟုတ်တယ် ဒါဟာ မင်းကလေးပဲ၊ ဒါပေမဲ့ ဒီကလေးကို မင်း တစ်ယောက်တည်း ပိုင်တာမဟုတ်ဘူး။ သူရောပိုင်တယ်၊ နောက်ပြီး သူတို့က ကိုးလလွယ်ဆယ်လမွေးဆိုသလို သူတို့ရဲ့အလှအပတွေကို ဒီကလေးကြောင့် ခဏတာ ဥပေက္ခာပြုပြီး တစ်နေ့သချိုင်းကုန်းကို နှစ်ခါ သုံးခါလောက် မျက်စပစ်နေရတဲ့ အမေလောင်းတွေဖြစ်တဲ့အတွက် သူတို့က ပိုပြီးတော့တောင် ပိုင်သေးတယ်"

ဒီကလေးကို ရဲရဲ ပိုပိုင်တယ်ဆို၍ နက်ရှိုင်း ရင်ထဲ မနာလို စိတ် ဝင်သွားမိပြန်သေးသည်။

"ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့ကိုကြည့်မရတာပဲရှိတယ်၊ သံ ယောဇဉ်ဖြစ်ဖို့ဆိုတာ စိတ်တောင် မကူးခဲ့ဖူးဘူး"

ခုချိန်ထိ လေကိုတစ်စက်ကလေးမှ မလျှော့သေးသည့်အတွက် ဇော်အောင် စိတ်အချဉ်ပေါက်လာသည်။

ဒီကောင် ဘယ်လောက်ပြောပြော သဘောမပေါက်တဲ့ကောင်။ သူ့အတ္တကိုပဲ သူ ရှေ့တန်းတင်နေတယ်ဟု တွေးပြီး

"ဒါဆိုရင်တော့ သေချာပြီ မင်းဟာ ဗီလိန်ကောင်ပဲ"

"ဘာကွ"

ဗီလိန်ကောင်ဟု ယိုးစွပ်ခံလိုက်ရသဖြင့် နက်ရှိုင်း ဒေါသတွေ





ထိုးလိုက်ခုန်ထွက်လာ၏။

"မင်းက သံယောဇဉ်လည်းမရှိဘဲနဲ့ မိန်းကလေးတစ်ယောက်ကို ရောက်မူးတာ အကြောင်းပြပြီး သားမယားပြုကျင့်လိုက်ပြီ ဆိုကတည်းက ဗီလိန်ပေါ့"

နက်ရှိုင်း မျက်နှာကြီး နီလာပြီး မထိတထိပြောနေသော ဇော် အောင်ကို စွေကြည့်သည်။

"တော် တော်ကွာ၊ ငါ စိတ်တအားဆိုးလာရင် မင်း မျက်ခွက် ကို ကျွံထွက်သွားအောင် ထိုးမိလိမ့်မယ်"

"အဟဲ ငါ ပြောတာ မင်း အချက်ကို ထိသွားတယ်ထင်ပါရဲ့၊ ဘာရိုးပဲကွာ၊ မင်းနဲ့ရဲရဲကို အဆင်ပြေစေချင်တဲ့ ဆန္ဒနဲ့ ကရုဏာဒေါ သော ပြောမိတာလေးပါ ဘွာတေး ဘွာတေး"

ရယ်ကျဲကျဲဖြင့် တောင်းပန်လာပြန်တော့လည်း နက်ရှိုင်း၏ ဒေါသတွေ အငွေ့ပျံရပြန်၏။

ဘာပဲဖြစ်ဖြစ် သူပြောနေတာတွေက ကိုယ့်အတွက်ပြောနေတာ တွေဆိုတာကိုတော့ နက်ရှိုင်း ကောင်းကောင်းကြီး သဘောပေါက်ပါသည်။

ကိုယ်ကသာ ရင်ဘတ်ထဲက ထွေးလိပ်နေတဲ့ ခံစားမှုတွေကို အဖြေမရှာတတ်သေးတာပါ။

ကိုယ့်ရာဇဝင် လိမ်မှာအောင်တော့ ချစ်တတ်အောင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရမှာပဲလေ။

အခြေအနေက အစကနေ ပြန်စစရာမှ မလိုတာ။

■ ■ ■

## အခန်း (၂၂)

"မင်းညို"

"ဗျာ အစ်ကို"

"ရဲရဲ ဘယ်သွားလဲ"

"ရှိတယ် အစ်ကို၊ စောစောက ရေချိုးခန်းဝင်မယ်လို့ ပြောတယ်"

"ညနေ လမ်းလျှောက်ထွက်မယ်တဲ့လား"

"ဟုတ်ကဲ့ ထွက်မယ်လို့တော့ ပြောတယ်"

"မင်း လိုက်သွားရမှာလား"

စစ်တမ်းကောက်သလို မေးနေသော နက်ရှိုင်း၏အမေးကြောင့် မင်းညိုကလည်း ကာရံညီအောင် အလိုက်သင့်ဖြေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ လိုက်ရမှာပါ အစ်ကို၊ ကျွန်တော့်ကို ဘာခိုင်းမလို့လ

"ဘာမှမခိုင်းဘူး ရော့ ဒါကို သူ့ကိုပေးလိုက်"

"ငါ ဝယ်ပေးတယ်လို့ မပြောနဲ့"

စက္ကူလက်ဆွဲအိတ်တွေကို လှမ်းပေးရင်း ပြောလိုက်သော နှ ရှိုင်း၏စကားကြောင့် မင်းညို ပြုံးလိုက်သည်။

"ဒါဆို ဘယ်သူ ဝယ်ပေးတယ်ပြောရမလဲ"

"မင်း ဝယ်ပေးတယ်လို့ ပြောလိုက်"

"ယုံမယ် မထင်ဘူး၊ အဲဒီလောက် ဈေးကြီးတာကြီးကို ကျ တော် ဝယ်မပေးနိုင်ဘူးဆိုတာ ရဲရဲ ကောင်းကောင်းသိတယ်"

"ကျွတ် မင်း တကယ်ရစ်တဲ့ကောင်ကွာ၊ ငါ ဝယ်ပေးတယ် မပြောတာကလွဲပြီး မှင်းနည်း မင်းဟန်နဲ့ ကြည့်ရှိုးလိုက်ပေါ့ကွာ"

"ဟုတ် ဟုတ်ကဲ့"

မင်းညို လက်ဆွဲအိတ်တွေကို ကိုင်ပြီး အခန်းထဲဝင်ရန် ဟန် လိုက်၏။

"ဟေ့ကောင် ဒါက ဘယ်ထဲဝင်မလို့လဲ"

ရဲရဲ အခန်းထဲဝင်အံ့ဆဲဆဲ ခြေလှမ်းတွေ နက်ရှိုင်း၏အ ကြောင့် တွန့်ဆုတ်သွားရ၏။

"ကျွန်တော့်ကို ရဲရဲ သနပ်ခါးသွေးခိုင်းထားလို့ပါ"





"သူစိမ်းယောကျ်ားတစ်ယောက်ကို သူလိမ်းဖို့ သနပ်ခါးသွေးခိုင်း ထားယ်လို့ ဘယ်လိုမိန်းမလဲ"

"သူ လိမ်းဖို့ သနပ်ခါးတောင် သူ့ဟာသူ မသွေးနိုင်ဘူးလား"

"ဒြော် အစ်ကိုရာ မပေါ့မပါးနဲ့ဆိုတော့ သူ့ဟာသူ သနပ်ခါး သွေးလိမ်းဖို့ ဘယ်လွယ်လိမ့်မလဲ"

မင်းညို ပြောတော့လည်း ဟုတ်သားပင်။ ဒါပေမဲ့ ကိုယ့်မိန်းမ ကို တခြားယောကျ်ားတစ်ယောက်က ကိုယ့်ရှေ့မှာ လိုလေသေးမရှိအောင် ပြုစုနေတာကို ဘယ်ယောကျ်ားက ရှုစိမ့်နိုင်မှာလဲ။

"အေး ဒါဆို ငါ သွေးပေးလိုက်မယ်၊ မင်းလုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့ အစ်ကို ရော့ ဒါဆို ဒီအထုပ်လေးပါ အစ်ကိုပဲ အခန်းထဲ ယူသွားပေးပါ"

"ပေး"

မင်းညိုကမ်းပေးသော အထုပ်ကို ကိုယ်ပြန်ယူပြီး ရဲရဲ အခန်းထဲ သို့ ဝင်လာလိုက်၏။

ရေချိုးခန်းအတွင်း ရေပန်းမှရေကျသံသဲ့သဲ့ကို ကြားရ၏။ ရေ ချိုး၍မပြီးသေးဘူး ရေကို ဒီလောက်အကြာကြီး ချိုးရသလား။ အအေးပတ် နေမှဖြင့်ဆိုတဲ့ စိုးရိမ်စိတ်က ရင်ထဲကို ခပ်သဲ့သဲ့တိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်"

စက္ကူအိတ်တွေကို ရဲရဲ ခုတင်ပေါ်သို့ ဘုတ်ခနဲ ပစ်တင်လိုက်ပြီ

မှန်တင်ခုံရှိရာသို့ ခြေသံခပ်ဖွဖွ သွင်းပြီး လျှောက်လာပြီး သနပ်ခါးကျောက်

ပြင်ပေါ်မှ အဖုံးကို ဖယ်လိုက်၏။

ပြီးနောက် ရေဘူးထဲမှ ရေကို တစ်စက် နှစ်စက် လောင်းထည့်

ပြီး သနပ်ခါးတုံးနှင့် တဖျင်းဖျင်း မြည်အောင် သွေးလိုက်၏။ ကျောက်

ပြင်က ချော၍ မနည်းအားစိုက်သွေးနေရသည်။

ယောက်ျားကြီးဖြစ်တဲ့ ကိုယ်တောင် မနည်းအားစိုက်သွေးနေ

ရင် မပျော့မပါးနဲ့ သူမသာ သွေးလျှင် ဘယ်လောက် ခက်ခဲလိမ့်မည်

တွေးရင်း နည်းနည်းတော့ သနားသွားရ၏။

သွေးနေရင်းနဲ့မှ နောက်ကိုလည်း စိတ်မလုံသလို မကြာမကြာ

လှည့်ကြည့်ရသေးသည်။ ကိုယ်က သူ့အတွက် သနပ်ခါးသွေးပေးတယ်

တာကို သူ့ကို မသိစေလို။ သိရင် မာန်တက်သွားဦးမည်။

ရေချိုးခန်းထဲမှ ရေသံမကြားတော့။ ဒါဆို ပြီးပြီ ထင်

သနပ်ခါးလည်း အတော်အသင့်ရပြီမို့ နက်ရှိုင်း ရဲရဲ ရေချိုးခန်းမှ ထွ

မလာခင် အမြန်ထပြီး အခန်းအပြင်သို့ ခြေသံခပ်ဖွဖွနင်းပြီး ပြေးထွ

ခဲ့၏။

တော်ပါသေးရဲ့ ရဲရဲ ထွက်လာတာနှင့်မတိုးလို့။ အခန်းပြ





နောက်တော့ မင်းညို ဆွဲခြင်းလေးထဲကို ရေဘူးနှင့်စားစရာအချို့ကို

ထည့်နေ၏။

"ဒါတွေက ဘာလုပ်ဖို့လဲ"

"ရဲရဲ လမ်းလျှောက်ရင်းစားဖို့ပါ"

နက်ရှိုင်း မဲ့လိုက်သည်။

"ဒီကောင် နည်းနည်းတော့ အိုဗာ ဖြစ်လွန်းနေပြီ"

"လမ်းလျှောက်ထွက်တာပဲ၊ ဒါတွေက လိုအပ်လို့လား၊ အလ

အား အပိုအလုပ်တွေ"

နက်ရှိုင်း၏အပြစ်တင်စကားကြောင့် မင်းညို ခပ်ဖွဖွ ရယ်

သည်။

"အဲဒီလိုထည့်မှ အစ်ကို၊ မိုးမိုးဆိုရင် လမ်းဘေးက အစားအစာ

တွေကိုစားမယ်ရှည်း တကဲကဲ လုပ်နေလို့"

ဒီကောင် အကွက်စေ့လှချည်လားဟူသော အတွေးနှင့်အတူ

မင်းညိုကို အကဲခတ်လိုက်ပြီး သက်ပြင်းခပ်မျောမျော ချလိုက်သည်။

"ဒီနေ့ မင်းအိမ်မှာနေခဲ့၊ ငါ လိုက်သွားမယ်"

"ဗျာ"

"ဟာ ဒီကောင်ကွာ ငါ ပြောတာ ဗမာစကား။ ပြင်သစ်စကား

လည်းမဟုတ်ဘူး။ ကိုရီးယားစကားလည်း မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်ပါတယ် အစ်ကိုရ"

"ဘာ ဟုတ်တာလဲ"

"အဲ အစ်ကို ပြောတာ ကျွန်တော် သဘောပေါက်ပါတယ်... ပြောတာပါ၊ ဒါပေမဲ့ ရဲရဲက အစ်ကိုလိုက်တာ ကြိုက်ပါ့မလား"

"မင်းအပူမပါဘူး၊ ငါက သူ့ယောက်ျား"

"ဟုတ် ဟုတ်ကဲ့ သိပါတယ်"

"သိရင် လျှာမရှည်နဲ့တော့၊ ဒီနေ့ကစပြီး လမ်းလျှောက်ထွ... တိုင်း ငါပဲလိုက်သွားမယ်"

"ဟုတ်ကဲ့"

"ငါ ရေချိုးလိုက်ဦးမယ်၊ ရဲရဲ ထွက်လာရင် အချိန်ဆွဲထ... လိုက်"

"ဟုတ်ကဲ့"

မင်းညို တရိုတသေနှင့် ခေါင်းညိတ်ပြလိုက်၏။

နက်ရှိုင်း ရေချိုးခန်းဝင်ရန်အတွက် မင်းညိုရှေ့မှ ထွက်... လိုက်၏။ ရေကို အရင်ကလို အကြာကြီး စိမ်ချိုးမနေတော့ဘဲ ခပ်မြန်မြ... ချိုးလိုက်ပြီး ဗီရိုထဲမှ ပေါ့ပေါ့ပါးပါး ဝတ်စုံတစ်စုံကိုသာ အမြန်... ထုတ်ဝတ်လိုက်၏။

ကားသော့ယူပြီး အခန်းအပြင် ထွက်လာတော့ ရဲရဲ ညေ...





ထဲတွင် ထိုင်နေ၏။ နက်ရှိုင်း ညေ့ခန်းထဲကို ဝင်လာတာ မမြင်ဘဲ မင်းညိုကို အော်ခေါ်နေ၏။

"မင်းညို ဘယ်သွားနေတာလဲ"

"မင်းညို မရှိဘူး၊ ငါ အပြင်ကို ခိုင်းထားတယ်၊ နင် ဘာလုပ် မလို့လဲ"

"လမ်းလျှောက်ထွက်မလို့"

ရဲရဲအသံက မာဆတ်ဆတ်။ အလိုလိုနေရင်း နှုတ်ခမ်းက ဆူနေ သေးသည်။

"ဒါဆို ငါ လိုက်ခဲ့ပေးမယ်၊ နင့်အတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင်ပေါ့"

ရဲရဲမျက်နှာ တည်တင်းတင်းလေးနှင့်ပင် မော့လိုက်ပြီး

"နင် လိုက်ချင်ရင် လိုက်ခဲ့ပေါ့၊ ငါကတော့ လိုက်ပါလို့လည်း မခေါ်ဘူး၊ မလိုက်နဲ့လို့လည်း မတားဘူး"

အထက်စီးက ပြောလိုက်သော ရဲရဲစကားကြောင့် နက်ရှိုင်း နည်းနည်းတော့ တင်းသွား၏။

သို့သော် ဘာမှပြန်မချေပဖို့ မကြိုးစားချင်တော့ပဲ ကိုယ့်ရဲ့ဒေါသ တွေကို အပြင်သို့ စကားလုံးရင့်ရင့်တွေအဖြစ် ပေါက်ကွဲထွက်မလာအောင် သတိဖြင့် ထိန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူနှင့်ရဲရဲကြားမှာ ဘယ်လောက်ကြီးမားတဲ့ ရန်ငြိုးအာဃာတတွေ ရှိခဲ့တာမို့လဲ။

အရွယ်မရောက်ခင် ကလေးဘဝက မသိတတ်တဲ့စိတ်နဲ့ သူ့အပေါ် အနိုင်ယူခဲ့မိသည်။ ပြီးတော့ ကိုယ့်ကြောင့် သူမ လောကအပေါ်က လိမ့်ကျပြီး လက်ကျိုးခဲ့ရသည်။

ဒါပေမဲ့ ဒါတွေဟာ အတိတ်တစ်ချိန်မှာ ခပ်မှုန်မှုန် ခပ်ရေးရေးသာ ကျန်ခဲ့သည်ပဲ။ သူက ကိုယ့်ကို အသေမုန်းနေ၍သာ ကိုယ်ကလည်း အမုန်းတွေနှင့် ပြန်ပြီးတုံ့ပြန်ခဲ့တာ။

တကယ်တော့ ဒါတွေဟာ ကြာခဲ့ပြီမဟုတ်လား။ အရွယ်ရောက်ပြီးလို့ မိဘတွေ သဘောဆန္ဒအတိုင်း လက်တောင်ထပ်ကြပြီးမှ ဘယ်လောက်ပဲ အချစ်မပါဘဲ အမုန်းချည်းသက်သက်နဲ့ တစ်မိုးအောက်ထဲမှာ အတူနေခဲ့ကြတယ်ဆိုပေမယ့် သမားရိုးကျ လင်မယားစနစ်အတိုင်း နေထိုင်ခဲ့ကြပြီးပြီပဲ။

တစ်ယောက်ကိုတစ်ယောက် အခုထက် အများကြီး ပိုပြီး ရင်းနှီးသင့်ပြီလို့ နက်ရှိုင်း တွေးလျက် မာနတွေကို တစ်ထစ်ချပြီး ငြိမ်းချမ်းရေးယူဖို့ ကိုယ်ကပင် စတင်၍ ခြေလှမ်းစလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါ့မှာ တာဝန်ရှိတယ်၊ ဒါကြောင့် ငါ လိုက်ခဲ့မယ်"





ဒေါသသံမပါသော လေသံခပ်အေးအေးဖြင့် ပြောနေသော နတ်ရှိုင်း၏အသံက အရင်ရက်တွေကထက် ပိုပြီး နူးညံ့နေသည်ဟု ထင်မိ၏။ ဘယ်လိုပဲဖြစ်စေ ရဲရဲ ရင်ထဲမှာ ကျေနပ်နေမိတာတော့ အမှန်ပင်။

မိန်းမတွေရဲ့မာယာက ယောကျ်ားတစ်ယောက်ရဲ့ မာနတွေကို အသားကြိတ်စက်ထဲ ထည့်ကြိတ်လိုက်သလို နောက်ဆုံးတော့ စိစိညက်ညက် ကြေရတာပဲမဟုတ်လား။

အနိုင်လိုချင်မှုတွေက ပီတိနှင့် ရောထွေးကုန်ကြ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

သောကတွေကို ခဝါချခဲ့ပြီး ငါ့ရဲ့လက်ကို ရဲရဲသာဆုပ်ကိုင်လိုက်စမ်းပါ။ ပြီးတော့ ငါတို့ ရာဇဝင်လိမ္မာအောင် အမုန်းတွေကို နှစ်ပြီး သဘောတူ ချန်လှပ်ခဲ့ကြမယ်လေ။ နင် သဘောတူမယ်ဆိုရင်တော့ ငါတို့ရဲ့ သမိုင်းတွေကို ပြန်ပြင်ရေးကြရအောင် ရဲရဲရာ။

အင်းယားကန်ရေပြင်မှ ဖြတ်တိုက်လာသော လေနုအေးက နက်ရှိုင်း၏စိတ်တွေကို ကြည်လင်လန်းဆန်းသွားစေ၏။ မခံစားဖူးသော ခံစားမှုနွေးနွေးလေးတွေပင် လေပြည်နှင့်အတူ တလှပ်လှပ် တိုးဝင်နေကြ၏။

နက်ရှိုင်း မျက်နှာမှာအရင်ကလို သုန်မှုန်မနေဘဲ ကြည်လင်နေသည်ဟု ရဲရဲတစ်ယောက် ခပ်တိတ်တိတ်လေးတွေးပြီး ကျေနပ်နေမိ၏။





ရဲရဲဘဝမှာ ဒီလိုနေ့မျိုးရောက်လာလိမ့်မည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့။ ဒီနေ့မှ ထူးထူးခြားခြား ကိုယ်နှင့်အဖော်လိုက်ပေးသတဲ့။ စိတ်တွေ ပုံမှန်ပြန်ဖြစ်သွားလို့ ထင်ပါရဲ့။

ဒါမှမဟုတ် ဗိုက်ထဲက ကလေးဟာ သူ့ကလေးလို့ အပြီးတိုင် သူဆလိုက်လို့များလား။

ဒါဆိုရင်တော့ နက်ရှိုင်းခမျာ နဖားကြိုးထိုးခံရတော့မပေါ့။

အတွေးနှင့်အတူ ခပ်လွှင်လွှင်လေး ပြုံးလိုက်ပြီး ကိုယ်နှင့်မလှမ်းကမ်းရှိ ခုံတန်းတွင်ထိုင်ရင်း စုံတွဲတွေကိုငေးနေသော နက်ရှိုင်းဆီသို့ လျှောက်လာလိုက်၏။ ပြီးတော့ နက်ရှိုင်းနားမှာ ဝင်ထိုင်လိုက်၏။

"နက်ရှိုင်း"

"ဘာလဲ"

တင်းမာသော လေသံမဟုတ်ပေမယ့် သိပ်လည်း မပျော့ပျောင်း။

"နင် ငါ့ကို ကြွေနေပြီမဟုတ်လား"

"အဟက် နင် ဒီမေးခွန်းကို ပါးစပ်အရာသာခံပြီး မေးကြည့်တာတော့ မဟုတ်လောက်ပါဘူးနော်"

ပြန်ပြီး ခနဲ့လိုက်သော နက်ရှိုင်း၏အမေးကြောင့် ရဲရဲ ပန်းလေးကို ဆတ်ခနဲ တွန့်လျက် ခပ်တိုးတိုး ရယ်လိုက်သည်။

သူမ၏ရယ်သံ ခပ်တိုးတိုးတို့ကို လေပြည်တို့က အဝေးထိခေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရာကို ခပ်ဖြည်းဖြည်း သယ်သွားကြ၏။

"ဒါဆို နင် ငါနဲ့ဘာလို့ လိုက်လာလဲ"

"ငါ့ရဲ့ ဂုဏ်သိက္ခာအတွက်"

"ဘာရယ်"

လေပြည်ကြောင့် ဝေ့ဝဲလှုပ်ခပ်နေသော ဆံစတို့ကို သပ်တင်ရင်း

နားမလည်သော အကြည့်ဖြင့် ဆတ်ခနဲ လှည့်ကြည့်မေးလိုက်သည်။

"ဟုတ်တယ်လေ နင် အမြဲတမ်း မင်းညီနဲ့ပဲသွားနေတာ

ပတ် ဝန်းကျင်အမြင်မှာ မသင့်တော်ဘူး။ ငါ့အသိုင်းအဝိုင်းထဲက ငါနဲ့ရည်

ကလေးလို့မထင်ဘဲ မင်းညီနဲ့ရတဲ့ ကလေးလို့ ထင်သွားကြတော့မှာ

အဲဒီလိုဆို ငါ သိက္ခာမကျဘူးလား"

ရဲရဲ မျက်နှာကြည့်လင်နေရာမှ ချက်ချင်း ညှိုမှောင်သွား၏

ဒီစကားဟာ ရဲရဲ အရှိက်တည့်တည့် ထိမှန်သွားသလို လိမ်ပြ

မလုံဖြစ်မိတာတော့ အမှန်။

"ဒါဆို ဒီဗိုက်ထဲက ကလေးက နင့်ကလေးဆိုတာကို နင်

လက်ခံတယ်ပေါ့"

အသံမတုန်အောင် ထိန်းမေးလိုက်သော မေးခွန်းဖြစ်ပေမယ့်

အဖျားခတ်မှာ တုန်ရင်နေတာတော့ ကိုယ်ကိုယ့်ကိုယ် ပြန်သတိပြုမိ၏

"နင့်ကိုငါ မုန်းပေမယ့် နင့်ကာရိုက်တာကို ငါ ယုံတယ်၊ အဲ





အတွက် ဒီကိုယ်ဝန်ဟာ ငါနဲ့ငြိတဲ့ကိုယ်ဝန်ပေါ့"

ရဲရဲ ဘာစကားမှမဆိုဘဲ ရေပြင်ကျယ်ကြီးကို အဓိပ္ပာယ်မဲ့

ငေးမောနေလိုက်၏။

နောင်တ တရားတွေက ရင်ဘတ်ထဲက ရင်ခုန်သံ အတွေးလှိုင်း

တွေထဲမှာ ငုတ်ချည်ပေါ်ချည်နှင့် လူကို တဒင်္ဂတော့ မိန်းမောသွားစေ၏။

ကိုယ့်ရဲ့အပြုံးတွေက ကိုယ့်ကိုယ်ကိုယ် ပြန်လည် အဆိပ်သင့်

စေပြီထင်ရဲ့။

"ငါပြောတာ မှန်တယ် မဟုတ်လား ရဲရဲ"

ရုတ်တရက် နားနားကိုကပ်ကာ ခပ်တိုးတိုး မေးလိုက်သော

နက်ရှိုင်း၏အမေးကြောင့် အတွေးတို့ဖြင့် တွေဝေမိန်းမောနေရင်းမှ ခန္ဓာ

ကိုယ်လေး ဆတ်ခနဲ တုန်သွားကာ တောင့်တင်းသွားရ၏။

"ဟင် ဘာလဲဟင်"

"ကျွတ် နင့်စိတ်တွေ ဘယ်ရောက်နေပြီလဲ၊ မြက်စားဖို့ လွှတ်

လိုက်ပြီလား"

ရွှတ်နောက်နောက် ပြောလာသော နက်ရှိုင်းရဲ့စကားက ကိုယ့်ရဲ့

မလုံလဲသော စိတ်ကို ထွက်ပေါက်ပေးသလိုဖြစ်သွား၍ တော်သေး၏။

"နင့်အသံက တိုးနေတာကို လေတိုက်တဲ့အသံနဲ့ဆိုတော့ ဘယ်

သဲကွဲမလဲ ကဲ ပြော ဘာပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာ မှန်တယ် မဟုတ်လားလို့"

"အင်း မှန်တယ်"

"ဒါဆို နှင့်ဗိုက်ထဲက ငါ့ရင်သွေးလေးကို အတတ်နိုင်ဆုံး ဂရုစိုက်ပေးပါ"

"ဒါကတော့ နှင် ပြောစရာမလိုပါဘူး၊ ငါက ဝမ်းနဲ့လွယ်ထား ရတဲ့မိခင်ပါဟဲ့"

"ငါကလည်း ဖခင်ပဲလေ၊ အဲဒီလောက်တော့ စိုးရိမ်သင့်တာ ပေါ့၊ နှင်သာ ငါ့ကလေးကို နှင့်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက် ဖို့ မမေ့နဲ့ နားလည်လား"

အကဲပိုစွာ ပြောလိုက်သော နက်ရှိုင်းစကားကြောင့် ရဲရဲ အကြည့်တွေဖြင့် မျက်စောင်းရွယ်လိုက်သည်။

"နှင်က ငါ့အသက်ကိုတော့ သေပစေ၊ ဗိုက်ထဲက ကလေးကို တော့ ရှင်ပစေပေါ့ ဟုတ်လား နက်ရှိုင်း"

"နှင် မနာလို မဖြစ်စမ်းပါနဲ့ဟာ၊ ငါ အခုလို ပူပန်ပေးတာကိုပဲ နှင့်အနေနဲ့ ငါ့ကို ကျေးဇူးအကြီးမ်ပေါင်းများစွာ တင်နေရမှာဟ"

"အဲမှာ လဲသေလိုက် ငါက နှင့်ကို ဘာလို့ကျေးဇူးတင်ရမှာလဲ နှင်ကသာ ငါ့ကိုကျေးဇူးတင်ရမှာ"

စကားနှုတ်လှန်ပြန်ထိုးပေမယ့် ရင်ထဲမှာတော့ သူ့ကိုစကားနိုင်





လို့ ဘာစကားလုံးမှ ထွက်မလာ။ စိတ်ကြည်လင်မှုများအားလုံး တစ်စစီ လွင့်စဉ်ပျောက်ပျက်သွားသလို ခံစားရ၏။

နှင် သိပ်ကို အတ္တကြီးပါလား နက်ရှိုင်းရယ်။ အရာရာကို နှင့်အတွက်ဆိုတာချည်းပဲ ဦးစားပေးတတ်တဲ့ နှင့်အကျင့်ဆိုးတွေ ဘယ် တော့များမှ ပျောက်ပျက်ဦးတော့မှာလဲ။

အေးလေ နှင့်အတ္တထက် ငါ့အတ္တနဲ့ ငါ့အပြုံးတွေက ပိုပြီးရက် စက်တယ်ဆိုတာ တစ်ချိန်ချိန်မှာ နှင်သိလာရမှာပါ။ အဲဒီအချိန်ကျရင် တော့ နှင့်မှာ နောင်တတွေနဲ့ ပြင်ဆင်ခွင့်ဆိုတဲ့ အခွင့်အရေးတွေ ဆုံးရှုံး ရမှာပါ။

ခုတော့ နှင့်ရဲ့အနိုင်ယူမှုတွေကို ငါ ကောင်းကောင်းကြီး လည် စင်းခံပေးမယ်။ နှင့်ဆီက အမုန်းတွေကိုလည်း ငါ ကောင်းကောင်းကြီး ငြိမ်ယုက်စွာ စားသုံးပေးမယ်။

ရဲရဲ အတွေးထဲမှာ သွေးအေးစွာ ပြောလိုက်မိသည်။

ဘာပဲဖြစ်ဖြစ် ကလေးဟူသော မျှော်လင့်ချက်ဖြင့် သူ ရဲရဲအပေါ် အစ်ထစ်လျှော့ပြီး သိမ်မွေ့ညင်သာသွားတာကတော့ အတော့်ကို မယုံ နိုင်စရာ အံ့ဩစရာကောင်းနေတာကတော့ အသေအချာပါပဲ။

တကယ်တမ်း မရှိသေးခဲ့တာက ကိုယ်ကိုယ်တိုင်ပဲလေ၊ ဘယ် လောက် လွဲမှားလိုက်တဲ့ စိတ်ရှုးစိတ်မိုက်လဲလို့၊ သို့သော် ကံကြမ္မာက



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ခွင့်မှ မပေးတော့တာ။

ဒီတော့ အလိုက်သင့် မျောလိုက်ရုံပေါ့။

■ ■ ■





## အခန်း (၂၄)

"ဟင် များလှချည်လား နက်ရှိုင်း"

ရဲရဲ ထိုင်နေသော ဆိုဖာခုံပေါ်သို့ တစ်ပုံတစ်ပင် ချလိုက်သော ည်းပစ္စယ အစုံအလင်ကြောင့် ရဲရဲ တအံ့တသြဖြင့် ပြောလိုက်၏။

ဒီလို ရက်ရောမှုမျိုးကို နက်ရှိုင်းဆီမှာ တွေ့ရတာ ဒါဟာ ပထမဦးဆုံး အကြိမ်ပဲဖြစ်သည်။

"ငါ့ကလေး ကျန်းမာဖို့အတွက် နင် ဒါတွေစားပေးရမယ်၊ ရော့ ဒီမှာလည်း ကိုယ်ဝန်ဆောင် အားဆေးတွေ ဝယ်လာသေးတယ်"

အားဆေးပုလင်းတွေက အများကြီး။

"ဟင် ငါ့မှာ ဝယ်ထားပြီးသားရှိတယ်လေ၊ ဘာလို့ အားဆေး တွေ အများကြီး ဝယ်လာရတာလဲ ဟယ်"



www.burmeseclassic.com

"အများကြီး ရှိတော့လည်း မွေးပြီးတဲ့အထိ ဆက်သောက်

ဝယ်ချင်ရာကို အချိန်အဆမရှိဘဲ ဝယ်လာမိသော နက်
ဇါ်စေတနာတွေထဲမှာ ရဲရဲအတွက်မြူတစ်မှုန်စာတောင် မပါဘူးဆို
သိပေမယ့် ရင်မှာဘာကြောင့်မှန်းမသိ နွေးထွေးကြည်မွေ့၍နေ

"မာမီက ပြောတယ်၊ ဒီကလေးက ငါနဲ့တူမှာတဲ့"

"ဟင် ဘာကြောင့် နင်နဲ့တူရမှာလဲ၊ ငါ့ဗိုက်ထဲကထွ
မွေးရမှာ ငါနဲ့ပဲ တူရမှာပေါ့"

"မာမီပြောတော့ နင် ကိုယ်ဝန်စရှိလို့ ချင်ခြင်းတက်တာက
မာမီ ငါ့ကို ကိုယ်ဝန်ဆောင်စဉ်က ချင်ခြင်းတက်တာနဲ့ တစ်ပုံစံတ
တူတယ်တဲ့၊ ဒါကြောင့် နင်စားချင်တာမှန်သမျှ ငါ ဝယ်ခဲ့တာ၊
ဒီပန်းသီးလေး စားကြည့်စမ်း။ ဒါ အီတလီကအသီးတွေ၊ ငါ့သူငယ်ချ
တစ်ယောက် ဒီကိုပြန်လာတာနဲ့ ကြုံလို့ ငါ ကြုံမှာလိုက်တာ"

"ထောပတ်တို့ ဒိန်ခဲတို့ကိုလည်း ဈေးအကြီးဆုံး အရည်အသွေး
အကောင်းဆုံးထဲက ရွေးဝယ်ခဲ့ပေးတာ၊ ဒီဟာတွေကို တစ်ပတ်အတွင်
ကုန်အောင်စား ဒါမှ ကလေးအားရှိမှာ"

စိုရဲနေသော ပန်းသီးတစ်လုံးကိုယူ၍ တစ်ရှူးဘူးထဲမှ တစ်ရှူး
တစ်ရွက် ဖျတ်ခနဲ ဆွဲယူပြီး ပန်းသီးကို တစ်ရှူးဘူးထဲမှ တစ်ရှူးတစ်ရွ
ဖျတ်ခနဲ ဆွဲယူပြီး ပန်းသီးကို သုတ်လိုက်သည်။





"ရော့ အလုံးလိုက်သာ ကိုက်စားတော့"

ဖွတ်အတင်း လှမ်းပေးနေသော ပန်းသီးကို ရဲရဲ မယူချင်
ပြင့် လှမ်းယူလိုက်ပြီး တစ်ကိုက်ကိုက်လိုက်၏။

သူပြောသလို ပန်းသီးက အရမ်းကို ချိုမြိန်ပြီး အရသာတော်
တော် ထူး၏။

"ရဲရဲ"

ပန်းသီးကိုက်နေရင်းမှ ခေါ်သံကြောင့် နက်ရှိုင်းအား ဘာလဲဟု
သော အကြည့်ဖြင့် မျက်လုံးလေး ဝေ့ကြည့်လိုက်၏။

"ငါ့ကလေးကို ငါနဲ့တူအောင် မွေးပေးမယ်မဟုတ်လား"

ကလေးတစ်ယောက်လို သူလိုချင် သူဖြစ်ချင်တာကို ဖွတ်အ
တင်း ပူဆာနေသော နက်ရှိုင်းကိုကြည့်ပြီး ရဲရဲ စိတ်ပျက်စွာ ပြုံးလိုက်ပြီး

"ငါ မွေးလိုက်တဲ့ ကလေးက နင်နဲ့တူအောင် မွေးဖို့ဆိုတာ
ဒီတာ နင့်ကို ချစ်ခင်စွဲလမ်းနေမှသာ ကလေးက နင်နဲ့တူတော့မှာပေါ့၊
ခု ငါက နင့်ကိုချစ်မှမချစ်တာ အဲဒီတော့ ငါချစ်တဲ့သူနဲ့ပဲ ဒီကလေးက
သာတူတော့မှာပေါ့၊ ဒါသဘာဝပဲ မယုံရင် နင့်အမေကို မေးကြည့်လိုက်"

"သွားစမ်းပါဟာ အဓိပ္ပာယ်မရှိတဲ့စကားတွေ"

နက်ရှိုင်း မျက်နှာမှာ အလိုမကျဟန်တွေဖြင့် ပုတ်သိုးသွား၏။
ရဲရဲက သူ့ကိုမုန်းနေမှတော့ မွေးလာတဲ့ကလေးက သူနဲ့ဘယ်လိုလုပ်ပြီး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တူနိုင်တော့မှာလဲ။

"ဟဲ့ ငါ တကယ်ပြောတာ၊ ဘယ်သူမှ မကြည့်နဲ့ နင်ပဲကြ

လေး နင့်မာမိက နင့်ဒယ်ဒီကို သိပ်ချစ်တာ မဟုတ်လား။ မွေးလာ

နင့်ရုပ်ကလေးက နင့်ဒယ်ဒီနဲ့ချွတ်စွပ်၊ ပုံလောင်းထားသလားလို့တော

ထင်ရတယ်တဲ့။ ခု အသက်ကြီးလာတော့လည်း နင်နဲ့နင့်ဒယ်ဒီနဲ့ ရုပ်ရ

အရမ်းဆင်တာပဲမဟုတ်လား။ ဒါဟာ ခိုင်လုံတဲ့သက်သေလေ"

"ဒါဆို နင်ကရော နင့်အဖေနဲ့ ဘာလို့မတူလဲ"

"မတူဆို ငါ့အမေက ငါ့အဖေကို လူကြီးတွေ အတင်းပေး

လို့သာ ယူလိုက်ရတာတဲ့၊ သိပ်မချစ်ဘူး။ ငါ့အဖေကတော့ ငါ့အမေ

ပုံထားမတတ်ချစ်တာ၊ ဒါကြောင့် မွေးလာတော့ ငါ့အဖေရဲ့အသည်း

ဖြစ်အောင် ငါက ငါ့အမေနဲ့သွားတူတာပေါ့"

ဟုတ်တာတွေရော မဟုတ်တာတွေရော ပုံကြီးချဲ့ပြီးပြော

သော ရဲရဲ၏စကားတွေကြောင့် နက်ရှိုင်း အနည်းငယ် တွေဝေသွား

သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် မကြည့်

လောက်အောင် မုန်းလွန်းပြီး လက်ထပ်လိုက်ကြတဲ့အတွက် မွေးလာ

ကလေးက ဘယ်သူနဲ့များ တူလာမလဲ။ ဒါကို နက်ရှိုင်း အဖြေအထ

စိတ်ဝင်စားမိ၏။

ကိုယ်က သူ့ကိုမချစ်တဲ့အတွက် သူနဲ့တူစရာ အကြောင်း





အလို ကိုယ့်ကိုလည်း သူက လုံးဝမချစ်တဲ့အတွက် ဒီကလေးက ကိုယ်နဲ့လည်း လုံးဝတူစရာ အကြောင်းမရှိဘူးဆိုတဲ့ သဘောလား။

"ဒါဆို နင်ချစ်တာ ဘယ်သူလဲ"

နက်ရှိုင်း ရဲရဲ၏ပခုံးနှစ်ဖက်ကို အားမလိုအားမရ ဖြစ်လွန်းစွာ ခြင်း ဆွဲကိုင်လှုပ်ရမ်းပြီး မေးလိုက်၏။

ရဲရဲ နှုတ်ခမ်းအစုံကို တွန့်ကွေးကာ ခပ်မဲ့မဲ့ပြုံးလိုက်ပြီး

"ငါ့ကိုယ်ငါပဲ"

"ဟင် ဒါဆို ကလေးက နင်နဲ့တူမယ်ဆိုတဲ့ သဘောလား"

"ဒါပေါ့"

နက်ရှိုင်း လုံးဝ လက်မခံနိုင်။

"မတူရဘူး ငါ့ကလေးက သူ့အဖေဖြစ်တဲ့ ငါနဲ့ပဲ တူရမယ်၊ ဒီတော့ နင် ငါ့ကို ချစ်ပါ၊ နင့်အချစ်ကိုငါ ခံချင်တယ်ဟာ နော် ရဲရဲ"

ကလေးတစ်ယောက်လို ဘုမသိဘမသိပုံစံဖြင့် ရင်ထဲက ခံစား ချက်မပါဘဲ အတင်းချစ်ခိုင်းနေသော နက်ရှိုင်းကိုကြည့်ပြီး ရဲရဲ တော်တော် လေး စိတ်ပျက်မိ၏။

"သွားစမ်းပါ နင် တော်တော် အတ္တကြီးပါလား နက်ရှိုင်းရယ်၊ နင့်ကလေးကို နင်နဲ့တူဖို့အတွက် ငါက နင့်ကိုချစ်ရဦးမယ် ဟုတ်လား"

"ငါ့ကလေး ငါနဲ့တူဖို့ ဒီတစ်နည်းပဲရှိတော့တာလေ၊ ဒါဒါအ



www.burmeseclassic.com

www.burmeseclassic.com



တွက် စိတ်ကောင်းလေးမွေးပြီး ငါ့တောင်းဆိုမှုကို လက်ခံလိုက်စမ်းပါ ကွယ်"

အရူးတစ်ယောက်လို တတွတ်တွတ် တောင်းဆိုနေသော နက်ရှိုင်းမော်ပုံစံကိုကြည့်ပြီး ရဲရဲ ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာသည်။ စိတ်ထဲရှိတဲ့အတိုင်းသာဆို လက်ထဲမှာ တစ်ကိုက်သာ ကိုက်ရသေးသော ပန်းသီးဖြင့် သူ့ခေါင်းကို တိန်ခနဲနေအောင် ထုထည့်လိုက်ပြီး ခုတော့ ရဲရဲ စိတ်တွေကို မနည်းအောင့်အီးမျိုသိပ်ထားလိုက်ရ၏။

"ပြောလေ ရဲရဲ၊ နင် ငါ့ကိုချစ်တယ် မဟုတ်လား"

"ငါ့ကို မုန်းနေတဲ့ယောကျ်ားတစ်ယောက်ကို ငါက သာတယ်နာတယ် သဘောမထားဘဲ ချစ်ရမယ်ပေါ့ ဟုတ်လား။ နက်ရှိုင်း အဟင်း နင် တော်တော် တစ်ကိုယ်ကောင်းဆန်ပြီး နင့်အတွက်ပဲ နင်ကြည့်တာကိုး ငါက နင့်အသွေးအသားနဲ့ ဖြစ်တည်ထားတဲ့ ရင်သွေးလေးကိုလည်း အောင်အောင်မြင်မြင်နဲ့ လျှောလျှောလျှူလျှူဖြစ်အောင်လည်း မွေးပေးရဦးမယ်၊ နင်နဲ့ရုပ်ချင်းတူအောင်လို့ နင့်ကိုလည်း တစ်ဖက်သတ် ချစ်ရဦးမယ် ဟုတ်လား တန်ရာတန်ရာပဲ တောင်းဆိုစမ်းပါ နက်ရှိုင်းရယ်"

ရဲရဲ စိတ်အချဉ်ပေါက်စွာဖြင့် ပြောလိုက်သည်။ နက်ရှိုင်းကတော့ အရင်လို ဆတ်ဆတ်ထိမခံ ပြန်မချေပတော့ဘဲနှင့် သူလိုချင်တာကို မရ ရအောင် ဇွတ်ကြိုးစားယူမယ့် အမူအရာတစ်မျိုးဖြင့် ရဲရဲကို ပြုံးပြီး ကြည့်လိုက်၏။





"ခုမှ ငါ အသေအချာ ကြည့်မိတယ်၊ နင် တော်တော် ချစ်ဖို့ကောင်းလာတာပဲ"

နက်ရှိုင်း ရဲရဲ မျက်နှာနား ထိလုမတတ် တိုးကပ်ပြီး မျက်လုံးမွဲကြီးဖြင့် စိုက်ကြည့်လိုက်သည်။

"ငါ့ကို ဒီလိုပေါ်တင်ကြီး ဒိုင်တွေလာမထည့်နဲ့၊ နင် ဒီစကားပြောလို့ ငါ ရင်ခုန်သွားမယ်များ ထင်နေလား နက်ရှိုင်း။ ဆောရီးပဲ နင့်ကို ချစ်လာဖို့အတွက် ဘယ်လိုနည်းမျိုးပဲသုံးသုံး ငါ့အတွက်ကတော့ နင်ဟာ နှစ်ငါးရာ ကျက်သရေမရှိတဲ့ ယောကျ်ားတစ်ယောက်ပဲ နက်ရှိုင်းရဲ့"

အနိုင်နှင့်ပိုင်းကာ ပြောချင်ရာကိုပြောပြီး နက်ရှိုင်း အနားမှ ရဲရဲ ထထွက်လာခဲ့၏။

နက်ရှိုင်း မကျေမနပ် မျက်နှာဖြင့် ခပ်တိတ်တိတ် ဆဲလိုက်ပြီး နေရာမှာတင် ကျန်ခဲ့၏။

စိတ်ချ နင် ငါ့ကို အရူးအမူး ချစ်လာအောင် ငါကလည်း ကြိုးစားပြမယ်။

ဒါမှ ငါ့ကလေးက ငါနဲ့တူလာမှာလေ။

ဒါဟာ ငါ့ရဲ့အကြီးမားဆုံး ဆန္ဒပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နင့်ရင်ဘတ်ထဲမှာ ငါ့ကို မုန်းတဲ့အမုန်းတွေ အပြည့်ရှိနေရဲ့သား နဲ့ ဘာကြောင့် ဖါ့ရင်ဘတ်ထဲက အငြိုးတွေကို ဖြည့်ချချင်နေရတာလဲ။ ငါက နင်ထင်သလို ခေါင်းငုံ့ခါးကိုင်းတတ်တဲ့ ခပ်ညံ့ညံ့ မဟုတ်ဘူး။ ငါတို့ အမုန်းပြိုင်ပွဲက အနိုင်အရှုံး မသဲကွဲသေးဘူးလေ။

"ငါ ပြင်ဦးလွင်သွားနေတဲ့တစ်လျှောက်လုံး နင် တော်တော် ပြောင်းလဲသွားတာပဲ"

နွေးအိ တအံ့တသြ ပြောလိုက်သော စကားကြောင့် ရဲရဲ ရှက်ဝဲဝဲလေး ပြုံးလိုက်၏။

"နင်က နေနိုင်တယ်နော်၊ ငါ့မှာ ရင်ဖွင့်စရာလူမရှိလို့ နင် မရှိတဲ့ကာလတစ်လျှောက်လုံး ဘယ်လောက်အထီးကျန်ခဲ့သလဲ"





"ယုံပါဘူး ညာနေတာ"

နှုတ်ခမ်းဆူရင်း အပြစ်တင်လာသော ရဲရဲ၏အပြစ်တင်စကား ကြောင့် နွေးအိ ရဲရဲကို ချစ်စနိုး မျက်စောင်းဖြင့် ခပ်စွေစွေလေးကြည့်ကာ မယုံပျှဘူးဟုဆိုကာ လက်ကလေးခါပြ၏။

"ဩော် တကယ်ပြောတာဟဲ့ ဘုရားစူး"

"အဲဒီလို အထီးကျန်ရင်းနဲ့ပဲ အခု ဗိုက်ကလေးထွက်လာပြီ မဟုတ်လား။ ဟွန်း ပြောတော့ မချစ်ဘူး မချစ်ဘူးနဲ့ ကလေးက ထွက် လာတော့မယ်"

"နင် မသိပါဘူး နွေးအိရယ်၊ ငါ့မှာလည်း ငါ့ဒုက္ခနဲ့ငါပါဟယ်"

"အံမယ် အရင်က ဒုက္ခဆိုတာ ငြိုဟ်နဲ့လားလို့ မေးယူရလောက် အောင် လိုတရပြည့်စုံနေတဲ့ မိန်းမက ခုမှ ထူးထူးခြားခြား ဒုက္ခတွေ ဘာတွေ တနေပါလား။ ကဲ ပြောစမ်း နင် ဘာတွေ စိတ်ညစ်နေလဲ၊ နင့်ဒါလင် သဘော်ပြန်တက်တော့မှာမို့လို့လား"

ထင်ကြေးဖြင့် မေးလိုက်သော နွေးအိ အမေးကြောင့် ရဲရဲ သက်ပြင်းခပ်ဖျော့ဖျော့ချလိုက်ပြီး

"သင်္ဘော်ပြန်တက်လိုက်တာကမှ ငါ့အတွက် ဝမ်းသာစရာ ဖြစ်ဦးမယ်ဟယ်၊ ခုတော့ သူ ငါ့နားမှာတစ်ချိန်လုံး ရှိနေလို့ ခက်နေတာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် နင့်ဟာက ပြောင်းပြန်၊ နင် ကိုယ်ဝန်ဆောင်နေတဲ့အချိန်မှာ ကိုယ့်ယောက်ျား ကိုယ့်အနားမှာ ရှိတာ ပိုတောင်ကောင်းသေးတယ် မဟုတ်လား"

"ဟင့်အင်း ငါကတော့ မကောင်းဘူး။ ငါ စိတ်ဆင်းရဲမှုတွေက တစ်ရက်ထက်တစ်ရက် လျော့မသွားဘဲ တိုးတိုးလာတာပဲရှိတယ်"

ခပ်ညည်းညည်းလေး ပြောလိုက်သော ရဲရဲ၏နှုတ်ထွက်စကားကြောင့် လက်ဖက်သုပ်ကို ဇွန်းဖြင့်ခပ်စားရင်းမှ နွေးအိ ရဲရဲကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး

"နင် ဘာတွေစိတ်ဆင်းရဲနေရလဲ ရဲရဲ၊ ငါ့ကိုပြောစမ်း ငါ ရင်ထိတ်လိုက်တာဟယ်"

နွေးအိ သူငယ်ချင်းအတွက် စိတ်ပူသွား၏။ ဖွတ်တရွတ်နိုင်သော သူငယ်ချင်းလေး ဘာများ လုပ်မိပြန်ပြီလဲ။

"ဒီ ဒီကိုယ်ဝန်က သူနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ဘူး နွေးအိ"

"ဟင်"

ရဲရဲ၏စကားကြောင့် နွေးအိလက်ထဲမှ ပန်းသီးစိပ် ထိုးစားနေသော ခက်ရင်းလေးပင် ပန်းကန်ထဲပြန်ပြုတ်ကျသွား၏။

အံ့သြလွန်း၍ ပါးစပ်ပင် မစိနိုင်။

"နင် နင် ဘာတွေလျှောက်ပြောနေတာလဲ ရဲရဲ မပြောကောင်း





တာတွေဟယ်၊ စကားနောက် တရားပါ တကယ်ပဲ"

"ငါ တကယ်ပြောတာ နွေးအိ"

မယုံနိုင်လွန်းသော မျက်လုံးများဖြင့် နွေးအိ ရဲရဲကိုကြည့်ကာ

"ဒါဆို ဒီ ဒီကိုယ်ဝန်က ဘယ် ဘယ်သူနဲ့လဲ အမလေး ငါတော့ သေတောင် သေလိုက်ချင်တယ်ဟယ်၊ နက်ရှိုင်းကိုမုန်းတာနဲ့ပဲ နင် ဘာတွေ မဟုတ်ကဟုတ်က လုပ်လိုက်သလဲ ရဲရဲရယ်"

"ဒီ ကိုယ်ဝန်က မင်းညိုနဲ့ရတဲ့ ကိုယ်ဝန်"

"ဘာ"

"ဟုတ်တယ် နက်ရှိုင်းနဲ့ငါနဲ့ မင်္ဂလာဆောင်တဲ့နေ့ သူ့အိမ်ကြီးကို ငါ တစ်ယောက်တည်း ပြန်ရတဲ့အချိန်၊ အဲဒီညမှာ မင်းညိုနဲ့ငါနဲ့ ပြီးဆုံကြတယ်၊ အဲဒီအချိန်တုန်းက ငါ့ရင်ထဲမှာ နက်ရှိုင်းကို နာကြည်းနာကြည်းစိတ်တွေပဲ ရင်ဘတ်ထဲမှာ တဖြည်းဖြည်း လျှံနေတာလေ၊ တကယ်တော့ ဒါတွေအားလုံးဟာ ငါ့အမှားတွေပါပဲ၊ မနက်မိုးလင်းလို့ ငါ အိပ်ရာနိုးချိန်မှာ မင်းညို ရင်ခွင်ထဲမှာ ငါရောက်နေခဲ့တယ်"

"ဒါပေမဲ့ ခုလို ကိုယ်ဝန်ရှိလာလိမ့်မယ်လို့ ငါ အိပ်မက်တောင် မက်ဖူးခဲ့ဘူး၊ ငါတို့နှစ်ယောက် မသိဘဲနဲ့ အမူးလွန်ပြီး ကျူးလွန်ခဲ့တဲ့ အမှားတစ်ခုက ငါ့ရဲ့ဘဝတစ်ခုလုံးကို အဆိပ်သင့်စေခဲ့တယ် နွေးအိရယ်"

"ဘုရား ဘုရား နင့်အစား ငါ ရင်လေးလိုက်တာဟာ ဒါကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကို နက်ရှိုင်း သိလား"

နွေးအိ စိုးရိမ်တကြီးမေးသော မေးခွန်းကြောင့် ရဲရဲ ခပ်ဖြည်း ဖြည်း ခေါင်းခါလိုက်သည်။

"နင် တစ်သက်လုံး ဖုံးထားနိုင်မလား"

"အရင်ကတော့ သူ့ကို နာကျင်စိတ်ကြောင့် ငါ မတုန်လှုပ်ခဲ့ တဲ့အပြင် ဒီကလေးကို သူ့ကလေးအဖြစ် တစ်သက်လုံး ထားလိုက်ပြီး သူသေခါနီး အသက်ငွေ့ငွေ့ကျန်တော့တဲ့အချိန်မှာ ငါက အောင်နိုင်သူ တစ်ယောက်ရဲ့ပီတိနဲ့ ဒီကလေးဟာ သူ့ကလေးမဟုတ်ဘူးလို့ ဖွင့်ပြော ဖို့ စဉ်းစားခဲ့မိတယ်"

"နင် အဲဒီလို လုပ်ရင် လောကကြီးက နင့်ကိုအပြစ်ပေးမှာပေါ့ ရဲရဲရယ်၊ ဖုံးကွယ်မယ်ဆိုရင်လည်း စိတ်ရှင်းရှင်းနဲ့ အမုန်းအငြိုးတွေမပါဘဲ ဖုံးကွယ်ထားလိုက်ပါ၊ သူ့အပေါ်မှာလည်း အဲဒီစိတ်ကြီးနဲ့ အနိုင်ယူဖို့ ဆိုရင်တော့ နင် အရှုံးသွားအေးရက်စက်ရာ မကျဘူးလား။ သူ သိရင် နင့်ကို လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူးနော်"

"နဂိုကတည်းကမှ နင်တို့နှစ်ယောက်က အမုန်းတွေနဲ့ ရှင်သန် နေကြတာ"

"ဒါပေမဲ့ လွန်ကုန်ပြီလေဟာ၊ အခုဆို သူက ဒီကလေးဟာ သူ့ကလေးဆိုပြီး အရမ်းကို ဂရုစိုက်လွန်းနေတယ်၊ သူ့ဂရုစိုက်မှုတွေက





ငါ့အတွက်တော့ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် သူ့စိတ်တွေ အရင်ကထက်စာရင် တော်တော် လေး ပြောင်းလဲလာတာပဲမဟုတ်လား"

"သူပြောင်းလဲလာတာ ငါ့အတွက်မှ မဟုတ်တာ၊ ဗိုက်ထဲက ကလေးအတွက်ပဲ၊ အခု မွေးလာမယ့်ကလေးကို သူနဲ့တူအောင်ဆိုပြီး သူကိုငါချစ်လာအောင် ဆွဲဆောင်နေတယ်"

"ဟင် ဘယ်လို"

"သူ့ကလေးကို သူနဲ့တူအောင်လို့ဆိုပြီး ငါ့ဆီက အချစ်တွေ ရဆိရောက်အောင် နည်းအမျိုးမျိုးနဲ့ ဆွဲဆောင်နေတယ်"

နွေးအိ တွေတွေလေး ငေးပြီး စဉ်းစားနေဟန်ဖြင့်

"ဆိုင်လို့လား"

"သိဘူးလေ ငါလည်း ပါးစပ်ထဲတွေ့ကရာ လျှောက်ပြောထား တာ"

"ရုပ်ချက်တွေကတော့ ကမ်းကုန်ပဲ၊ ဒါပေမဲ့ သူ့ရဲ့ဆန္ဒက နင့် အတွက်တော့ ရှော်ခိုမယ် ထင်တယ်နော်၊ တော်ကြာ မွေးလာတဲ့ကလေး က သူနဲ့မတူဘဲ မင်းညိုနဲ့တူနေရင်တော့ သေပြီဆရာပဲ"

"အဲဒီကျတော့လည်း တရားသူကြီးရှေ့မှောက်မှာ ကွာရှင်းပြတ်စဲ ကြောင်းသက်မှတ် ထိုးလိုက်ရုံပေါ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ လွယ်လိုက်တာ ရဲရဲရယ်"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော နွေးအိ စကားကြောင့် ရဲရဲ မပွင့်တပွင့် ပြုံးလိုက်သည်။

တကယ်တော့ အဲဒီအချိန်ကို ရောက်လာမှာကို ရဲရဲလည်း သေမလောက် ကြောက်နေမိတဲ့သူပါ။

ကိုယ့်ရဲ့မိုက်ကန်းမှုက ကိုယ့်ရင်ဘတ်ထဲကို အဆိပ်တွေ ဖြန့် လောင်းထည့်နေပြီလေ။

ခံစားလိုက်ရတာမှ လူကိုသေမလောက်ပါပဲ။

■ ■ ■



## အခန်း (၂၆)

ရဲရဲအတွက် ဆန္ဒမပြည့်ဝသည့် အရာတစ်ခုကတော့ သူဟာ သူ့ကလေးအတွက် သဘောမပြန်မတက်တော့တဲ့ မြန်မာပြည်မှာပဲ စီးပွား ရေးလုပ်ငန်းတစ်ခု ဖောက်ချလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည်။

ထို့နောက်မှာတော့ တစ်ချိန်လုံးနီးပါး ရဲရဲအနားမှာ မယောင် လည်း ရှိနေတတ်၏။

ရဲရဲ အံ့ဩရသည်မှာ ရဲရဲ မသိခဲ့သည့်အချိန်ကတည်းက သူဟာ ရဲရဲလိမ်းဖို့ သနပ်ခါးကအစ ရဲရဲ မသိအောင် ခိုးကြောင်ခိုးဝှက် သွေးပေး နေသည်ဆိုတာပဲဖြစ်သည်။

ဒါ့အပြင် အခု ရဲရဲ ဝတ်နေသော ဗိုက်ပုံးအင်္ကျီဂါဝန်လှလှလေး



www.burmeseclassic.com

www.burmeseclassic.com



တွေဟာလည်း ရဲရဲမှာ ကိုယ်ဝန်ရှိနေပြီဆိုတာ သိခဲ့သည့်အချိန်ကတည်း
သူ ဝယ်ပေးခဲ့တာဟု သိရ၍ ရင်ထဲမှာ ပြောမပြတတ်သော ခံစားမှု
က လှိုင်းထန်သွား၏။

ဘာကြောင့်မှန်းမသိ ရဲရဲစိတ်ထဲမှာ ပျော်သလိုလိုတော့ ဖြစ်
သည်။ ညနေ လမ်းလျှောက်ထွက်တိုင်း သူအမြဲတမ်း ရဲရဲနှင့်အ
အဖော်လိုက်ပေးကာ တစ်ချိန်လုံး ဂရုတစိုက် ရှိနေခြင်းကိစ္စကို သူ
အထဲက ကလေးကျန်းမာရေးအတွက် သူ့ဂုဏ်သိက္ခာအတွက်ဟု အ
လောက်ပင် တလွဲတချော် ခေါင်းစဉ်တွေတပ်နေပါစေ ဆည်းဆာရ
ညနေခင်းလေးကို အတူဖြတ်ကျော်ကြတဲ့ ထိုတဒင်္ဂမှာပင် နှလုံးသား
အရည်ပျော်ကျမတတ်ကို ကြည်မွေ့ရင်ခုန်ခဲ့ရသည်။

နှစ်ယောက်သား အရင်လို ပဋိပက္ခတွေ သိပ်မဖြစ်မိကြတော့
သူ့ဘက်က တတ်နိုင်သမျှ ပြဿနာတွေကို ရှောင်ရှားလာသည်။

သူ့ဘက်က သိသိသာသာ နူးညံ့ပြောင်းလဲလာလေ သူ့က
အတွက် သူ ကြိုးပမ်းနေသည်ဟု အတွေးရောက်လာပြန်တော့ ထို
ရင့်ခုန်သံတွေက အဖတ်ဆယ်မရလောက်အောင် နုံနည်းသိမ်ငယ်လျ
၏။

အမှန်တော့ ကလေးငယ်လေးဟာ မိခင်ရင်ထဲ အမုန်း
တွေကို ပယ်ဖျက်ပေးဖို့ လူ့လောကထဲရောက်ရှိလာမယ့် ကလေးဖြ





နက်ရှိုင်းမှာလည်း ရင်သွေးလေးကို မမြင်ရခင်ကပင် စိတ်ကူး
ဖြင့် အကောင်အထည် ဖော်ကြည့်ကာ အရူးအမူး စွဲလန်းချစ်ခင်နေမိတော့
၏။

မကြာခဏ ဆိုသလိုပင် ရဲရဲ၏ ဗိုက်နေရာသို့ အကြည့်တွေ
ရောက်လာတတ်ပြီး သူ့ လက်များဖြင့် ညင်သာစွာ ပွတ်ပေးတတ်သည်။

ခုတော့ ထိုတဒင်္ဂအချိန်တွေကို ရဲရဲ ကြည်နူးတတ်နေပြီဖြစ်
သည်။

အတိတ်က အရိပ်မည်းကြီးသာ မခြောက်လှန့်နေဘူးဆိုလျှင်
ယခု ပိုင်ဆိုင်နေရသော ပစ္စုပ္ပန်အချိန်တိုင်းသည် ရဲရဲဘဝမှာ အလွန်
အမင်း တန်ဖိုးမဖြတ်နိုင်သော အချိန်ကာလငယ်များ ဖြစ်သည်။

"ရဲရဲ ညနေ ငါတို့ ရုပ်ရှင်သွားကြည့်မလား"

"ဟင့်အင်း မကြည့်ချင်ဘူး"

"ဒါဆို ရှော့ပင်ထွက်မလား"

"ဟင့်အင်း"

"အင်း ဒါဆို ဘုရားသွားမယ်ဟာ"

"တစ်နေ့ကမှ သွားထားတဲ့ဟာကို"

တစ်ခုပြီးတစ်ခု ရဲရဲ ငြင်းဆိုနေသဖြင့် နက်ရှိုင်း စိတ်ပျက်စွာ
ဖြင့် ခေါင်းကိုစုံကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ငါ ကလေးစိတ်ပျော်ရွှင်အောင် တစ်နေရာရာကိုထေ
သွားမှုဖြစ်မယ် ထင်တယ်နော်"

"အို မသွားချင်ပါဘူး"

"မရဘူး သွားရမယ်၊ ကစားကွင်းသွားမယ်"

"ဟမ် ကစားကွင်း ဘာသွားလုပ်ရမှာလဲ၊ နင် ကလေးကွင်
ခေါ်သွားလို့ နင့်ကလေးက ငါ ဗိုက်ထဲက ခုန်ထွက်ပြီး ရှိလာကိုစထေ
စီးမှာမို့လို့လား၊ ဟွန့် ပိုက်ပိုတယ်"

ရဲရဲ ဗိုက်ကလေးကိုပွတ်ပြီး မကျေမနပ်ဖြင့် စူပွပွပြော၏

"နင်က မိခင်လောင်းဂါဝန်လေးနဲ့ အရမ်းချစ်ဖို့ကောင်းတာ
နော်၊ တို့ကလေးလေးက ဖအေနဲ့ရော မအေနဲ့ပါ မှုပြီးတူမယ်ဆိုရ
ဟောလိဝုဒ်မှာတောင် မင်းသား မင်းသမီး သွားလုပ်လို့ရမယ်"

ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြီး စိတ်ကူးတွေယဉ်နေသော နက်ရှိ
ကိုကြည့်ပြီး ရဲရဲ ခစ်ခနဲ ရယ်လိုက်သည်။

အချိန်တွေ တစ်စထက်တစ်စ ပြောင်းလဲကုန်ဆုံးလာတာ
အမျှ နက်ရှိုင်းနှင့် ပတ်သက်၍ ရင်မှာဘယ်အရာကို မျှော်လင့်မိမှန်းမ
သော မျှော်လင့်ချက် ခပ်ရေးရေးတွေဟာ အင်အားမဲ့စွာ လွင့်ပျယ်ကုန်
ပြန်၏။

ရုံခါခွင့်မရှိတဲ့ ဗလာပွဲထဲမှာ အမုန်းတွေကို ရင်ကွဲအောင်က





မျှော်မြေခိုင်းတော့ရော ဂန္တဝင်မြောက်တဲ့ကာပွဲ ဖြစ်လာနိုင်မတဲ့လား။

ငါတို့ရဲ့နှလုံးသားတွေမှာ သွေးစိမ်းရှင်ရှင် ထွက်လာဖို့ပဲ ရှိတော့
တာပေါ့။

ဒါပေမဲ့ ငါ နင့်ကို မုန်းချင်ဟန်ဆောင်ချင်သေးတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒုန်း ဒုန်း ဒုန်း"

"ဘာလဲ ဘာလို့ ထုနေတာလဲ"

ရဲရဲ ရေချိုးနေရင်းမှ ရေချိုးခန်းတံခါး ထုသံတဒုန်းဒုန်းကြောင့် အပြင်ကို အသံပြန်ပေးလိုက်၏။

"ရေချိုးတာ ကြာလှပြီကွ"

"ဘယ်မှာကြာသေးလို့လဲ၊ စောစောကမှ ချိုးတဲ့ဟာကို"

"မရှိုးနဲ့ ငါ နာရီကြည့်ထားတာ၊ မိနစ်နှစ်ဆယ်ကျော်နေပြီ"

"ကျွတ် ရေချိုးတာတောင် အေးအေးဆေးဆေး မချိုးရဘူး တကယ် စိတ်ပျက်ဖို့ကောင်းတယ်"

မကျေမနပ် ရေရွတ်ရင်း ရေပန်းခလုပ်ကို ပိတ်ပြီး မွေးမွ





သဘက်ပတ်ကာ အခန်းအပြင်ကို ထွက်ခဲ့၏။

အခန်းဝမှာ နက်ရှိုင်း ရေသုတ်ရန် သဘက်ကြီးကိုင်ပြီး အဆင်သင့်စောင့်နေ၏။

မွေးပွသဘက် ပတ်ရုံသာပတ်ထားသော ကိုယ့်ရဲ့မလုံမခြုံ ခန္ဓာကိုယ်ကြောင့် ရဲရဲ ရှက်အမ်းအမ်း ဖြစ်၍သွား၏။

ဖြူနုဝင်းမွတ်နေသော အသားဆိုင်ကြည်ကြည်လေးတွေပေါ်မှာ ရေသီးရေပေါက်ကလေးတွေ ခိုနေသော ရဲရဲ၏ အပြစ်ကင်းစင်ဖွယ် မျက်နှာလေးကို နက်ရှိုင်း သတိလက်လွတ် ငေးကြည့်လိုက်သည်။

နက်ရှိုင်း အကြည့်ကို ရဲရဲ မျက်စောင်းတစ်ချက်ဖြင့် တုံ့ပြန်လိုက်ပြီး

"ဘာလို့ လူကို လာကြည့်နေတာလဲ"

"အံမာ ကလေးပဲ အပြင်ကို ရောက်တော့မယ်၊ ခုမှ လာရှက်နေသေးတယ်"

ပြောပြောဆိုဆိုဖြင့် သူ့လက်မှာ ကိုင်ထားသော မွေးပွသဘက်ကြီးကိုဖြန့်ကာ ရဲရဲ ပခုံးထက်မှာ လွှမ်းခြုံပေးလိုက်၏။

"နောက်တစ်ခါရေချိုးရင် အဲဒီလို အကြာကြီး စိမ်မချိုးမိပါစေနဲ့ အထဲက ကလေး အအေးပတ်မယ်ကွ"

"ဘာဆိုင်လဲ အဲဒီလောက်ထိ အိုဗာမဖြစ်စမ်းပါနဲ့ နက်ရှိုင်းရယ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေလည်း ငါ့စိတ်နဲ့ငါ့ကိုယ် နေပါရစေဦး။ ဒီကလေး ကိုယ်ဝ
စရှိကတည်းက ငါ့မှာ အကျဉ်းထောင်ထဲရောက်သွားသလိုပဲ၊ ဘာလုပ်
လုပ် လွတ်လွတ်လပ်လပ် မရှိတော့ဘူး''

အသံစာစာလေးဖြင့် ရန်ပြန်တွေ့နေသော ရဲရဲကို နက်ရှိုင်း
မျက်နှာတည့်တည့်ဖြင့် ကြည့်လိုက်ပြီး

"အဲဒီ အခြေအမြစ် မရှိတဲ့စကားတွေနဲ့ ဆင်ခြေ မပေးစမ်းပါ
ရဲရဲရာ၊ ကဲ လာ ဒီမှာ ငါ သနပ်ခါးသွေးပေးထားတယ်၊ ပြီးရင် မိခင်
လောင်း ဂါဝန်အသစ် ဝတ်နော်၊ အပြင်သွားစရာရှိတယ်''

"ဟင် ဘယ်လဲ''

"ကလေး အသုံးအဆောင်ပစ္စည်းတွေ သွားဝယ်မလို့ ပြီးရင်
ဘုရားတက်မယ်''

ရဲရဲ ရေစိုနေသော ဆံစတွေကို သဘက်ဖြင့် ခပ်ဖွဖွသုတ်ပြီး
နက်ရှိုင်းကိုမေးကြည့်ကာ

''ဘုရားသွားမှာတော့ ဟုတ်ပါပြီ၊ ကလေးပစ္စည်း ဝယ်ဖို့က
မစောလွန်းဘူးလား။ အဝေးကြီး လိုသေးတာကို''

"လိုလိုပေါ့ စောစော ကြိုဝယ်ထားတော့ ကိုယ့်ကလေးအတွက်
စောစောပိုပြည့်စုံတာပေါ့''

အကဲပိုလွန်းသော နက်ရှိုင်း၏ပုံစံကို ရဲရဲ ကြည့်ကာ သက်ပြင်း





ခပ်ဖျော့ဖျော့ ချလိုက်သည်။

"နင်က ဒါ ဘာဖြစ်သွားတာလဲ၊ ကိုယ့်ကလေးအတွက် လိုအပ်
တာ သွားဝယ်မှာပဲ၊ ဘာကို သက်ပြင်းချနေရတာလဲ''

"နင် ပိုတာကိုကြည့်ပြီး ငါ စိတ်တွေ မောနေတာပေါ့''

"ကိုယ့်ကလေးအတွက် ပိုတာပဲ၊ ဘာကိုဂရုစိုက်နေရဦးမှာလဲ၊
ကဲ အချိန်ဆွဲမနေနဲ့၊ မြန်မြန်လုပ် ပြင်ဆင်ချိန် နာရီဝက်ပေးမယ်၊ ပြီး
တာနဲ့ အောက်ဆင်းလာခဲ့တော့ ဧည့်ခန်းထဲက စောင့်နေမယ်''

လက်မှာ ပတ်ထားသော နာရီကိုကြည့်ကာ အချိန်ကိုက်၍
ပေးသွားသော နက်ရှိုင်း၏ကျောပြင်ကိုကြည့်ပြီး ရဲရဲ ရင်ထဲမှ အပူလုံး
ကြီး စို့တက်၍လာ၏။

မွေးလာတဲ့ ကလေးသာ သူနဲ့မတူဘဲ မင်းညိုနဲ့သာ ချွတ်စွတ်
တူနေလို့ကတော့ နက်ရှိုင်းအတွက်တော့ ကမ္ဘာပျက်သွားမလားပင်။

ရဲရဲ အတွေးမောတွေဖြင့် သူ အဆင်သင့် သွေးပေးထားသော
သနပ်ခါးကို ပါးပြင်ပေါ်တင်ကာ ခပ်ညက်ညက် ခပ်ဖုံဖုံလေးဖြစ်အောင်
အသေအချာပွတ်လိမ်းလိုက်၏။

ကိုယ်ဝန်လွယ်တဲ့အချိန်ကစပြီး ရဲရဲ အရင်လို လှချင်ပချင်စိတ်
မရှိတော့။ ရဲရဲ၏နေပုံထိုင်ပုံကိုကြည့်ပြီး ယောက်ျားလေးမွေးလိမ့်မည်ဟု
ပင် မေမေ မှန်းခြေဖြင့်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေး မွေးမယ့် ကိုယ်ဝန်လွယ်ထားရရင် အဲဒီ မိခင်လောင်းဟာ နေထိုင်သွားလာပုံ အရမ်းကို သွက်လက်ပြီး လှချင်ပချင်တဲ့ စိတ်လည်း မရှိတတ်ဘူးဟု ပြောဖူး၏။

ရဲရဲကတော့ ထိုသို့မထင် ကိုယ့်စိတ်ကိုယ့်ခံစားမှုကို ကိုယ် အသိဆုံးပဲလေ။ ရဲရဲမှာ အနာဂတ်က စောင့်ကြိုနေမယ့်ပြဿနာ ဝန်ထုပ်ဝန်ပိုးကြီးကို လှမ်းကာမျှော်ကြည့်ရင်း ရတက်မအေးရလွန်း၍ အပူလုံးကြပြီး ရုပ်လုံးမလှဖြစ်ရတာ။ ထို့အတွက်ကြောင့် အရင်လို တက်ကြွလန်းဆန်းခြင်း မရှိတာပဲ ဖြစ်သည်။

နက်ရှိုင်းက ကိုယ့်ရှေ့မှာ ဗိုက်ထဲက ကလေးအတွက် သည်းသည်းလှုပ် အကဲပိုပြလေ ရဲရဲ၏စိတ်နှလုံးတွေ မချမ်းမြေ့ရလေပါပဲ။

အခန်းထဲသို့ မင်းညို ဖျတ်ခနဲ ဝင်လာတာတွေ့၍ ရဲရဲ လန့်သွားသည်။

"ဘာကိစ္စလဲ မင်းညို"

"ဒီနေ့ညနေ ရဲရဲအတွက် သင်္ဘောသီးထောင်းနဲ့ ကြာဇံဟင်းခါးလေး စီစဉ်ထားတယ်၊ ရဲရဲများ စားချင်မလားလို့"

ရဲရဲ မှန်တင်ခုံမှ ထလိုက်ပြီး ခုတင်ပေါ် အဆင်သင့်တင်ထားသော လက်ကိုင်အိတ်လေးကို လှမ်းယူလိုက်ပြီး

"ကျွန်မ စားဖြစ်မယ် မထင်တော့ဘူး မင်းညို၊ နက်ရှိုင်းက အပြင်ထွက်မယ်ဆိုတော့ အပြင်မှာပဲ စားဖြစ်လိမ့်မယ် ထင်တယ်"





မင်းညို မျက်နှာညှိုးသွား၏။

"ကျွန်တော် ရဲရဲကို ပြောစရာရှိတယ်"

"ပြောလေ"

"ခုတော့ မပြောသေးဘူး။ ကျွန်တော် ပြောမယ့်စကားက အလေးအနက် ပြောရမှာမို့ နောက်မှပဲ ပြောတော့မယ်"

"ကောင်းပြီလေ၊ ဒါဆိုလည်း နောက်မှပြောပေါ့။ ခုတော့ ကျွန်မ အပြင်သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

'ဗိုက်ဖုံးအင်္ကျီဂါဝန်ရှည်လေးနှင့် ချစ်စရာကောင်းသော ရဲရဲ၏ ကျောခိုင်းသွားသော ကျောပြင်ကိုကြည့်ပြီး မင်းညို သက်ပြင်းခပ်လေးလေး ချလိုက်၏။

သူ့အနေနှင့် ရဲရဲကို စိတ်ချမ်းသာစေချင်သည်။ ရဲရဲ ရင်ထဲမှာ မှုန်တွေးပွေလီကာ စိုးတထိတ်ထိတ် ဖြစ်နေသော ပြဿနာ တစ်ရပ်ကို သူ တာဝန်ယူဖြေရှင်းပေးချင်သည်။

ဒါဟာ မင်းညို၏အကြီးမားဆုံး ဆန္ဒပဲဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

တစ်ညနေလုံး ရုပ်ပါးမားကတ်တွေ ရှေ့ပင်းမောလ်တွေ တစ်ခု ပြီးတစ်ခုဝင်ပြီး ကောင်းပေ့ညွန့်ပေ့ဆိုသည့် နိုင်ငံခြားဖြစ် ကလေးအသုံး အဆောင်ပစ္စည်းများကို သူ့စိတ်တိုင်းကျ လိုက်ဝယ်နေသဖြင့် နက်ရှိုင်း ကတော့ မောချမောမှုန်းပင်မသိ။

မမြင်ရသေးသော ကလေးအတွက် အဝတ်အထည်၊ ကစား စရာ၊ ပုခက်၊ လမ်းလျှောက်ဘီးတပ်လှည်းအဝိုင်းလေး၊ ကလေးကိုယ် တိုက်ဆပ်ပြာ၊ လိုးရှင်း၊ ခေါင်းလျှော်ရည်၊ မျက်နှာလိမ်းခရင်မ်ကအစ ယုတ်စွအဆုံး ကလေးခေါင်းဖြီးသည့် ဘီးမျိုးစုံနှင့် ကလေးအိမ်သာအိုး ဒီဖိုင်းလှလှလေးတွေကအစ လိုအပ်တယ်ဆိုတာ မရှိအောင် သေချာ





စေ့ငစွာ လိုက်ဝယ်နေသော နက်ရှိုင်း၏စိတ်ရှည်မှုကိုကြည့်ပြီး ဒါတာ အိပ်မက်များ မက်နေသလားဟု ထင်ရလောက်အောင် အံ့ဩဘနန်း ဖြစ်မိ၏။

သူ့ဘက်က အဲဒီလို လိုအပ်ချက်မရှိအောင် ဂရုစိုက်နေလေလေ ရဲရဲအဖို့မှာသာ အမှားလုပ်ထားသော အပြစ်သားတစ်ဦးလို အမိန့်နာခံ ဖို့ အသင့်အနေအထားဖြင့် စိတ်နှလုံး မသာမယာ ဖြစ်မိလေပါပဲ။

နက်ရှိုင်း၏အပြုအမူ အပြောအဆိုတွေဟာ အရင်ကထက် လုံးဝ ကွာခြားပြောင်းလဲသွားတာဟာ ယုံနိုင်ဖွယ်ရာတောင် မရှိနိုင်။

ထို့နောက် ရဲရဲကိုယ်တိုင်ပင် ထိုဂရုစိုက်ပေးမှုများဟာ ကိုယ့် အတွက် မဟုတ်ဘူးဆိုတာ သိသိကြီးနဲ့တင် ထိုအပြုအမူများအပေါ် နစ်ဝင်သာယာလျက် ရှိလာ၏။

ဒါတွေဟာ အိပ်မက်တစ်ခုဆိုလျှင်တောင် ထိုအိပ်မက်မှ မနိုး ချင်လောက်အောင် စိတ်တွေ ညွတ်နူးသာယာလာသည်။

သူကလေးအတွက် မျှော်လင့်ချက်နှင့် ရဲရဲ အပေါ် ဝတ္တရားအရ နစ်လိုပြုနေရသည်ပဲထား ရဲရဲကတော့ ထိုအခြေအနေလေးကိုပဲ တိတ် တဆိတ် မက်မောနေမိသည်။

နက်ရှိုင်းအနေနှင့် ကိုယ့်ဆီက အချစ်ကို ရဖို့ဟန်ဆောင် သရုပ် ဆောင်ပြနေသည်ဆိုလျှင်တောင် ရဲရဲအဖို့ ကျေကျေနပ်နပ်ကြီးနှင့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆီက အချစ်တွေကို ပေးဖို့ နမြောတွန့်တိုမိမှာမဟုတ်။ ရက်ရက်ရောရော ကိုပေးဖြစ်မိမှာပါ။

တကယ်လို့ ကိုယ့်မှာသာ အတိတ်က အမှားကြီးတစ်ခု မကျူး လွန်ခဲ့ဘူးဆိုလျှင် ထိုတဒင်္ဂဟာ ရဲရဲအဖို့ ဘယ်လိုမှ အဖိုးမဖြတ်နိုင်မယ့် လောကနိဗ္ဗာန်ပါပဲ။

"ရဲရဲ နှင် ဘာဖြစ်နေတာလဲ၊ ငါ မေးတာ မကြားဘူးလား"

ပခုံးကို ခပ်ဖွဖွပုတ်ပြီး ပြောလာသော နက်ရှိုင်း၏အသံကြောင့် ရဲရဲ အတွေးတို့မှ လန့်နိုးလာသူတစ်ယောက်လို ဆတ်ခနဲ တွန့်သွားပြီး

"ဟင် နှင် ဘာမေးတာလဲဟင်၊ ငါ မကြားလိုက်ဘူး"

"ကျူထုံ စိတ်တွေနဲ့လူနဲ့မကပ်ဘူးပဲ၊ ကိုယ့်ကလေးအတွက် ပစ္စည်းလိုက်ဝယ်နေတာလေ၊ စိတ်ဝင်စားမှုလေးတော့ နည်းနည်းပေးမှ ပေါ့"

မာဆတ်ဆတ် လေသံက အရင်အချိန်ကဆိုလျှင် ကက်ကက် လန်အောင် ပြန်ပြီးရန်တွေ့မိမှာပါ။

ခုတော့ ရဲရဲ ရန်မတွေ့ချင်တော့ အပြုံးနွမ်းနွမ်းဖြင့်သာ တုံ့ ပြန်လိုက်သည်။

"နှင် ဗိုက်ဆာနေပြီလား"

"မဆာသေးဘူး"





ရဲရဲ၏မဆာသေးဘူးဆိုသော အဖြေကို အံရေးတယူ စောင့် နားထောင်မနေတော့ဘဲ လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ ခုနစ်နာရီတောင် ထိုးတော့မှာပဲ၊ ထမင်းစားချိန်တောင် ကျော်သွားပြီ၊ မဖြစ်သေးပါဘူး လိုတာတွေကို နောက်နေ့မှပဲ လာထပ် ဝယ်တော့မယ်၊ ပြီးမှ ဘုရားတက်ကြတာပေါ့"

သူ့ဖာသာသူပြော သူ့ဖာသာ သူ အစီအစဉ်ချပြီး ဈေးဝယ် ခြင်းကို လက်စသပ်လိုက်၏။

ပြီးနောက် အပေါ်ဆုံးထပ်ကို ဓာတ်လှေကားဖြင့်တက်လိုက်ကြ ပြီး အနောက်တိုင်းအစားအစာများ ရနိုင်သည့်ဆိုင်ကို နက်ရှိုင်း သူ့ စိတ်တိုင်းကျ ရွေးလိုက်သည်။

"ဒီဆိုင်ကို နှင် သဘောကျရဲ့လား ရဲရဲ"

စိတ်မဖြောင့်သူ တစ်ယောက်လို မေးလာသဖြင့် ရဲရဲ အားနာ နာနှင့် ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် ဝိတ်တာလေးကို မှာစရာရှိတာ မှာပြီး ဝယ်လာသော ပစ္စည်းပစ္စယများကို ကြည့်ကာ သူ့ဟာသူ သဘောတကျဖြင့် ရယ်လိုက် သည်။

"အဟား ကလေးလေးကတော့ စကားသာပြောတတ်ရင် ငါ ဝယ်ထားတာတွေကို နည်းလိုက်တာ ဒယ်ဒီရာလို့ ပြောမလားမသိဘူး



www.burmeseclassic.com

www.burmeseclassic.com



နော်''

"ပြောမလား သူ့အတွက် ဝယ်တာဆိုတာတောင် သိမှာမဟုတ်ဘူး။ သိခဲ့ရင်လည်း အိုဗာဖြစ်လို့ဆိုပြီး ကဲ့ရဲ့မှာသေချာတယ်"

"ဩော် ဒါကတော့ ဖခင်မေတ္တာနဲ့ လူ့လောကထဲ ရောက်လာတော့မယ့် ကိုယ့်ကလေးကို လိုအပ်ချက် မရှိစေချင်ဘူး။ သူ လူ့လောကထဲကို ဝင်လာတာနဲ့ အဘိုးအဘွား အဖေအမေတွေရဲ့မေတ္တာနဲ့ သူ့ရဲ့ ထည်ဝါမှုတွေဟာ သူ့အတွက်တော့ အရေးကြီးဆုံး လိုအပ်ချက်တွေ ဖြစ်လာစေရမယ်၊ သူ့ဘဝလေး မေတ္တာတရားရဲ့အရိပ်အောက်မှာ ငြိမ်း ငြိမ်းချမ်းချမ်း ကြီးပြင်းလာစေရမယ်၊ နင်ရော ငါတို့ကလေးလေးကို ချစ်မှာလား''

"နက်ရှိုင်းရယ် ကိုယ်ဝန်လွယ်ထားရတာက ငါပါပဲဟာ၊ ငါ့ အသွေးအသား ငါ့ဘဝနဲ့ရင်းပြီး လွယ်ထားရတဲ့ ဒီရင်သွေးကို ငါချစ်တာ လောကမှာ စာဖွဲ့လို့တောင် မရနိုင်ပါဘူး''

ရဲရဲ ရင်ထဲရှိသည့်အတိုင်း အမှန်အတိုင်း ပြောလိုက်သဖြင့် နက်ရှိုင်း မျက်နှာမှာ လိုအပ်တာထက်ကို ပိုပြီး ပြုံးရွှင်၍သွားလေ၏။

"ဒါနဲ့ နင်က ဘာလေးလိုချင်တာလဲ ရဲရဲ၊ သားလေးလား သမီးလေးလား''

သူ့ရင်ထဲကဆန္ဒနှင့် အဖြေညှိရန် မေးလာသဖြင့် ရဲရဲ အပြုံး





ငဲ့ယဲ့လေးဖြင့် ခေါင်းငုံ့ချလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ချစ်ရမှာပဲ မဟုတ်လား''

ရဲရဲ၏အဖြေကို နက်ရှိုင်း သဘောတွေ့သွားသည်ထင်သည်။ ပြုံးယောင်ယောင် မျက်နှာလေးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီးထောက်ခံ၏။

"ငါလည်း ဒီအတိုင်းပဲ သားလေးဆိုရင်လည်း ဖအေလုပ်တဲ့သူ အတွက် အားတစ်ခုဖြစ်တာပေါ့၊ သမီးလေးဆိုရင်လည်း အဲဒီသမီးလေးက သူ့အဖေ မကောင်းကြောင်းတွေကို ထိုင်ပြောနေမယ့်အမေရဲ့ မကျေနပ်ချက်တွေကို စိတ်ရှည်လက်ရှည် နားထောင်ပေးရင်းနဲ့ ဘေးကနေ နှစ်သိမ့်အားပေးနေမှာပေါ့''

ရဲရဲ ခပ်တိုးတိုး ရယ်လိုက်သည်။ ရဲရဲ ရင်ထဲက ခံစားမှုတွေကိုတော့ သိသားပဲ။ တစ်ခါတစ်ရံတွင် သူ့ရဲ့လိုက်လျောဆက်ဆံမှုတို့ကြောင့် သူ ငါ့ကိုများ ချစ်နေပြီလားဟုပင် မရဲတရဲ တွေးမိသည်အထိ ရဲရဲ၏စိတ်များ ဇဝေဇဝါ ဖြစ်တတ်လေသည်။

သို့သော် သူ့မျက်လုံးများက ရဲရဲကို တပ်မက်သလို ရှိန်းလဲ့လဲ့ ကြည့်မျိုးဖြင့် တစ်ခါမှ မကြည့်ဖူးတာတော့ အသေအချာပင်။

သူ့မျက်လုံးများထဲတွင် ရဲရဲ ရှာဖွေတွေ့ရှိသလောက်တော့ သားသမီးဖောဟူသည့် အရောင်ပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများဟာ ရဲရဲနှင့်စကားပြောသည့်အချိန်တိုင်း ရဲရဲ...
တစ်မိနစ် တစ်စက္ကန့်ပြည့်အောင်ပင် မကြည့်ဘဲ ခပ်စူစူလေး ထွက်...
နေသော နေရာသို့သာ ရောက်နေတတ်သည်။

ထိုအဖြစ်သည် ရဲရဲအတွက်တော့ ရယ်စရာလည်းကောင်းသ...
ဝမ်းနည်းစရာလည်း ကောင်းပါ၏။

အရာအားလုံးထဲမှာ ရဲရဲ အကျေနပ်ဆုံးကတော့ သူနှင့်...
တွေ့ဆုံတိုင်း တွေ့ဆုံတိုင်း အရင်လို တကျက်ကျက် ရန်မဖြစ်ကြတော့...
ပင်ဖြစ်သည်။

■ ■ ■



## အခန်း (၂၉)

"ဘာ ဘာယ်လို မင်းညို၊ ရှင် ရှင် ဒါ ဘာသဘောလဲ"

ရဲရဲ၏အသံမှာ ဒေါသကြောင့် တုန်အက်နေ၏။

မင်းညို၏မျက်နှာမှာ ဆုံးရှုံးမှုတွေကို ရင်မဆိုင်ရဲသော ခံစားမှုတွေနှင့် ထွေးလိပ်ကာ အတော်လေးကို ညှိုးမှိုင်းပျက်ယွင်းနေ၏။

"ဟုတ်တယ် ဒီကလေးရဲ့အဖေဟာ ကျွန်တော် ဖြစ်နေတဲ့အတွက် ကျွန်တော် ရဲရဲကို လက်ထပ်ပါရစေ၊ ဒါကြောင့် ရဲရဲ နက်ရှိုင်းကို တရားဝင်ကွာရှင်းလိုက်ပါ"

"ဖြန်း ဖြန်း"

ဒေါသတွေက စိတ်မထိန်းနိုင်စွာဖြင့် မင်းညို၏ပါးပေါ်သို့ အယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ညာပြန် ကျရောက်သွားသည်။

"ဒီအမှားက ရှင့်ကို ကြည်ဖြူလို့လားလို့ တမင်မှားခဲ့တဲ့အမှား မှ မဟုတ်တာ၊ ဒါကို သိသိကြီးနဲ့ အခွင့်အရေးယူပြီး ဒီလိုစကားမျိုး ပြောထွက်ရလောက်အောင် ရှင့်စိတ်တွေ အဲဒီလောက်ထိ ယုတ်ညံ့နေပြီ လား"

ပွတုသွားသော ပါးနှစ်ဖက်ကို လက်ဖြင့်အသာပွတ်ရင်း ကြေကွဲ စွာ ကြည့်လိုက်သည်။

"ဒါ ယုတ်ညံ့တာ မဟုတ်ဘူး ရဲရဲ၊ ကျွန်တော့် ရင်ထဲက ခံစားချက်တွေ ပြင်းထန်လွန်းလို့ ပေါက်ကွဲကုန်တာ"

"ဟုတ်လား အဲဒီနေရာမှာတင် လဲသေလိုက်ပါလား"

ရဲရဲ ဒေါသထွက်လွန်း၍ ဤသို့ပင် ခပ်ရင့်ရင့် ပြန်ပြောလိုက်သည်။

"အဲဒီလို လဲသေလို့ရရင် ကိုယ့်ရင်သွေးလေးနဲ့ ရဲရဲကို ခုလို နှလုံးအကွဲခံပြီး ဘေးကနေ ကြေကြေကွဲကွဲနဲ့ မျှော်ကြည့်မနေတော့ဘူး အဲဒီဝဋ်ဒုက္ခကြီးကို ခံစားနေရတာထက်စာရင် နေရာမှာတင် ဘုန်းခနဲ လဲသေလိုက်တာက ကျွန်တော့်အတွက် အကောင်းဆုံး ရွေးချယ်မှုပါ ရဲရဲရယ်"

မင်းညို သူ့ရင်ထဲက အချိန်အတော်ကြာ လှိုင်ဝှက်ထားသော ခံစားမှုကို မကွယ်မဝှက်တမ်း ဖွင့်ဟဝန်ခံနေ၍ ရဲရဲ အကြီးအကျယ်





တုန်လှုပ်သွားမိ၏။

မထင်မှတ်ဘဲ ရဲရဲဘေးမှာ သောကအပူတွေ ဝိုင်းရံနေပါလား။ ရဲရဲ တွေးရင်းဖြင့် ထိတ်လန့်လာသည်။ သို့သော် ထိတ်လန့်ကြောက်ရွံ့ နေသော သဏ္ဌာန်မပေါ်စေရန် ဟန်ဆောင်၍ မာန်တင်းလိုက်သည်။

"အဲဒီတော့ ကျွန်မက အရှက်မရှိတဲ့ မျက်နှာကြီးနဲ့ နက်ရှိုင်း ဆီက ကွာရှင်းခွင့်တောင်းပြီး ရှင့်ကို ပြောင်းပြီး လက်ထပ်ရမယ်ပေါ့ ဟုတ်လား မင်းညို"

မင်းညို ရဲရဲ၏အရွဲ့တိုက်သော အမေးကို ထောက်ခံသည့်အနေ ဖြင့် ဆတ်ခနဲ ခေါင်းညိတ်လိုက်သည်။

"ဒါဟာ ကလေးအတွက် အဖြစ်သင့်ဆုံးပဲလို့ ကျွန်တော် ထင် တယ် ရဲရဲ၊ လူ့လောကထဲ ရောက်လာမယ့် ကျွန်တော့်ရင်သွေးလေးကို သူ့မှာ ဖအေအရင်းရှိရဲ့သားနဲ့ တခြားသူကို ပထွေးတော်ရမှာကို ရဲရဲ ကြည့်ရက်သလား"

"နောက်ပြီး ရဲရဲနဲ့နက်ရှိုင်းကြားထဲက အမုန်းတရားတွေကြောင့် ကျွန်တော်နဲ့အတူ လူတောင် ဖြစ်ခွင့်မရသေးတဲ့ ရင်သွေးလေးက အသုံးချ ခံဖြစ်ရတော့မှာလား၊ ဒါကို တရားမျှတတယ်လို့ ရဲရဲ ထင်သလား၊ သေသေချာချာ ပြန်စဉ်းစားပါ ရဲရဲ၊ ကိုယ့်ကို မချစ်မနှစ်သက်တဲ့သူ ဆိုယ်ကလည်း သူ့ကိုအရမ်းမုန်းပြီး အချစ်တွေမပေးနိုင်မယ့်အဖူတူ



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ့ ဒီ တိတ်တဆိတ် ချစ်နေတဲ့ ကျွန်တော့်ကို လက်ထပ်လိုက်ပါ၊ ဒါဟာ ဘဲ့ သားအတွက် အဖြစ်သင့်ဆုံးပဲ''

နည်းမျိုးစုံသုံးပြီး လက်ထပ်ခွင့်တောင်းနေသော မင်းညိုကို ကြည့်ပြီး ရဲရဲ၏ဒေါသတွေသည် အမှောင်တနံတလျားကို အသိစိတ်တွေ နှင့်အတူ ရွေ့လျားနေသလို စိတ်နှင့်လူနှင့်မကပ်ချင်တော့။

''ဒါ ရှင့်အထင်ပါ မင်းညို၊ အရင်က ရှင်ထင်သလို ကျွန်မ နက်ရှိုင်းကို မုန်းခဲ့တယ်၊ ဒါပေမဲ့ အခု ကျွန်မ သူ့ကို မမုန်းတော့ဘူး ကျွန်မ သူ့ကိုချစ်တယ်၊ ပြီးတော့ သူ ကျွန်မကို တစ်ချိန်ချိန်မှာ ချစ်လာ လိမ့်မယ်လို့လည်း ယုံကြည်တယ်''

ရဲရဲ၏နှုတ်ထွက်စကားတွေက မင်းညိုအတွက် ကမ္ဘာပြိုပျ လောက်အောင်ပင် သွေးပျက်ချောက်ချားသွားစေ၏။

''မယုံဘူး၊ ဒါ ကျွန်တော့်ကို ရှောင်ချင်လို့ လက်နက်အဖြစ် အသုံးချတာ မဟုတ်လား။ ကျွန်တော် သိတယ် ရဲရဲ၊ ကျွန်တော့် ညာနေတာ နောက်ပြီး ရဲရဲ ကိုယ့်ကိုယ်ကိုယ်လည်း ညာနေတာ''

မင်းညို နောက်သို့ ခြေတစ်လှမ်း ဆုတ်ကာ သွေးရူးသွေးတန်း ဖြင့် ပြော၏။ ရဲရဲ အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် နာနာကျ ကျင် ဖိကိုက်လိုက်သည်။

ဒီလူ ရူးများသွားပြီလား။





ရဲရဲက နက်ရှိုင်းကို ကွာရှင်းပြီး သူနဲ့များ လက်ထပ်ရဦးမတဲ့။ ဒါဟာ တော်တော်လေးကို အရှက်သိက္ခာမဲ့စေတဲ့အလုပ်ပဲ။

''မဖြစ်နိုင်တဲ့ ခေါင်းစဉ်ကြီးနဲ့ ကျွန်မရှေ့မှာ လာကြွေပြမနေနဲ့ မင်းညို၊ ဒီကလေးကို ငဲ့ကွက်ပြီးဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့တော့ ကျွန်မ ရှင့်ရဲ့ရူးသွပ်မှုကို အတည်မပြုပေးနိုင်ဘူး''

''ဒါဆို ဒီကလေးဟာ ကျွန်တော်နဲ့ရတဲ့ ကလေးပါဆိုတာကို တစ်သက်လုံး ဖုံးကွယ်ထားတော့မှာလား ရဲရဲ''

မင်းညို၏အမေးကြောင့် ရဲရဲ တွေဝေသွားသည်။

ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်နိုင်တဲ့သူတစ် ယောက်၏ အမူအရာမျိုးဖြင့် မျက်နှာကိုပင်မော့လိုက်ပြီး

''ဒီကိစ္စကို ကျွန်မ နက်ရှိုင်းကို ဖွင့်ပြောပြမှာပါ၊ တစ်ချိန်တုန်းက တော့ သူ့ကို နာကျင်မုန်းတီးလွန်းလို့ ဒီကလေးကို သူ့ကလေးအဖြစ် တစ်သက်လုံး လှို့ဝှက်သွားဖို့ပဲ၊ ခုတော့ သူ့အပေါ် ကျွန်မ အဲဒီလို ရက်စက်ရက်တော့ဘူး''

''သူ ရဲရဲကို လုံးဝခွင့်လွှတ်မှာမဟုတ်ဘူး၊ ဒါကိုရော ရဲရဲ စဉ်းစားမိရဲ့လား''

ရဲရဲ ခပ်မဲ့မဲ့ အမူအရာဖြင့် မမှုသလို ပြုံးလိုက်သည်။ ဒီကိစ္စ ကို ရဲရဲက နက်ရှိုင်းကို တစ်သက်လုံး ဖုံးကွယ်ထားမယ်ထင်လို့ ရဲရဲ့



www.burmeseclassic.com

www.burmeseclassic.com

အားနည်းချက် အညှာကို လာတိုင်တာလား မင်းညို့ရယ်၊ ဒါဆိုရင်တော့
ရှင်ဟာ သိဝ်ကို အခွင့်အရေးယူတတ်တဲ့ လူညံ့တစ်ယောက် ဖြစ်သွားပြီ

"သူ့ကိုချစ်မိသွားမှတော့ သူ့အမုန်းကိုလည်း ခံနိုင်ရည်ရှိရ
ပေါ့၊ သူနဲ့ကျွန်မ လက်ထပ်ခဲ့ကတည်းက အမုန်းတွေနဲ့ နေသားတကျ
ရှိခဲ့ကြတာပဲ၊ အဟင်း၊ သိဝ်တော့ မဆန်းတော့ပါဘူးလေ"

မင်းညို့ အရာရာကို ဆုံးရှုံးခံလိုက်ရသူတစ်ယောက်လို ခေါင်း
ငိုက်စိုက်ကျသွား၏။

မျှော်လင့်ချက်တွေက သူ့ဘက်မှာ ခပ်သဲ့သဲ့လေးတောင် ရှိမနေ
ကြတော့။ ရဲရဲအရှေ့မှ စစ်ရှုံးသူတစ်ယောက်ရဲ့ လေးပင်သော ခြေလှမ်း
များဖြင့် ကျောခိုင်းထွက်ခွာခဲ့သည်။

နလုံးသား ခံစားချက်နှင့် ပတ်သက်ပြီး သူ့မှာ စောဒကတက်
ခွင့်မရှိတော့တာ အသေအချာပဲလေ။

ဘာများတတ်နိုင်ဦးမှာလဲ။

■ ■ ■



## အခန်း (၃၀)

တဖွဲဖွဲ ရွာနေသော မိုးရေစက်အချို့ကို ပြတင်းပေါက်မှ ရပ်
ငေးကြည့်ရင်း ရဲရဲ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ နင့်နင့်နဲနဲကို ငိုချ
ပစ်လိုက်ချင်သည်။

ရင်ထဲမှာ အင်အားကြီးစွာ လှိုင်းထန်နေသော သောကအပူ
တွေကို မိုးငွေ့ရဲ့အေးမြစိုစွတ်မှုတွေက ဘယ်မှာလာပြီး အေးမြမှုပေးနိုင်
မှာတဲ့လဲ။

မိုက်ရူးရဲ့အတွေးလေးတစ်ချက် မှားယွင်းခဲ့မှုဟာ ခုတော့ ကိုယ့်
အနာဂတ်တစ်ခုလုံးကို စက္ကူစုတ်တစ်ရွက်လို သုံးစားလို့မရအောင် စုတ်
ခြေခြင်းခံရတော့မည်။

အမုန်ဆို နက်ရှိုင်း အရှေ့မှာ ကိုယ့်ရဲ့လက်တစ်ဆုပ်စာလောက်
သာကျန်တော့သော အမုန်းတွေနဲ့ ဟန်ရေးမပြချင်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ရဲရဲ"

ဘယ်အချိန်ထဲက ရောက်နေမှန်းမသိသော နက်ရှိုင်း၏ခေါ်သံကြောင့် ကြေကွဲရိပ်တွေ လွှမ်းနေသော မျက်နှာဖြင့် ငုံ့စောင်းကြည့်လိုက်၏။

ကိုယ့်ကို ခပ်ပြုံးပြုံးကြည့်နေတဲ့ သူ့ရဲ့အပြုံးတွေဟာ အရင်တွေထက် ပိုပြီး တည်ကြည်လေးနက်လွန်းသည်ဟု ရဲရဲ တွေးထင်မိ၏။

"မိုးစက်တွေ စင်မယ်လေ၊ ဘာဖြစ်လို့ အဲဒီမှာ ထွက်ရပ်နေရတာလဲ"

"မိုးရွာတာကို ကြည့်ချင်လို့"

သူ့ထံမှ ဟက်ခနဲ ရယ်သံတစ်ချက် ထွက်လာ၏။

"ခပ်ကြောင်ကြောင် တွေးတတ်တာပဲ၊ နှင့်ဘဝတစ်သက်တာမှာ မိုးရွာတာကို တစ်ခါမှ မမြင်ဖူးဘူးလား"

ရဲရဲ ဘာမှပြန်မဖြေဘဲ ခေါင်းငုံ့ပြီး ရယ်လိုက်သည်။

"ငါ နင့်အတွက် ကော်ဖီဖျော်လာတယ်၊ ပူတုန်းသောက်လိုက်ဦး"

နက်ရှိုင်း ကမ်းပေးလာသော ကော်ဖီခွက်ကို လှမ်းယူပြီး တစ်ငုံငုံလိုက်သည်။

ရဲရဲ တစ်သက်တာမှာ သောက်ဖူးသမျှ ကော်ဖီထဲမှာ အကောင်းဆုံးအရသာပင် ဖြစ်သည်။





"ဘယ်လိုလဲ အရသာရှိလား"

"အင်း"

"ငါကတော့ ဒီလို မိုးအေးအေးလေးမှာ ကော်ဖီတစ်ခွက် ဆိုင်သောက်ပြီး အခန်းထဲမှာ ဓိမ်ယူနေရတဲ့အရသာကို အကြိုက်ဆုံးပဲ၊ ခုတော့ ငါ့အကြိုက်က ပိုပြီးအဓိပ္ပာယ်တွေနဲ့ ပြည့်စုံနေတယ်"

"ဘာအဓိပ္ပာယ်တွေနဲ့ ပြည့်စုံတာလဲ"

ရဲရဲ နားမလည်သူတစ်ယောက်လို အကြည့်မျိုးဖြင့် မျက်လုံးလေးဝင့်ကာ မေးလိုက်၏။

ငါ့အနားမှာ ငါမျှော်လင့်နေတဲ့ ရင်သွေးလေးရယ် ပြီးတော့ နင်ရယ် ရှိတယ်လေ။ အဲဒါဟာ ငါ့ဘဝအတွက် အဓိပ္ပာယ်ရှိခြင်းတွေပဲပေါ့။

နက်ရှိုင်း၏စကားအဆုံးမှာ ရဲရဲ ထခုန်မိမတတ် ဝမ်းသာလှိုက်ဖိုသွားရ၏။

သူ့ဘဝရဲ့လိုအပ်ချက်တွေထဲမှာ အရင်ကဆို ငုံရဲ ပါဝင်ခဲ့တာမှ မဟုတ်တာ။ အရာရာကို သူ့ကလေးအတွက်ဆိုတာနဲ့ပဲ အကြောင်းပြချက်နိုင်လုံခဲ့တာ။

ခုတော့ ထိုအကြောင်းပြချက်ထဲမှာ သူ ဟစ်ချိန်က သိပ်အဓိပ္ပာယ်မှန်းပါတယ်ဆိုတဲ့ ရဲရဲပါ ပါဝင်နေပြီဆိုတော့ ဘယ်လောက်ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စရာကောင်းလိုက်ပါသလဲ။

သူ့ရဲ့မျက်လုံးတောက်တောက်များနှင့် အကြည့်ခံလိုက်ရတဲ့ တခဏမှာ ရဲရဲဟာ ရင်ခုန်ညွတ်နူးခြင်းတွေနဲ့အတူ ခန္ဓာကိုယ်တစ်ခုလုံး ချမ်းစိမ့်စိမ့် ဖြစ်လာသလို ကျောထဲက စိမ့်လာသလို အူထဲအသည်းထဲ က တလှပ်လှပ် ခုန်လာသလိုလိုကြီး ခံစားနေရ၏။

ခန္ဓာကိုယ် ဖွံ့ထွားကျစ်လျစ်ပြီး ခန့်ညားတည်ကြည်လွန်းသော နက်ရှိုင်းဆိုသည့် ယောကျ်ားတစ်ယောက်ဟာ ရဲရဲနီထွေး ဆိုသည့် မိန်းမ တစ်ယောက်ကို အပြိုးကြီးစွာ လက်ထပ်ယူခဲ့ပြီး အမုန်းတွေကိုသာ ရက် ရက်ရောရော ပေးတတ်သော ယောကျ်ားတစ်ယောက်ဟု ဘယ်လိုမှယုံ ထင်ရက်စရာမရှိတော့လောက်အောင် နက်ရှိုင်း၏ပုံစံက အတော်ကြီး ပြောင်းလဲ၍နေ၏။

"နင် မချမ်းဘူးလား၊ အနွေးထည်ဝတ်မလား ငါ ယူပေးမယ်"

"ဟင့်အင်း မချမ်းပါဘူး။ မယူပေးနဲ့ရတယ်"

သူ့ကိုမကြည့်ဘဲ မိုးရေစက်တွေကိုငေးကာ အတွေးချော်နေ သော ရဲရဲကို နက်ရှိုင်း အကဲခတ်သလို ကြည့်လိုက်သည်။

ရဲရဲ မျက်ဝန်းထောင့်မှ ကိုယ့်ကိုငေးကြည့်နေသော နက်ရှိုင်းကို အကြည့်ချင်း မဆုံမိစေရန် အကြည့်ကို အပြင်သို့သာ ငေးကြည့်နေလိုက် ၏။ အခုတော့ ရဲရဲ၏အနားမှာ သူ့ကို အမြဲရှိနေစေချင်သောဆန္ဒတစ်ခု





ဘစ်ရာသည် ရဲရဲအတွက် ဘယ်လောက်ဆန်းကြယ်လိုက်သလဲ။

ဒါဟာ အချစ်လို့ လိုရာပုံဖော်ပြီး ကောက်ချက်ချမည်ဆိုလျှင် ရဲရဲ သူ့ကိုချစ်နေမိတာ အသေအချာပါပဲ။

ဟုတ်တယ် ရဲရဲ သူ့ကိုချစ်နေမိပါပြီ။

"နင် မအိပ်သေးဘူးလား"

နောက်ထပ်တဖန် အနားမှကပ်ပြီး အသံထွက်လာပြန်သဖြင့် ရဲရဲသည် အတွေးတွေမှ လွန့်လူးကာ ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်တက် သွားပြန်၏။

"ဟင့်အင်း မအိပ်ချင်သေးဘူး"

ဘာမေးမေး ငြင်းဆန်နေသော ရဲရဲကိုကြည့်ပြီး နက်ရှိုင်း ခေါင်း ညှတ်လိုက်သည်။ သူပါ မိုးရေစက်တွေကို အဓိပ္ပာယ်မရှိ လိုက်ငေးမော နေရတာ ကြောင်တက်တက်နိုင်လာသည်။ ကိုယ့်အကြံအစည်ကို ဘယ်က စပြောရမှန်းမသိအောင်ပင် သူမ ဘာကြောင့် မထုံတက်တေး နိုင်နေရ သနည်း။

"နင် ငါ့ကိုပြောစရာရှိလို့လား နက်ရှိုင်း"

အနားမှာ အချိန်အတော်ကြာ ပေကပ်ကပ် လုပ်နေသော နက် ရှိုင်းကို ရဲရဲ သိပ်မသက်သာချင်တော့။ ထို့ကြောင့် ဖွင့်မေးလိုက်ခြင်း ဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဆန္ဒတစ်ခုရှိနေလို့ပေါ့"

နက်ရှိုင်း၏အဖြေစကားကြောင့် ရဲရဲ ဆန်းကြယ်သော မျက်လုံး များဖြင့် အလန့်တကြား မော့ကြည့်လိုက်သည်။

သူ့မှာ ဘယ်လိုဆန္ဒတွေ ရှိနေလို့လဲ။ သို့သော် ထပ်မမေးတော့။ သူ့ုံစံက လျှို့ဝှက်ခြင်းတွေနှင့် အိပ်မက်မက်နေသူ တစ်ယောက်လို ကယောင်ကတမ်းနိုင်သော မျက်နှာမျိုးနှင့်ဖြစ်၏။

"ငါ နင့်ဘေးနားမှာ အိပ်ချင်တယ်"

"ဟင်"

ရဲရဲ၏ ရင်ခုန်သံတွေ ဘုံးဆန်ထိမှန်သလို တစ်စစီပွာလန်ကြ သွားသည်။

ရဲရဲ ပါးစပ်ထဲ တွေ့ကရာ ပြန်ပြောလိုက်သည်။

"ငါ တကယ်ပြောနေတာ ရဲရဲ"

ခပ်သဲ့သဲ့ တောင်းဆိုသံနှင့်အတူ ရဲရဲ၏ခန္ဓာကိုယ်လေးသည် ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်သည်။ ရဲရဲ၏ခန္ဓာကိုယ်လေးသည် နက်ရှိုင်း ၏ရင်ခွင် ကျယ်ကြီးထဲမှာ နစ်မြုပ်ခိုဝင်သွားသည်။

ထိုတဒင်္ဂသည် ရဲရဲအဖို့ ကမ္ဘာသစ်တစ်ခုထဲကို ရောက်သွား သလိုပင် ခံစားလိုက်ရသည်။

တင်းကြပ်စွာ ဆုပ်ကိုင်ထွေးပွေ့ထားတဲ့ သူ့လက်အစုံမှာ





အင်အားဖြစ်စေသော စွမ်းအားတွေ ရဲရဲ ခန္ဓာကိုယ်ထဲ စိမ့်ဝင်စီးမျော နေသလို ခန္ဓာကိုယ်တစ်ခုလုံး ရှိန်းမြနွေးထွေးနေသည်။

ထိုအထိအတွေ့ နွေးနွေးကို ရဲရဲ ဘယ်အရာနှင့်မှ မလဲနိုင် အောင် သာယာမိန်းမောမိပါ၏။ ထို့ကြောင့် ရုန်းထွက်ဖို့လည်း မကြိုးစား မိ။

ထိုညအေး၏ ဖမ်းစားမှုဖြင့် ရဲရဲသည် သူ့ရင်ခွင်ထဲမှာ ခိုဝင်ဖို့ လောဘတကြီး တွေးတောလိုက်သည်။

သို့သော် ထိုသာယာချိန်သည် ရဲရဲအတွက် မိနစ်ပိုင်းလောက်သာ ကြာမြင့်လိုက်ပြီး အသိစိတ်တချို့သည် အာရုံကို လာရောက်ပုတ်နိုးပြီး အိပ်မက်မှ လန့်နိုးလာသူတစ်ယောက်လိုဟန်မျိုးဖြင့် သူ့ရင်ခွင်မှ ရုန်း ထွက်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"ဟင့်အင်း နင် ဒါ ဒါ နင့်စိတ်ရင်းနဲ့ မဟုတ်ဘူး၊ ငါ့အပေါ် ဟန်ဆောင်ပြနေတာ မဟုတ်လား"

ရဲရဲ၏သွေးရူးသွေးတန်းနိုင်သော အမေးကြောင့် နက်ရှိုင်း ကျစ်ခနဲ စုတ်သတ်လိုက်ပြီး

"ကျစ် မလိုအပ်ဘဲ ဘာလို့ သွေးရူးသွေးတန်းနိုင်နေရတာလဲ ရဲရဲရာ၊ နင်နဲ့ငါနဲ့က ဘာလဲ လင်မယားလေ၊ ဒီအချိန်မှာ ဒါတွေ မေးစရာ



www.burmeseclassic.com

www.burmeseclassic.com



လား အရှုံးလေးရဲ့"

ရဲရဲ၏ခေါင်းကို မနာအောင် ခပ်ဖွဖွထုပြီး ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ပြန်ဆွဲသွင်းဖို့ ထပ်မံကြိုးစား၏။

မဖြစ်ဘူး ဒီအချိန်မှာ ရဲရဲ စိတ်တွေ ပျော့ညံ့နေလို့ မဖြစ်။ ရဲရဲရင်ထဲက ပုန်းလျှိုးကွယ်လျှိုး အချစ်တွေကို သူ မမြင်စေရ။

"ရဲရဲ မဆိုးနဲ့ကွာ၊ လာပါ ငါ နင်တို့သားအမိဘေးမှာ အိပ်ချင်လို့ပါ၊ နင့်ကို ငါ ဘာမှမလုပ်ဘူး စိတ်ချ၊ ငါတစ်ယောက်တည်း အိပ်ရတာ အထီးကျန်လို့ပါ"

"ဟင့်အင်း မရဘူး၊ နင့်ခုတင်မှာ နင်သွားအိပ်"

နက်ရှိုင်း ပဲများလွန်းနေသော ရဲရဲကိုကြည့်ပြီး တင်းလာသည်။

"မအိပ်ဘူးဟာ၊ နင်က ငါ့မိန်းမပဲ၊ နင့်ဘေးမှာ လာအိပ်တော့ရော နင့်အသားပဲ့ပါသွားမှာမို့လား၊ နင့်ဆီက ဒီလို အခွင့်အရေးကို ကြည်ကြည်ဖြူဖြူ တောင်းခံဖို့ ငါ ညပေါင်းများစွာ ကြိုးစားခဲ့တာ ကြာပြီ၊ ဒီညမှ နင့်ဆီက ခွင့်တောင်းမိတာပါ"

"ဟင့်အင်း ငါ ငါ လက်မခံရဲဘူး နင် နင်လည်း ဖခင်လောင်း တစ်ယောက်ဖြစ်နေပြီပဲ၊ ဗိုက်ထဲက ကလေးကိုလည်း ငဲ့ကွက်ဦးမှပေါ့"

ရဲရဲ စကားဆုံးတော့ နက်ရှိုင်း ခပ်ကြောင်ကြောင် ထရယ်သည်။ ခွက်ထိုးခွက်လန် ရယ်နေသော နက်ရှိုင်းကိုကြည့်ပြီး ရဲရဲပင် မျက်လုံး





အဝိုင်းသား ပါးစပ်အဟောင်းသားလေး ဖြစ်သွားရသည်။

"ဟဲ့ နင် ဘာရယ်တာလဲ၊ ငါ ပြောတဲ့အထဲမှာ ရယ်စရာတစ်ခုမှ မပါဘူး"

ရဲရဲ ငေါက်ဆတ်ဆတ်ကလေး ပြောလိုက်သည်။ နက်ရှိုင်း ရယ်သံနှောသော အသံဖြင့်

"ရယ်မှာပေါ့၊ နင်က လိုရာဆွဲတွေးနေတာကိုး၊ နင့်အမြင်မှာ ငါက နွားတစ်ကောင် ဖြစ်နေပြီလား"

နက်ရှိုင်း ပေါ်တင်ကြီး ဒဲ့မေးလိုက်သဖြင့် ရဲရဲ အားနာသွားမိသည်။

"ငါ့ရင်ထဲက ဆန္ဒက နင့်ကို ဟို ဟိုဒင်း ဟိုဟာ အိစိကလီ လုပ်ဖို့မဟုတ်ဘူးဟ နင်ရယ် ငါရယ် ပြီးတော့ ဟောဒီဗိုက်ထဲက ကလေး လေးရယ် မိသားစုသုံးယောက် ဒီခုတင်မှာ အတူတူ အိပ်ချင်ရုံသက်သက်ပဲ၊ ပြီးရင်လေ ပြီးရင်"

နက်ရှိုင်း ရှေ့သို့ စကားမဆက်ဘဲ အခက်တွေ့နေဟန်ဖြင့် နားထင်စပ်ကို လက်ညှိုးနှင့် အဓိပ္ပာယ်မဲ့ ကုတ်ခြစ်လိုက်ပြီး ရဲရဲကို ဖျတ်ခနဲ လှမ်းအကဲခတ်လိုက်သည်။ ရဲရဲ မျက်ဝန်းဝိုင်းလေးဖြင့်

"ပြီးရင် ဘာဖြစ်လဲ"

"ပြီးရင် နင့်ဗိုက်ကလေးကို လှန်ပြီး ဗိုက်ထဲက ကလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုလေးကို ဗိုက်နားကပ်ပြီး နားထောင်ချင်တယ်၊ ပြီးရင် သူ့ေ
နဲ့ ငါ စကားတွေ အနီးကပ်ပြောချင်တယ်၊ နောက်ပြီး ငါ ကြားဖူးတ
တစ်ခုရှိတယ်၊ ဗိုက်ထဲက ကလေးက ညဘက်ဆိုရင် ဗိုက်ထဲမှာ သား
အချိန်ထက် ပိုပြီး လှုပ်ရှားမှုရှိတယ်တဲ့၊ အဟဲ ဒါကြောင့် သူတို့ရဲ့
ခေါင်းလေးတွေ တံတောင်လေးတွေ ထိုးထွက်လာတာကို ငါ ကြည့်
တယ်"

နက်ရှိုင်း၏ တောင်းဆိုမှုတွေကြောင့် ရဲရဲ၏ရင်ခုန်လှုပ်ရှား
သော စိတ်တွေ ခုတော့ ဘယ်ဆီသို့ လွင့်ပျယ်သွားမှန်းတောင် မသိတော့

အံ့ဩလွန်း၍ ကိုယ့်နဖူးကိုယ်သာ အကြိမ်ကြိမ်ရိုက်ပြီး ေ
ရယ်လိုက်ချင်ပါရဲ့။ အဲဒီလောက်တောင်ပဲ အနုစိတ်ဆန်ပြီး ကလေ
ချစ်ရသလား၊ တွေးကြည့်မြင်ကြည့်ရုံနဲ့တင် ဖခင်တစ်ယောက်၏မေ
အတိမ်အနက်ကို ရဲရဲအနေနှင့် ခန့်မှန်းမိနိုင်၏။

ကျေလည်း ကျေနပ်နေမိ၏။

"အဲ အဲဒါဆိုရင်လည်း ဝေ့လည်ကြောင်ပတ် လုပ်မနေ
ဒဲ့ပြောချလိုက်ပါလား နက်ရှိုင်းရယ်"

"နင် ခွင့်ပြုတယ်ပေါ့"

"အင်း"

"ဟာ ဝမ်းသာလိုက်တာ ရဲရဲရယ်၊ ဒါ ဒါဆို နင်တို့သားအမိ





ှ်ကို ညတိုင်း အိပ်ခွင့်ပေးမှာလား"

"အင်း"

"ဟေး ဝိုး"

နက်ရှိုင်း အခန်းထဲမှာ ဝမ်းသာအားရ ထခုန်ပြီး လေထဲကို
လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

ခုချိန်မှာ နက်ရှိုင်း၏ရင်ထဲမှ အပျော်တွေသည် ဘယ်လိုအပျော်
မျိုးနှင့်မှ လာရောက်နှိုင်းယှဉ်၍ ရမည်မထင်။

"ဒါဆို လာလေ ခုတင်ပေါ်သွားကြမယ်"

ရဲရဲ မျက်နှာ ရှက်စိတ်ကြောင့် ရဲခနဲ ဖြစ်သွားရ၏။ သူက ဖိုး
မိုးပြောပေမယ့် ကိုယ်က ဘာကြောင့်ရယ်မသိ ထပ်မံရင်ခုန်၍ လာပြန်
သည်။

ရဲရဲလည်း ဒီလို အနေအထားလေးကို တိတ်တဆိတ် မက်မော
မိတာပဲလေ။

ကိုယ့်လက်ကို ညင်သာစွာ ဆွဲခေါ်ရာသို့ ရဲရဲ အသာတကြည်
လိုက်ခဲ့လိုက်၏။

သူ့ရဲ့ပီတိတွေနှင့် ပြုံးပျော်နေသော မျက်နှာကိုကြည့်ပြီး ရဲရဲ
လည်း သူနှင့်အတူ လိုက်၍ ပီတိဖြစ်မိပါ၏။

တကယ်ဆို ရဲရဲလည်း သူ့လိုပဲ ထိုတဒင်္ဂလေးကို ဘယ်လောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မကုန်ဆုံးစေချင်ဘူးလေ။

အပြင်မှာ မိုးတွေက ရွာနေဆဲပဲ. . ။

■ ■ ■



## အခန်း (၃၁)

"နက်ရှိုင်း နက်ရှိုင်း"

အိပ်မက်ထဲမှာလိုလို အပြင်မှခေါ်နေသလိုလို အသံကြောင့် နက်ရှိုင်း မှေးမှိတ်နေသော မျက်လုံးများ ဖျတ်ခနဲ ဖွင့်ကြည့်လိုက်၏။

မြင်လိုက်ရသော မြင်ကွင်းက လုံးဝ ထင်မှတ်မထားသော သွေးရူးသွေးတန်း မြင်ကွင်းမျိုး။

"ဟင် ရဲ ရဲရဲ ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒီ ဒီကလေးက"

တစ်ကိုယ်လုံး သွေးသံရဲရဲဖြင့် မြင်၍မကောင်းအောင် ဖြစ်နေသော ရဲရဲ ရင်ခွင်ထဲတွင် အနှီးထုပ်ကလေးနှင့် ချစ်စရာရင်သွေးငယ်လေး။

"ဒါ ငါတို့ရဲ့ကလေးလေးပါ၊ ဒီကလေးကို နှင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဒီ ညီး စောင့်ရှောက်ရတော့မယ်"

"ငါတစ်ယောက်တည်း ဘာလို့ စောင့်ရှောက်ရမှာလဲ နင်ကရော နင် ဘာတွေဖြစ်နေတာလဲ"

နက်ရှိုင်း၏အသံတွေက စိုးရိမ်စိတ်ကြီးစွာဖြင့် လုံးထွေးရစ်ပတ် လို့နေ၏။

"ငါ ငါလေ နင်နဲ့သမီးလေးကိုခွဲပြီး ဘယ်တော့မှ ပြန်မလာနိုင် မယ့်လမ်းကို အပြီးထွက်သွားရတော့မယ်"

ရဲရဲ ပါးပေါ်မှ မျက်ရည်တွေ တလိမ့်လိမ့် ကျဆင်း၍လာ၏။

"နင် ဘာတွေလာပြောနေတာလဲ ရဲရဲ နင်က ငါတို့ သားအမိ ဘဝထဲက ဘာလို့ ထွက်သွားရမှာလဲ၊ အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြော စမ်းပါနဲ့ဟာ"

ရဲရဲ ကမ်းပေးသော သမီးလေးကို အငမ်းမရ ပွေ့ချီလိုက်ပြီး ရဲရဲကို လုံးဝ အဆုံးရှုံးမခံနိုင်သော မျက်နှာမျိုးဖြင့် နက်ရှိုင်း သွေးရူး သွေးတန်း ပြောလိုက်သည်။

"ငါ တကယ်ပြောတာ နက်ရှိုင်း၊ ငါ ငါလေ နင့်ကိုရော သမီးလေးကိုရော အရမ်းချစ်တယ်၊ မခွဲချင်ဘူး ဒါပေမဲ့ ငါ့မျှော်လင့်ချက် တွေ ငါ့ရင်ထဲက အချစ်တွေဟာ ခုတော့ တိမ်တိုက်တွေနဲ့အတူ လွင့်မျော ကုန်ပြီ ငါ ငါ နင့်ကို အရမ်းချစ်တယ် နက်ရှိုင်းရယ် ငါ သွားတော့မယ်"





လက်ကလေး တကာကာပြရင်း နက်ရှိုင်းနှင့်သမီးလေးကို ကျောခိုင်းထွက်ခွာသွားသော ရဲရဲကို အသိစိတ်ကင်းမဲ့သလို ကြောင်အေး ကြည့်ရင်း ပါးပြင်မှာ မျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

"ရဲရဲ မသွားပါနဲ့ ငါလည်း နင့်ကိုချစ်ပါတယ်၊ ငါနဲ့သမီးလေးကို ထားမသွားပါနဲ့"

ရဲရဲ မကြားနိုင်တော့ပြီ။

တရွေ့ရွေ့လှမ်းသွားနေသော ရဲရဲ၏ပုံရိပ်သည် နက်ရှိုင်း၏ မျက်ရည်ပြည့်နေသော အမြင်အာရုံတွေကြားမှာ မပီဝိုးတဝါး။

"ရဲရဲ မသွားပါနဲ့၊ တောင်းပန်ပါတယ်၊ နင့်ကိုငါ မခွဲနိုင်ဘူး နင့်ကိုငါ အရမ်းချစ်ပါတယ် ရဲရဲရာ"

မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်တွေက အထိမ်းအကွပ် မဲ့စွာဖြင့် ပါးပြင်ထက်သို့ စီးကျလာ၏။

"ရဲရဲ"

မျက်ဝန်းကို စုံမှိတ်၍ အာခေါင်ခြစ်၍ အော်ခေါ်လိုက်၏။

"နက်ရှိုင်း နက်ရှိုင်း"

ကိုယ့်လက်မောင်းကို လှုပ်ရမ်းပြီး ခေါ်လိုက်သော ရဲရဲ၏ခေါ်သံ ကြောင့် ကယောင်ကတမ်းနိုင်စွာဖြင့် မျက်ဝန်းတွေကို စုံမှိတ်ထားရာမှ ဖျတ်ခနဲ ဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ရဲရဲ"

အထိတ်တလန့် မျက်ဝန်းအဝိုင်းသားနှင့် ကြည့်နေသော ရဲရဲကို တွေ့လိုက်တော့ အသိစိတ်အချို့က စိတ်နှင့်လူနှင့် ပြန်၍ကပ်ကာ

"ဟင် ရဲရဲ နင် နင် ဘယ်မှမသွားဘူးနော်၊ ငါနဲ့သမီးလေးကို ခွဲမသွားဘူးနော်"

"ဟင် ငါက ဘယ်သွားရမှာလဲ၊ နင့်ဘေးမှာ အိပ်နေတာလေ နင် ထအော်လို့ ငါ လန့်နိုးသွားတာ"

"ဟင် ဒါဆို ငါ ငါ အိပ်မက်မက်နေတာပေါ့"

"ဟုတ်တယ် နင် အိပ်မက်မက်ပြီး ထအော်နေတာ"

"ဟား တော်ပါသေးရဲ့ဟာ ငါက တကယ်လန့်သွားတာဟ"

ရဲရဲ လက်ကလေးကို မြတ်နိုးစွာ ဆုပ်ကိုင်လိုက်ပြီး ဝမ်းသာအားရ ပြောနေသော နက်ရှိုင်းကိုကြည့်ပြီး ရဲရဲပါ လိုက်ပြုံးလိုက်သည်။

နက်ရှိုင်း ရဲရဲ၏အရယ်မျက်နှာလေးကို ပြာလဲ့လဲ့မီးရောင်အောက်မှာ ရီဝေဝေ စိုက်ကြည့်လိုက်၏။

ထို့နောက် ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲသို့ အငမ်းမရ ဆွဲသွင်းဖက်တွယ်ထားလိုက်၏။

"နင့်ကိုငါ အရမ်းချစ်တယ် ရဲရယ်၊ ငါ့အိပ်မက်ထဲမှာ နင်က ငါနဲ့သမီးလေးကို ထားပြီး လုံးဝပြန်မလာတဲ့လမ်းကို ထွက်သွားတာ





ငါဖြင့် ကမ္ဘာပျက်မတတ်ကို ပူလောင်သွားရတာ"

ရဲရဲ၏စိတ်စေစားရာတို့သည် ရင်ခုန်လှိုက်မောခြင်းတွေနှင့် နွေးမြလို့နေ၏။

"နင့်ကို ချစ်နေတဲ့စိတ်ကို နင် မမြင်အောင် ဖုံးထားကြည့်တယ်၊ ဒါပေမဲ့ ဘယ်လိုမှ ဖုံးလို့မရဘူး။ ဒါကြောင့် ငါ့စိတ်ကူးနဲ့ငါ့ခံစားချက်တွေကို ယုံကြည်စွာ အသိအမှတ်ပြုပေးပါ"

ရဲရဲ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲကို ယုံကြည်ပါ၏။ သို့သော် ကိုယ့်ခံစားချက်နဲ့ ကိုယ့်ရဲ့အတိတ်က အရိပ်မည်းကြီးက လုံးထွေးရစ်ပတ် လွှမ်းစွာဖြင့် ဘယ်အရာကိုမှ လက်မခံရဲ။

အရာရာဟာ အိပ်မက်လိုပဲ ဝေဝါးလွင့်မျောနေသလို ခံစားရ၏။

"ငါ ယုံကြည်ချင်ပါတယ် နက်ရှိုင်းရယ်၊ ဒါပေမဲ့ ငါက နင့်ရဲ့ အချစ်ကိုလက်ခံဖို့ မထိုက်တန်တဲ့မိန်းမတစ်ယောက်ပါ"

"ကျွတ် ဘာလို့ မထိုက်တန်ရမှာလဲ၊ ထိုက်တန်လို့ပဲ ဒီလောက် မုန်းနေကြတဲ့ နင်နဲ့ငါ့ကို ကံကြမ္မာက အသေအချာကို ဆုံဆည်းပေးခဲ့တာပါ"

"ဒါပေမဲ့ နင်နဲ့ငါရဲ့ဇာတ်လမ်းကို အမုန်းနဲ့စပြီး ကြေကွဲခြင်းတွေနဲ့ ဇာတ်သိမ်းထားတယ်ဆိုတာ နင့်အိပ်မက်က သက်သေတည်နေတာပဲ ဒါကို နင် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဘာဆိုင်လဲ နင့်အတွေးတွေ ဘေးကိုချော်ထွက်နေပြီ၊ စောစောက အိပ်မက်ကို နင့်စိတ်ထဲ ဘာမှထည့်မထားနဲ့၊ အိပ်မက်တိုင်း ဒါတို့ရဲ့ကံကြမ္မာကို ကြိုတင်ပြီး စီရင်ချက်ချနိုင်တာမှ မဟုတ်တာ၊ ကဲ အိပ်တော့ ညနှစ်နာရီတောင် ထိုးပြီးနေပြီ"

နက်ရှိုင်း နံရံမှ နာရီကိုမော့ကြည့်လိုက်ပြီး ညှိုးဖျော့နေသော ရဲရဲ၏ပခုံးလေးကို ခပ်ဖွဖွ ဆုပ်ကိုင်လိုက်သည်။

"ငါ မအိပ်ချင်တော့ဘူး"

အမှန်ပင် ရဲရဲ အိပ်၍မပျော်နိုင်တော့။

"မအိပ်လို့မရဘူး၊ ကိုယ်က ကိုယ်ဝန်ဆောင်သည် အိပ်ရေးမဝရင် အထဲက ကလေးရော လူကြီးရော အင်အားယုတ်တတ်တယ်"

ပခုံးလေးကို ကိုင်ပြီး ရဲရဲ ခန္ဓာကိုယ်လေးကို အိပ်ရာထက်မှာ လှဲအိပ်စေလိုက်သည်။ ရဲရဲ အလိုက်သင့်ပြန်လှဲလိုက်သည်။

ထို့နောက် ရဲရဲ ကိုယ်ပေါ်သို့ စောင်ပါးလေး လွှမ်းခြုံပေးရင်း သူပါ ရဲရဲဘေးမှာ လှဲအိပ်လိုက်သည်။

သူ၏ရင်ခွင်ကျယ်ကြီးထဲကို ရဲရဲ၏ကိုယ်လေးကို တွေးဖက်ထား၏။

ဘယ်လောက် အံ့ဩရင်ခုန်စရာကောင်းတဲ့ ညချမ်းလေးလဲလို့ ကိုယ် လက်ထပ်ယူထားသည့် မိန်းမတစ်ယောက်ကို အမှန်းတွေနဲ့ ချည်





နှောင်ပြီးမှ အခု ထိုအမုန်းတွေကို ဥပေက္ခာပြု ကျော်နိုင်းပြီး အချစ်သစ်တွေနှင့် ပျော်မွေ့ဖို့ ရင်ထဲက ခံစားချက်အစစ်အမှန်ကို ဖွင့်ဟဝန်ခံခဲ့သော အချိန်ကာလမှာ ခုလို သန်းခေါင်ယံအချိန် ညနှစ်နာရီမှာတဲ့လား။

ဒါမှမဟုတ် သူ အိပ်မက်ထဲမှာ လမ်းလျှောက်သူလို ကယောင်ကတမ်း ဖြစ်နေတာလား။

သို့သော် သူ့ရင်ခွင်က ရင်ခုန်သံတွေနှင့် ထပ်တူနွေးမြနေတာတော့ အသေအချာပါပဲ။

ခုတော့ ချစ်ခြင်း၏လုပ်ကြံခြင်းကြောင့် အမုန်းတွေ ပြာကျခဲ့ရလေပြီ။ ဒါဟာ အမုန်းရဲ့နိဂုံးပဲ။ အမုန်းရဲ့ နိဂုံးဟာ အချစ်ရဲ့နိဒါန်း အစပဲဆိုတာ ရဲရဲ သိလိုက်ရပြီ။

ရင်ခုန်သံတွေကို ကျောသပ်ပြီး ဆုံဆည်းခြင်းလမ်းမပေါ်မှာ မိုးမမြင် လေမမြင် လျှောက်လှမ်းချင်ပေမယ့်လည်း အခွင့်က သာပါ့မလား...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

တသိမ့်သိမ့် ရှိုက်ငိုနေသော ရဲရဲကိုကြည့်ပြီး နွေးအိ သက်ပြင်း ဘယ်နှစ်ကြိမ်မြောက် ချမိမှန်းပင် မသိတော့။ နင် မိုက်လိုက်တာဟယ် ဟုလည်း အပြစ်မတင်ရက်တော့။

"နင် မှားခဲ့တဲ့ အမှားတွေကို ခုမှ နောင်တတွေနဲ့ သင်ပုန်းချေဖို့ ကြိုးစားနေလို့ရော ဘာထူးတော့မှာလဲ၊ ရဲရဲရယ်၊ ဒီအချိန်က ဘာလုပ်သင့်တယ်ဆိုတာ အရင်ဆုံး စဉ်းစားဆုံးဖြတ်ရမယ့်အချိန်၊ ငါကတော့ ဖြစ်နိုင်ရင် ဒီကိစ္စကို လုံးဝဖွင့်မပြောဘဲ လျှို့ဝှက်သွားစေချင်တယ်၊ နင်လည်း ကိုယ်ဝန်ကရင့်လာပြီဆိုတော့ နင့်စိတ်တွေကို အဖိစီးမခံပါနဲ့"

"ဒါပေမဲ့ ဒါဟာ မင်းညိုရဲ့ကလေးလေ၊ ဒီကိစ္စကြီးက တစ်သက်လုံး ဖုံးထားလို့ ရမတဲ့လား၊ ရခဲ့တယ်ပဲထား နက်ရှိုင်းရဲ့မေတ္တာ





တရားကို ငါ့အနေနဲ့ ပိုးစိုးပက်စက် စော်ကားသလို ဖြစ်မနေဘူးလား"

"ရဲရဲရယ် မင်းညိုရဲ့ကလေးပါဆိုတာကို နင်နဲ့ မင်းညိုရယ် ပြီးတော့ ငါရယ်ပဲ သိတာလေဟယ်၊ ငါကတော့ ဘယ်တော့မှ ဒီကိစ္စကို နက်ရှိုင်းကို ဖွင့်ပြောမိမှာမဟုတ်ဘူး၊ နင့်အရေးကိစ္စဟာ ငါ့အရေးကိစ္စပဲလေ၊ နောက်ပြီး မင်းညိုလည်း ဒီမှာရှိတော့တာ မဟုတ်ဘူး၊ မင်းညို ဒီအိမ်က ထွက်သွားတာကိုက နင့်အတွက် အရမ်းကောင်းသွားတယ်၊ ဒီတော့ ဒီကိစ္စကို နင် ဖွင့်ပြောမှသာ သိတော့မှာပေါ့"

"ဟင့်အင်း ငါ နက်ရှိုင်းအနားမှာ အဲဒီလို မရိုးသားတဲ့စိတ်ကြီးနဲ့နေဖို့ စိတ်မရဲတော့ဘူး"

စိမ့်ခနဲ ထွက်ကျလာသော မျက်ရည်ကြည်တို့ကို လက်ဖမိုးဖြင့် ဆွဲသုတ်လိုက်ပြီး ရင်ထဲက လေးနက်သော ဆန္ဒတစ်ခုက သူငယ်ချင်းဖြစ်သူရဲ့ အကြံဉာဏ်တွေကို ညင်သာစွာ ဖယ်ရှားခဲ့၏။

နွေးအိ ခေါင်းမာလွန်းတာ နှစ်ယောက်မရှိသော သူငယ်ချင်းကိုကြည့်ပြီး ဘယ်လို အကြံဉာဏ်မျိုး ပေးရမှန်းတောင် မသိတော့။

"ဒါနဲ့ နင်ပြောတော့ သူ့ကို ဒီကလေးဟာ သူ့ကလေး မဟုတ်ဘူးဆိုတဲ့အကြောင်းကို သူသေအံ့ဆဲဆဲ အချိန်ရောက်မှ ဖွင့်ပြောတော့မယ်ဆို"

"ဟုတ်တယ် အဲဒီတုန်းက ငါ သူ့ကိုမုန်းနေသေးတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အဲဒီအမုန်းတွေ ငါ့ရင်ထဲမှာ တစိုးတစိမှ မရှိတော့ဘဲ ခု သူ့သားမှာ သူသိပ်ချစ်တဲ့ မိန်းမတစ်ယောက်အဖြစ် နေနေရတာကိုက စိတ်မလုံတော့တာ''

''စိတ်လုံတာတွေ စိတ်မလုံတာတွေကို အသာဘေးချိတ်ပြီး အကောင်းဆုံးဖြေရှင်းနိုင်မယ့်နည်းလမ်းကိုပဲ ရွေးချယ်ပါတော့ ရဲရဲရယ်။ ဒါဆို နင်ရော နင့်ကလေးရော နက်ရှိုင်းအနားမှာ တစ်သက်စာ ထာဝရ နေလို့ရပြီ''

''နွေးအိ အကြံပေးချက်တွေက အရင်က ငါ့ရင်ထဲက အမုန်းတရားတွေ ရှိစဉ်တုန်းကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ အခု ငါ့ရင်ထဲမှာ နက်ရှိုင်းကို ချစ်မိတဲ့အချစ်တွေ ဘယ်အချိန်ကတည်းက ကိန်းအောင်းနိုဝင်နေခဲ့လဲ မသိဘူး။ ငါ သတိထားမိတဲ့အချိန်ရောက်တော့ ငါ ငါဿ နက်ရှိုင်းကို အရမ်းချစ်မိနေပြီဟာယ်၊ တစ်ခါတလေ ငါ့ရဲ့စိတ်ကို ငါကိုယ်တိုင် အံ့ဩလွန်းလို့ ဘယ်လိုယုံကြည်ရမှန်းတောင် မသိတော့ဘူး''

တည်ငြိမ်လေးနက်စွာ ပြောနေသော ရဲရဲ၏စကားလုံးတိုင်းက အဓိပ္ပာယ်တွေနဲ့ သက်ဝင်လို့နေ၏။

''ဒါဆို နင် ဖွင့်ပြောမယ်ပေါ့''

နွေးအိရဲ့ အမေးကို ရဲရဲ ခပ်ဖြည်းဖြည်း ခေါင်းညိတ်လိုက်ပြီး

''ဟုတ်တယ် ငါ ဖွင့်ပြောလိုက်တော့မယ်''





နွေးအိ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားအောင် ရင်ထိတ်သွား၏။

''ဒါဆို နင်ရော နင့်ဗိုက်ထဲက ကလေးကိုရော သူ မုန်းသွားမှာပေါ့၊ နင် ဒါကို ခံနိုင်ရည်ရှိလို့လား ရဲရဲရယ်၊ ငါတော့ နင့်အစား စိတ်ညစ်လွန်းလို့ သေတောင်သေလိုက်ချင်တယ်''

ကိုယ့်အတွက် ပူပန်ပေးနေသော သူငယ်ချင်းကို ကျေးဇူးတင်သော အပြုံးခပ်ယဲ့ယဲ့ဖြင့် တုံ့ပြန်ရင်း

''ငါကိုယ်တိုင် ရေးခဲ့တဲ့ ကံကြမ္မာပဲ၊ ငါ့မှာ ဘာများရွေးခြယ် ခွင့်ရှိဦးမှာလဲ''

နွေးအိ အလေးပင်ဆုံး သက်ပြင်းမောကို ချလိုက်ပြီး ရဲရဲ၏ စိတ်ကို နားအလည်ဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ ဘာမှ မတားဆီး ချင်တော့။

''နင် အတော်လေး ခံနိုင်ရည်ရှိအောင် ကြိုးစားပြီးမှ ဖွင့်ပြော နော်၊ သူ လက်မခံခဲ့ရင် နင့်ဘက်က ဘာလုပ်သင့်တယ်ဆိုတာကိုလည်း ကြိုတင်ပြင်ဆင်ထားဖို့တော့ လိုလိမ့်မယ်''

နွေးအိ သတိပေးစကားကြောင့် ရဲရဲ ခပ်ယဲ့ယဲ့လေး ခေါင်းညိတ် လိုက်သည်။

''ငါ့ကို စိတ်ပူပေးတဲ့အတွက် ကျေးဇူးတင်တယ် နွေးအိရယ်



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘယ်လိုကံကြမ္မာမျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ငါနဲ့အတူ ငါ့ရင်သွေး

လေး ရှိနေတာပဲ၊ သူဟာ ငါ့ရဲ့အင်အားတစ်ရပ်ပဲလေ''

''ငါလည်း နင့်အတွက်ပိုင်းပြီး ဆုတောင်းပေးပါမယ်ဟာ

နင်နဲ့နက်ရှိုင်းကြားက ဖျက်မရတဲ့အရိပ်မည်းကြီး သူ့အလိုလို ပပျော

သွားပါစေ''

''နက်ရှိုင်း ငါ့ကိုချစ်တယ်လို့ သိခဲ့ရတဲ့နောက်ပိုင်း အဲဒီစိတ်

ကလေးတစ်ခုနဲ့တင် ငါ အရာရာကို ကျေနပ်ရောင့်ရဲနိုင်ပါပြီ နွေးအိရယ်''

''အင်း နင်ရော နက်ရှိုင်းရော ဒီကလေး ကိုယ်ဝန်ရှိပြီး

နောက်ပိုင်း ထင်မှတ်မထားလောက်အောင် ပြောင်းလဲသွားတယ်နော်''

''ဟုတ်တယ် ငါတို့ရဲ့ကလေးလေးက ချစ်ခြင်းတရားတွေ သယ်

ဆောင်လာပေးတဲ့ လောကရဲ့အချစ်စေတမန်လေးပေါ့၊ ငါတို့အတွက်

တော့ ကံကောင်းခြင်းလက်ဆောင်ပဲလေ''

''ငါ ထင်ပါတယ် နင်တို့ရဲ့အနာဂတ်ကို ဒီကလေးလေး

လှလှပပလေး ရေးခြယ်ပေးမှာပါ''

နွေးအိ ဝေမျှသုံးသပ်ပေးသော မျှော်လင့်ချက်စကားလုံးအ

ကြောင့် ရဲရဲ၏မျှော်လင့်ချက်ရောင်ခြည်ကလေး ဖျတ်ခနဲ ရှပ်ပြေးသွား

ရင်ခုန်သံသည် နေရောင်ထဲမှာ ပွင့်နေသော ပန်းပွင့်တွေ

နွေးထွေးနူးညံ့၍နေသေးသည်။





ဝမ်းနည်းငိုင်သက်နေသော ကိုယ့်စိတ်ကို အမျိုးမျိုး ထပ်ဆင့်

အောင် ကြိုးစားကြည့်သည်။ သို့သော် ယခုအချိန်ထိတော့ ကြေကွဲမှု

ထိတ်သော ကာလမှဲ့ဖုန်ထဲက ရုန်းမထွက်နိုင်သေး။

တကယ်တော့ အမုန်းတွေရဲ့အဆိပ်သင့်ခဲ့ရသူလေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

လေညင်းတို့ ဝှေ့ဝဲတိုက်ခတ်နေသော ရွှေအိုရောင် ညနေ

လေးသည် သာယာကြည်နူးစရာ မြင်ကွင်းတို့နှင့် လှပတင့်တယ်နေ

လောက် ရဲရဲ ရင်ထဲက ခံစားမှုအလိပ်လိုက်ကတော့ အမှုသောက ထ

နှင့် လောင်ကျွမ်းဆွေးမြေ့ကာ စုတ်ပြတ်သတ်၍နေ၏။

သောကအပူလုံးတွေနှင့် အာရုံတွေ ရှုပ်ထွေးနောက်ကျိနေ

ကြားထဲ ကိုယ့်ရှေ့မှာ ရန်လာဖြစ်နေသော စုံတွဲတစ်တွဲဆီမှ အတိုင်း

ကြားနေရသည့် ပြဿနာကြောင့် ကိုယ့်လိပ်ပြာကိုယ်မလုံ။ သူလို မျက်

အမှုအရာမျိုးဖြင့် ကိုယ့်ဘေးမှာ ထိုင်နေသော နက်ရှိုင်းကို မသိမ

ဝေ့ခနဲ ခိုးကြည့်လိုက်၏။

"မင်းဟာ သစ္စာမရှိတဲ့မိန်းမယုတ်ပဲ၊ မင်းယောကျ်ား ငါ ထ





ယောက်လုံးရှိနေရက်နဲ့ တခြားယောကျ်ားနဲ့ ဖောက်ပြန်တဲ့ မင်းလိုမိန်း

မျိုးကို ငါ နောက်ထပ် မတွေ့ချင်တော့ဘူး"

"မောင်ရယ် ကျွန်မ တောင်းပန်ပါတယ်၊ အဲဒီအမှားက ချော်

ရွယ်ဘဲ မှားခဲ့တဲ့အမှားပါ၊ ဝေ့ကို ခွင့်လွှတ်ပေးပါ"

အမျိုးသမီး၏ငိုကြီးချက်မ တောင်းပန်တိုးလျှိုးနေသောအသံ

ကို ရဲရဲ အတိုင်းသား ကြားနေရသည်။

တိုက်ဆိုင်လိုက်တာ ဘာဖြစ်လို့များ ကိုယ့်အဖြစ်နဲ့ တစ်ထပ်

တည်းနီးပါး တူနေသော ထိုအဖြစ်အပျက်ကြီးနဲ့မှ လာရောက် ကြုံတွေ့

နေရတာလဲ။

ကံကြမ္မာက တစ်ဖက်လှည့်နဲ့ နက်ရှိုင်းကို တိုးတိုးတိတ်တိတ်

သတိပေးနေတာများလား။ မလုံလဲစွာဖြင့် ရဲရဲ နက်ရှိုင်းကို ကြည့်လိုက်

သည်။

နက်ရှိုင်း မျက်နှာပေါ်မှ စိတ်ပျက်သော အမူအရာနှင့် ထိုအတွဲ

ကို ကြည့်နေသဖြင့် ရဲရဲ ခန္ဓာကိုယ်ထဲ အင်အားတွေ စုပ်ယူခြင်းခံလိုက်ရ

သလို မျှော်လင့်ချက်တွေမဲ့ကာ အရုပ်ကြိုးပြတ် ဖြစ်ခဲ့ရသည်။

"နက်ရှိုင်း ငါလည်း အဲဒီမိန်းကလေးလိုမျိုး တခြားလူနဲ့ရတဲ့

ကိုယ်ဝန်ကို နင်နဲ့ရတဲ့ ကိုယ်ဝန်ပါလို့ ညာပြောခဲ့ရင်ရော နင် ဘယ်လိုနေ

မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ရဲရဲ အမေးကြောင့် နက်ရှိုင်း မျက်နှာ

အနည်း ငယ် တည်သွားပြီး ရဲရဲကို ဖျတ်ခနဲ ငဲ့စောင်းကြည့်လိုက်

"နင် ငါ့ကို ဘာတွေလာမေးနေတာလဲ"

"ငါမေးတာကိုပဲ ဖြေစမ်းပါဟာ"

ရဲရဲကလည်း ဖွတ်မေး၏။

နက်ရှိုင်းနှုတ်မှ ဖြေလိုက်သော အဖြေသည် ရဲရဲတစ်ယော

နှင့် နှိုင်းယှဉ်ပြီး အတော်လေးကို အရေးပါပါ၏။

"ဖြေစရာလား နင်ဆိုတဲ့ ငါ့မိန်းမက အဲဒီလို အတန်းအစား

ထဲကမှ မဟုတ်တာ၊ ငါ့ကို အဲဒီလို လာမေးတာနဲ့တင် တော်တော်

တရားလွန်နေပြီ၊ စိတ်ထဲမှာ မရိုးမရွဖြစ်ပြီး ဆွဲတောင်ထိုးချင်လာ

နက်ရှိုင်း၏မာန်အပြည့်ပါသော စကားကြောင့် ရဲရဲ ရင်

ဖျင်းခနဲ ကျင်တက်သွားသည်။

ပျက်ယွင်းတော့မည့်ဆဲဆဲ မျက်နှာကို အပြုံးဖြင့် အကာ

ကွယ်ယူလိုက်ပြီး

"ဖြေပါ ငါ သိချင်လို့ ဘာရယ်တော့ မဟုတ်ပါဘူး၊

ငါ့ကို ဘယ်လောက်ချစ်သလဲဆိုတာ သိချင်လို့"

"အချစ်စမ်းချင်ရင်လည်း တခြားနည်းနဲ့စမ်းပါလားဟာ၊

မချွတ် ဒီလိုကိစ္စကြီးနဲ့ လာစမ်းရလား၊ အဟား ငါ့မိန်းမသော





မိန်းမမျိုးဆိုရင်လေ အဲဒီအကောင်ကိုရော နင့်ကိုရော တစ်ခါတည်း

သတ်ပြီး ငါက ကြိုးစင်ပေါ်ကို အပြုံးတစ်ချက် မပျက်ဘဲနဲ့ တက်သွား

လိုက်မှာ ရှင်းလား"

နက်ရှိုင်းထံမှ ကြားလိုက်ရသော စကားလုံးရင့်ရင့်တွေက ရဲရဲ

အဖို့ အရှင်လတ်လတ် အသတ်ခံရတော့မည့်သူလို ဆောက်တည်ရာမရ

ဖြစ်သွား၏။

ဒီစကားလုံးတွေဟာ ရဲရဲ၏မျှော်လင့်ချက်တွေနှင့်အတူ ရင်ထဲက

နက်နဲသော အချစ်တွေကိုပါ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်အောင် တစ်စစီ

ချေလိုက်သလို မှုစာကြဲခဲ့ရ၏။

တဒိန်းဒိန်းဖြင့် အခုန်မြန်လာသော စိုးရိမ်ထိတ်လန့်မှုတွေက

မျက်နှာပေါ်ကို အလုအယက် တိုးဝှေ့တက်လာကြ၏။

"ရဲရဲ နင် ဘာဖြစ်သွားတာလဲ"

လေတိုက်၍ ဝေ့ဝဲကျနေသော ဆံပင်အချို့ကို သပ်တင်ပြီး

ခပ်တိုးတိုးမေးလိုက်သော နက်ရှိုင်း၏အသံကြောင့် ရဲရဲ အထိတ်တလန့်

ဖြင့် ခေါင်းခါလိုက်ရင်း

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ နင်ပြောတဲ့ပုံစံကြီးကိုကြည့်ပြီး

ဒီ အရမ်းလန့်သွားလို့ပါ"

"အဟား ဟား ငါက နင် ဘာများဖြစ်သွားတာလဲလို့စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ၊ ငါက အဖြစ်ကို ပြောပြတာပါ၊ နင်နဲ့ငါကြားမှာ ဒီလိုဖြစ်လာရော ဘာအကြောင်းမှမှ မရှိတာ၊ အလကား အဓိပ္ပာယ်မရှိတာတွေလျှောက်မေးပြီး သူပဲ သွေးကြောင်နေတယ်၊ ဘယ်လိုကောင်မလေးလဲမသိဘူး"

ရဲရဲ၏ပါးပြင်ကို မနာအောင် ခပ်ဖွဖွ ဆွဲလိမ်လိုက်သော နက်ရှိုင်း ၏မျက်နှာမှာ ရဲရဲ၏အမူအရာ ပျက်ယွင်းသွားသော အနေအထားကို နည်းနည်းလေးမှ ရိပ်မိပုံမပေါ်။ သောကငြိမ်းသူတစ်ယောက်လို မြူးကြွ သွက်လက်နေ၏။

သူ့အနာဂတ်မှာ စောင့်ကြိုနေသည့် ပြဿနာတစ်ရပ်ကို နည်းနည်းလေးမှ ရိပ်မိပုံမပေါ်။

ရဲရဲမှာသာ အပြစ်ရှိသူတစ်ယောက်လို မထွေးနိုင်မအန်နိုင်ဖြစ်နေရတာ နေ့စဉ်နှင့်အမျှ စိတ်နှင့်လူနှင့်မကပ်။

သူ့ရဲ့အသက်ရှူနှုန်းနှင့်အပြိုင် အရိပ်မည်းကြီးက အချိန်နှင့်တစ်ပြေးညီ လိုက်ပါတွယ်ငြိ၏။

နက်ရှိုင်းအပေါ်မှာ သူမဟာ ကြောက်မတ်ဖွယ်ကောင်းသော အမှားတစ်ခုကို ကျူးလွန်ခဲ့သည်ဆိုတာကို နက်ရှိုင်းသာ သိခဲ့ရင် သူ့ရဲ့ မေတ္တာတရားနှင့် မာနကို ရိုက်ချိုးတယ်ဆိုပြီး ပျစ်ပျစ်နှစ်နှစ်ကို အပြစ်ပြောကာ သူမ၏အသက်ဝိညာဉ်တွေကိုတောင် အမြိုးနှင့်သုတ်သင်ပစ်





လားမသိ။

တွေးကြည့်ရုံနှင့်တင် ရင်ဘတ်နေရာက တဆစ်ဆစ် နာကျင်ခဲ့၏။

"ပြန်ကြရအောင် နက်ရှိုင်း"

"အင်း ပြန်တော့မလို့လား"

"အင်း အဲဒီအတွဲ ရှေ့ဘာဆက်ဖြစ်မယ် ဘယ်လိုတွေပြောကြမယ်ဆိုတာ ငါ မကြည့်ရဲတော့ဘူး"

"ဘာဆိုင်လဲဟာ ကိုယ့်ဟာကိုယ် လေကောင်းလေသန့် ရှူတာပဲ ပတ်ဝန်းကျင်ကို အာရုံမစိုက်စမ်းပါနဲ့၊ ပြီးရင် ငါတို့ မာမီတို့အိမ်ဝင်ကြမယ်"

"နောက်နေ့မှ သွားပါလား နက်ရှိုင်းရယ်"

"ဘာလဲ နင် စိတ်မကြည်ဘူးလား၊ ဒါဆိုလည်း နောက်မှပဲသွားတော့မယ်လေ၊ အိမ်ပြန်ပြီး အနားယူကြတာပေါ့"

ရဲရဲ ကျေးဇူးတင်သောအကြည့်ဖြင့် နက်ရှိုင်းကို မော့ကြည့်ကာခေါင်းလေး ဆတ်ပြလိုက်၏။

ဒီအချိန်မှာ ငါ ခပ်တိတ်တိတ်လေး ကြေကွဲချင်နေလို့ပါ နက်ရှိုင်းရယ်။ ငါ့ကို ခွင့်လွှတ်ပါ။ နင့်ဘဝထဲက ငါ့ကို ထွက်သွားခွင့်ပြုပါတော့။ ငါ့ရဲ့အပြစ်တွေကို နင့်ရှေ့မှာ ဝန်မခံရတဲ့ ငါရဲ့အားနည်းချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ငါနဲ့ ဒီတစ်သက် သက်ဆုံးတိုင် မပေါင်းဖက်ရတော့ဘူး။

နောင်ဘဝဆိုတာ ရှိခဲ့ရင်တော့ နင်နဲ့ပြန်ဆုံဖို့အတွက် ငါ မျှော်လင့်ချင်သေးတယ်။ ဒါဟာ ငါ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ပဲဖြစ်လိမ့်မယ်။

နင့်ကို ငါ အရမ်းချစ်မိသွားပြီ နက်ရှိုင်းရယ်။ ငါ သိပ်ချစ်တဲ့ နင့်ကို ခပ်တိတ်တိတ် ကျောခိုင်းခဲ့ရမယ့် ငါ့အဖြစ်က ဘယ်လောက် ရင်နာစရာကောင်းလိုက်သလဲလို့။

"ဟော့ ဒီကောင်မလေး ဘာတွေ အဲဒီလောက် တွေးနေရတာလဲ ထ ပြန်မယ်ဆိုရင်လည်း သွားကြရအောင်"

"အင်း သွားကြရအောင်လေ"

လက်မောင်းကို ဖေးကူထစေသော နက်ရှိုင်း ဆွဲတူရာသို့ အလိုက်သင့်လေး ထလိုက်၏။

ဖြတ်တိုက်လာသော လေနုအေးကို တစ်ဝကြီး ရှူရှိုက်လိုက်ပြီး ပြာလွင်နေသော မိုးသားပြာပြာကို အားကိုးတကြီး မော့ကြည့်လိုက်သည်။

ကောင်းကင်ကြီး ကိုယ့်ကိုပြုံးပြနေသလားပဲ။



အခန်း (၃၄)

ညသည် ကြေကွဲစိုးထိတ်ခြင်းတွေနှင့်အတူ ရဲရဲကို ကရုဏာသက်စွာ စောင့်ကြည့်နေကြ၏။

နံရံမှာချိတ်ထားသော နာရီကိုကြည့်လိုက်တော့ ညရှစ်နာရီ ထိုးပြီး ကော်ဖီထဲကို အိပ်ဆေးထည့်တိုက်ထားသဖြင့် တုတ်တုတ်တောင် မလှုပ်ဘဲ အိပ်မောကျနေသော နက်ရှိုင်းကိုကြည့်ပြီး လှဲအိပ်နေရာမှ မပေါ့မပါးသော ကိုယ်ဝန်ဖြင့် အားယူထလိုက်သည်။

ကိုယ်ပေါ်မှ နက်ရှိုင်း လွှမ်းခြုံပေးထားသော ဂွမ်းစောင်ပါးလေးကို ဆွဲဖယ်လိုက်ပြီး ခုတင်ထက်မှ ကိုယ်ကိုဖော့ကာ ဆင်းလိုက်သည်။

ဒီအချိန်ဆို နွေးအိ ခြံရှေ့မှာ သူ့ကားနှင့်စောင့်နေလောက်ပြီ။

နွေးအိလည်း ရဲရဲ၏ဆုံးဖြတ်ချက်ကို တားမရသည့်အဆုံး ရဲရဲ



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်လေး ကလေးသွားမွေးမည့်နေရာကို သူကိုယ်တိုင် လိုက်ပို့မည်ဟု ဇွတ်အတင်း တောင်းဆိုသဖြင့် ငြင်းမရသည့်အဆုံး လက်ခံလိုက်ရသည်။

ရဲရဲ ရှိနေမည့်နေရာကို မည်သူ့ကိုမှ မသိစေချင်ပေမယ့်လည်း တကယ်တမ်း ရဲရဲ မွေးဖို့ဖွားဖို့ အရေးကြီးတဲ့အချိန်ဆိုရင်တော့ ရဲရဲနားမှာ တစ်ယောက်ယောက်တော့ ရှိမှဖြစ်မည်။

နွေးအိ သိပြီဆိုရင်တော့ ရဲရဲ မိဘတွေနှင့် နက်ရှိုင်းပါ ရဲရဲ ဘယ်မှာရှိတယ်ဆိုတာ အနေးနဲ့အမြန် သိတော့မည်။

သို့သော် ပြဿနာတစ်ခုကို မြှုတ်ထားပြီး ရှောင်ပုန်းနေလို့ရောအချိန်ကာလတစ်ခုက ထိုပြဿနာတွေကို ဖြေရှင်းပေးနိုင်တာမှ မဟုတ်တာ။ သိတော့လည်း သိပစေတော့ပေါ့။

အတွေးတို့နှင့်အတူ ဆေးရုံစာရွက်စာတမ်း ဘဏ်စာအုပ်နှင့်လိုအပ်သလောက် ငွေအချို့ကိုသာ လက်ကိုင်အိတ်ထဲ ထည့်လိုက်ပြီး အခန်းထဲမှာ တိတ်တဆိတ်ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

ထွက်ခွာဖို့ ခြေလှမ်းတွေ လှမ်းမည်ဆိုကာမှ မျက်ရည်ဝဲ့သောမျက်ဝန်းအကြည့်တွေက နက်ရှိုင်း အိပ်ပျော်နေရာသို့ နောက်ဆုံးအကြိမ်ဖြင့် လှည့်ကြည့်လိုက်၏။

ထို့နောက် နက်ရှိုင်း၏အိပ်မောကျနေသော ရှင်းသန့်သည့်





မျက်နှာလေးကို ငုံ့မိုးကြည့်လိုက်ပြီး နောက်ဆုံးအခေနှင့် ခပ်ဖွဖွ နမ်းရှိုက်သည်။

ပြီးနောက် အခန်းထဲမှ လေးပင်သော ခြေလှမ်းတွေဖြင့် ထွက်ခဲ့လိုက်သည်။

အိမ်ကြီး၏တိတ်ဆိတ်မှုက ရဲရဲကို နောက်ဆုံးနှုတ်ဆက်ကြသည့်အနေဖြင့် ကြေကွဲစွာ စောင့်ကြည့်နေကြသလားပင်။

တစ်သက်တာလမ်းခွဲရပြီဆိုသည့် စိတ်ခံစားမှုသည် တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေပြီး တစ်ခါမှ မရှိခဲ့ဖူးသော ခံစားမှုဆီသို့ အဟုန်ပြင်းစွာ ပျံ့နှံ့လျက်ရှိ၏။

တစ်ခါတစ်ရံ လောကတွင် ချစ်ခြင်းမေတ္တာထက် အရေးကြီးသော စိတ်ခံစားမှုတွေလည်း ရှိတတ်ကြပါလားဟု တွေးမိသည်။

ခြေလှမ်းတွေကို သွက်နိုင်သမျှ သွက်လိုက်ပြီး ခြံအပြင်သို့ လျှောက်ခဲ့လိုက်ပြီး အိမ်ကြီးဆီသို့ သံယောဇဉ်မပြတ်စွာ တစ်ချက်လှည့်ကြည့်လိုက်သည်။

မီးရောင်တွေ ထိန်လင်းနေသော အိမ်ကြီးက ညအမှောင်မှာ ထီးထီးကြီး ငြိမ်သက်နေ၏။

ရဲရဲ ထွက်လာတာမြင်တော့ နွေးအိ ရပ်ထားသော ကားပေါ်မှ ဆင်းပြီး ရဲရဲဆီ လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင်စိတ်ပြောင်းပြီး မလာတော့ဘူး ထင်လို့ ဝမ်းသာနေတာ"

"လာမှာပေါ့ နွေးအိရယ်၊ မလာပဲနေမလား"

"အေးပါ ဖြည်းဖြည်းလျှောက်ပါဟယ်၊ မိုက်ထဲကကလေးလည်း ထွက်ကျပါဦးမယ်"

ခပ်မြန်မြန် လျှောက်နေသော ရဲရဲကို လက်မောင်းမှ တွဲလိုက်ပြီး စိုးရိမ်စွာ သတိပေးလိုက်၏။

"နက်ရှိုင်း နိုးပြီး ငါ့နောက်လိုက်လာမှာစိုးလို့ပါဟယ်"

ရဲရဲ အသံတွေ မသိမသာ တိုးတိတ်အက်ကွဲနေ၏။

"ကားကို ငါ မောင်းမယ်လေ"

"အမလေး မယ်မင်းကြီးမရယ်၊ မလုပ်လိုက်ပါနဲ့၊ စတီယာရင် ကြားမှာ ဗိုက်ညပ်နေဦးမယ်၊ နဂိုကတည်းကမှ ဒီကိစ္စမှာ ငါက ကြားရပ်ဖြစ်နေရတဲ့ကြားထဲ"

"မဆိုင်ပါဘူးဟယ် ငါ့ပြဿနာကို နင်က ဘေးကနေ တားမရလို့ ကူညီပေးတာပဲ၊ ငါကလေး လူ့လောကထဲကို ရောက်မလာခင် ငါ စိတ်အေးအေးသက်သာနေချင်လို့ပါဟယ်၊ မွေးပြီးရင်တော့ ဒီပြဿနာကို အဆုံးထိ ငါကိုယ်တိုင် ဖြေရှင်းမှာပါ၊ ကဲ ပြောနေကြာတယ် မြန်မြန်တက်၊ ငါ မမောင်းရဘူးဆိုလည်း နင်ပဲ မောင်းတော့"





ရဲရဲ ပြောပြောဆိုဆိုဖြင့် ကားတံခါးကို ဖွင့်ကာ ရှေ့ခန်းတွင် ဝင်ထိုင်လိုက်သည်။

နွေးအိက ကားမောင်းသူနေရာတွင် ဝင်ထိုင်လိုက်ပြီး ကားစက်ကို နှိုးလိုက်သည်။ ကားရှေ့မီး ထိုးလိုက်တာနှင့် ကားမီးရောင်ထဲမှ လူတစ်ယောက် ဘွားခနဲ တွေ့လိုက်ရ၍ ရဲရဲ ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွား၏။

"ဟင် သူ မင်း မင်းညို မဟုတ်လားဟင်"

နွေးအိစကားကြောင့် ရဲရဲ ကားမီးရောင်ထိုးထားသော လူကို သေချာကြည့်လိုက်သည်။ မင်းညို သူတို့ကားဆီသို့ လျှောက်လာနေသည်။

"ရဲရဲ ဒါက ဘယ်သွားကြမလို့လဲ"

ကားတံခါးဘောင်ကို လက်ထောက်ကာ ငုံ့မိုးပြီးမေးလိုက်သော အမေးကြောင့် ရဲရဲ အမှောင်ထဲမှ မသဲကွဲသော မင်းညို၏မျက်နှာကို ခပ်စူးစူး ပြန်ကြည့်လိုက်သည်။

"ရှင်သိဖို့ မလိုဘူး ထင်တယ် မင်းညို"

"ကျွန်တော် မလိုဘူးလို့ ရဲရဲ ထင်နေလား"

"ကျွန်မကိစ္စ ကျွန်မရှင်းမှာပဲ"

"ကျွန်တော် ဝင်ရှင်းပေးရင် အားလုံး ပြေလည်သွားမယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



မင်းညို စကားကြောင့် ရဲရဲ နာနာကျင်ကျင် ပြုံးလိုက်သည်။

"ဘာလဲ ပွဲလန့်တုံး ဖျာဝင်ခင်းမလို့လား။ ဒါဆိုရင်တော့ လာရာလမ်းကိုသာ ပြန်လှည့်လိုက်တော့ မင်းညို၊ ပြဿနာတစ်ခုကို ရှင်နဲ့အတူ လက်တွဲပြီး မဖြေရှင်းနိုင်ဘူး။ ကျွန်မတစ်ယောက်တည်း ဖြေရှင်းမယ်၊ ဘယ်သူမှ ဝင်ပါစရာ မလိုဘူး။ ကျွန်မဘဝကို နက်ရှိုင်းရဲ့အမုန်းတွေအောက်မှာပဲ ရှင်သန်ရစေဦးတော့ ကျွန်မ ကျေကျေနပ်နပ်ကြီး ရှင်သန်လိုက်မယ်"

"ဒါက ရဲရဲ ဆုံးဖြတ်ချက်ပါ၊ ကျွန်တော်က ရဲရဲ ထင်သလို ရဲရဲကို တာဝန်ယူပါရစေလို့ လာတောင်းဆိုတာ မဟုတ်ဘူး။ ရဲရဲနဲ့ နက်ရှိုင်းကြားက ဝက်ဖဲတစ်ချပ်ကို လာပြီး ဖော်ထုတ်ပေးရုံပါ၊ ပြီးရင် ရဲရဲ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်လို့ရတယ်"

မင်းညို ဘာကိုရည်ရွယ်ပြီး ပြောနေသည်ဆိုတာကို ရဲရဲ ဘာမှ နားမလည်နိုင်တော့။

"ဒါဆိုလည်း ကျွန်မ နားရှင်းအောင်ပြော၊ အရည်မရအဖတ်မရဆိုရင်တော့ ကျွန်မ အချိန်ကုန်ခံပြီး နားထောင်မှာမဟုတ်ဘူးနော်"

"ရဲရဲ ဘဝတစ်သက်စာ အကျိုးရှိစေမယ့်အကြောင်းအရာလေး တစ်ခုပါ"

"ဒါဆိုလည်း ကျွန်မ နားရှင်းအောင်ပြော၊ ဒီအချိန်ဟာ ကျွန်မ





ဘဝတစ်ဆစ်ချိုး ပြောင်းလဲပစ်ရမယ့်အချိန် ဖြစ်နေလို့ပါ မင်းညို"

ရဲရဲ စိတ်စောစွာဖြင့် ကားတံခါးကို ဖွင့်ဆင်းလိုက်သည်။ မငြိမ်းမပါးကြီးနှင့်မို့ ရဲရဲ ပုံစံကိုကြည့်ရတာ မင်းညို စိတ်မသက်သာလှ။ ရဲရဲ မင်းညိုနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ပြီး တစ်ယောက်ကိုတစ်ယောက် မတူညီတဲ့ ခံစားချက်တွေနဲ့ အကြည့်ချင်း ဆုံလိုက်ကြ၏။

ကိုယ်ဝန် အတော်လေး ရင့်နေသော ရဲရဲ၏ဗိုက်ကို မင်းညို ငုံ့ကြည့်လိုက်သည်။ ရဲရဲပါ စိတ်မလုံသူလို သူ့ဗိုက်သူ ပြန်ငုံ့ကြည့်ပြီး မင်းညိုကို မျက်စောင်းထိုးလိုက်သည်။

"ဒီကိုယ်ဝန်ဟာ ကျွန်တော့်ကြောင့်ရတာ မဟုတ်ဘူးလို့ အရင်ဆုံး ပြောချင်တယ်"

"ဘာ ဒီကိုယ်ဝန်က ရှင်နဲ့မဟုတ်ဘူး ဟုတ်လား"

ရဲရဲ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မင်းညိုကို နားမလည်နိုင်သော မျက်ဝန်းတွေဖြင့် ခပ်စူးစူး ကြည့်လိုက်ပြီး

"ရှင် ရူးသွားပြီလား၊ ဒီအချိန်မှာ ရှင့်ကိုယ်ဝန်မဟုတ်ဘူးလို့ လာပြီး ငြင်းနေတော့ရော ကျွန်မက ရှင့်ကို ဖွတ်အတင်း ကလေးအဖေ နေရာမှာ ဝင်ရပ်ခိုင်းနေလို့လား"

ရဲရဲ အသံတို့သည် တင်းမာပြတ်သားနေ၏။ မင်းညိုထံမှ ရယ်သံ ခပ်တိုးတိုး ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အဲဒါကြောင့် မဟုတ်ဘူး။ အမှန်က ဒီဇာတ်လမ်း ဒီလိုဖြစ်လာအောင် အစက ဖန်တီးတင်ဆက်သူက နက်ရှိုင်းပါ"

"ဟင်"

ရဲရဲ အံ့သြလွန်း၍ မြေပြင်ပေါ်ရပ်နေသော ခြေအစုံပင် ခွေယိုင် လဲချင်နေ၏။

"ဟုတ်တယ် တကယ်တော့ အဲဒီ မင်္ဂလာဦးညမှာ ဖြစ်ပျက်ခဲ့ တဲ့အကြောင်းအရာတွေအားလုံးဟာ ကြိုတင်ကြံစည်ထားတဲ့ အကွက်တွေ ချည်းပါပဲ၊ ရဲရဲ ထင်သလို ကျွန်တော်နဲ့ရဲရဲ အဲဒီညက လုံးဝ မမှားယွင်း ခဲ့ကြပါဘူး"

ရဲရဲရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသည်။

"ဒါ ဒါဆို ကျွန်မက ဘယ်သူနဲ့ မှားယွင်းခဲ့တာလဲ၊ ဒီ ဒီကိုယ် ဝန်ဟာ နက်ရှိုင်းနဲ့မှားယွင်းလို့ရတဲ့ ကိုယ်ဝန်မဟုတ်တာတော့ သေချာ တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နက်ရှိုင်း မူးလာတဲ့ညတိုင်း ကျွန်မ နက်ရှိုင်း အနားမှာ ရှိနေပေမယ့် ကျွန်မကို နက်ရှိုင်း ဘာမှမထိပါး မစော်ကားခဲ့ ဘူး။ ဒါ ဒါကို ကျွန်မကသာ မူးတာကိုအကြောင်းပြပြီး ချော်လဲရောထိုင် ခဲ့မိတာ"

မင်းညို ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်ပြီး ကိုယ်ကို ခပ်မတ်မတ် ရပ်လိုက်သည်။ ပြီးနောက် ခပ်ပြုံးပြုံး မျက်နှာဖြင့် ရဲရဲကို





ငုံ့မိုးကြည့်လိုက်ပြီး

"တကယ်တမ်း ချော်လဲရောထိုင်တာ ရဲရဲ မဟုတ်ဘူး ဟိုကောင် နက်ရှိုင်းပဲ ရဲရဲရ"

"ဟင် နက်ရှိုင်းက ချော်လဲရောထိုင်တယ် ဟုတ်လား"

"ဟုတ်တယ် တကယ်တမ်း မင်္ဂလာဦးညမှာ ရဲရဲ မမြင်အောင် ဝိုင်ထဲကို အရက်ပြင်းနည်းနည်းရောပေးခဲ့တာ ကျွန်တော်ပါ၊ ဒီတော့ ရဲရဲ လူမှန်းမသိအောင် မူးပြီလေ၊ ရဲရဲ မူးနေတဲ့အချိန် ရဲရဲကို အခန်းထဲ သွေးချိုပို့ခဲ့တာ ကျွန်တော် မဟုတ်ဘူး။ နက်ရှိုင်းပါ၊ ရဲရဲရဲ့ အပျိုစင်ဘဝကို အပ်နှင်းလိုက်တာလည်း နက်ရှိုင်းကိုပါ"

"ဒါ ဒါဆို မနက် ကျွန်မ နိုးလာတော့ ကျွန်မဘေးမှာ ရှင် ရှိနေတာကျတော့ရော"

"အဟက် ဒါကတော့ ရဲရဲရယ် နက်ရှိုင်းအကြောင်းကို ရဲရဲ သိဘူးလား။ ဒီကောင်က ရဲရဲကို အမြဲတမ်း စိတ်ဒုက္ခတစ်ခုခုပေးနေရမှ ကျေနပ်တဲ့ကောင်လေ၊ သူ့ အကွက်ချစီမံပေးမှုထဲမှာ ကျွန်တော်က ဗီလိန် ကျေ မင်းသားမကျ ဝင်ရပ်ခဲ့ရသေးတာပဲကြည့်"

"ဒါ ဒါဆို ဒီကောင်က လူယုတ်မာပေါ့၊ လူကို တစ်ချိန်လုံး အရူးလုပ်ခဲ့တယ်၊ သူများစိတ်သောကရောက်နေတာကို ချောင်ကောင်း ကောင်းကနေ ထိုင်ရယ်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲ ဝမ်းနည်းဝမ်းသာလေသံကြီးဖြင့် နက်ရှိုင်းကို အပြစ်တင်လိုက်သည်။

"အဲဒီအတွက် ငါ တောင်းပန်ပါတယ် ရဲရဲရယ်၊ ငါ ဒီလိုလုပ်မိတာကလည်း နင့်ကို မသိစိတ်က ချစ်မိနေလို့ပါ၊ တကယ်တမ်း နင့်ကို မုန်းတယ်လို့ ထင်ရခြင်းရဲ့ အခြားတစ်ဖက်မှာ နင့်ကိုချစ်မိတဲ့အချစ်တွေက အတော်လေး အင်အားကြီးခိုင်မာနေပြီလေ၊ နင့်ကို စိတ်အနှောင့်အယှက်ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်ပါပေမယ့် နောက်ပြီး နင့်ကို ရွဲ့ရွဲ့လမ်းလမ်း ချစ်မိလာပါလားလို့ သိလာရတဲ့အချိန်မှာ ငါ့အမှားအတွက် ငါ အရှမ်းကို နောင်တရနေမိတယ်"

"ဟော့ကောင် မင်းကြွေတာ နောက်မှကြွေ၊ ငါနဲ့ဘယ်လိုပတ်သက်တယ်ဆိုတာ ရှင်းပြလိုက်ဦး"

မင်းညို နက်ရှိုင်း၏ပခုံးကို ဆတ်ခနဲ ပုတ်ပြီး သတိပေးလိုက်သည်။

"ဟုတ်တယ်လေ နက်ရှိုင်းရဲ့၊ မင်းညိုကို နင် အကူအညီတောင်းထားတာကို ရှင်းပြလိုက်ဦး၊ သူ့ခမျာ တစ်ချိန်လုံး သူများအိမ်မှာ မာလီလုပ်လိုက် ထမင်းချက်လုပ်လိုက်နဲ့ ဘယ်လောက် သနားစရာကောင်းလိုက်သလဲ"

နွေးအိကပါ မင်းညိုဘက်က ဝင်၍ ကူပြောပေး၍ နက်ရှိုင်း





တဟဲဟဲ ရယ်ကာ

"ဟုတ်တယ် ရဲရဲရ၊ ဒီကောင်က ကိုယ့်လိုပဲ သဘောသားပဲ သူ သဘောပြန်နားနေတုံး ကိုယ်က အကူအညီတောင်းလို့ ဝင်ပြီး သရုပ်ဆောင်ပေးရှာတာ၊ ဒီကပြီးရင် ဟောလိဝုဒ်မှာ မင်းသားသွားလုပ်တော့မှာလေ၊ သရုပ်ဆောင်ကောင်းလွန်းလို့"

"ဟယ် ဒါဆို ရှင်တို့အားလုံးက ဝိုင်းပြီး ညာထားကြတာပေါ့၊ နွေးအိ နင်လည်း ကြံရာပါပေါ့"

"အယ် မဟုတ်ပါဘူးနော်၊ လူကို အဲဒီလောက် မစွပ်စွဲပါနဲ့၊ ငါသိတာ မနေ့တစ်နေ့ကပါ၊ နင် ခံစားနေရတာ မကြည့်ရက်လို့ နက်ရှိုင်းကို ဖွင့်ပြောပြီး နင့်ကို ခွင့်လွှတ်ပေးဖို့ တောင်းဆိုတော့မှ ဒီကိစ္စတွေ အကုန်သိရတာ၊ နင့်ကို ပြောပြမလို့ဟာကို သူတို့က မပြောပါနဲ့လို့ ပိတ်ထားလို့"

နွေးအိ သူ့အပြစ်လွတ်ရေးအတွက် ပျာပျာသလဲ ရှင်းပြရှာ၏။

ဘာပဲဖြစ်ဖြစ် ရဲရဲ ရင်ထဲမှာ အစိုင်အခဲတစ်ခုအဖြစ် တည်ရှိနေသော အပူလုံးကြီး ခုတော့ လျော့ခနဲ ကျဆင်းသွား၍ ရင်မှာ ကြည်နူးဝမ်းသာသွားမိ၏။ ကံကြမ္မာ၏လှည့်ကွက်ကို ကျေးဇူးတင်နေမိသည်။

ရှတ်တရက် ခါးက ဆစ်ခံနဲ ကိုက်နာလာသဖြင့် ရဲရဲ မျက်နှာလေး ရှုံ့မဲ့သွားသည်။ ထို့နောက် ဗိုက်ကလေးကို ခပ်ဖွဖွကိုင် ကျွန်လက်တစ်ဖက်က ခါးကို နှိပ်လျက် အံကိုတင်းခနဲ ကြိတ်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"နွေးအိ ငါ ငါ့ခါးတွေ နာလာတယ်၊ ဘာ ဘာဖြစ်တာလဲ မသိဘူး"

"ဟင် ဟုတ်လား။ နင် နင် ဂျူးဒိတ်က ဘယ်တော့လဲ ဒီရက်ထဲမှာလား"

နွေးအိ ပျာယာခတ်သွားသည်။ နက်ရှိုင်းနှင့်မင်းညိုလည်း ဘေးမှနေပြီး ရဲရဲ နာကျင်နေပုံကိုကြည့်ပြီး ခြေမကိုင်မိလက်မကိုင်မိပုံစံဖြင့် ပျာများနေကြသည်။

"ရဲရဲ နင် နင်မွေးချင်လို့လား"

"အား ငါလည်း ဘယ်သိမလဲဟ"

"ဟိုက် ဒုက္ခပဲဟာ၊ နေဦး ငါ မေမေတို့ဆီ ဖုန်းဆက်လိုက်မယ်လေ"

"မဆက်နဲ့ ညဘက်ကြီး အားလုံး စိတ်ပူကုန်ကြမယ်၊ နွေးအိ ငါ့ ငါ့ဂျူးဒိတ်က တစ်ပတ်လောက်တော့ လိုသေးတယ်၊ အား ကျွတ် ကျွတ်"

"ဟယ် ဒါဆို မွေးတော့မယ်ထင်တယ်၊ နက်ရှိုင်းရေ ဆေးရုံပို့ကြရအောင်"

"ရဲရဲ နင် နင် တကယ်မွေးတော့မှာလား"

"အို ကလေးမွေးချင်လို့ ဗိုက်နာတာတောင် နင့်ကို ဟန်ဆောင်ပြီး နာပြနေရမှာလား နက်ရှိုင်းရယ် အဟင့် ငါ ငါ တကယ်နာနေတာဟ"

"ဟာ ဝမ်းသာလိုက်တာ ဟော့ကောင် မင်းညို တတ် ထတ် ကားစက်နှိုး၊ ငါ့ကလေး လောကကြီးထဲကို တိုးဝင်နေပြီကွ ဟား ဟား ဟား"

နက်ရှိုင်း ဝမ်းသာလွန်း၍ တဟားဟားဖြင့် အော်ရယ်၍နေသည်။ ရဲရဲ အံလေးကြိတ်ပြီး နက်ရှိုင်းကို ရှုံ့မဲ့မဲ့လေး မော့ကြည့်ပြီး

"အား ကျွတ် ကျွတ် သူများဗိုက်နာနေတာကို နင်က ပျော်နေလားယဲ့၊ အမလေး ဆေးရုံကို အမြန်မောင်းတော့"

နွေးအိနဲ့နက်ရှိုင်း ရဲရဲကို ကားပေါ် တွဲတင်လိုက်ကြသည်။ မင်းညိုက ကားပေါ်ရောက်လို့ ကားစက်ပင် နှိုးနေပြီ။

"အား ကျွတ် ကျွတ် နာတယ်၊ နာလိုက်တာ မေမေရယ် ရဲရဲကိုကယ်ပါဦး"

ရဲရဲ မခံမရပ်နိုင်သော နာကျင်မှုတွေဖြင့် ကားပေါ်မှာ အော်ဟစ်ညည်းညူတော့၏။ ကားကတော့ အရှိန်ဖြင့် ခပ်မြန်မြန် မောင်းထွက်နေပြီ။

"ဟာ ရဲရဲကလည်း နင့်နားမှာ ငါရှိတယ်လေ၊ ငါ့ကို တင်းပြီး နာပါဟာ ဒါ ဒါမှ ကလေးက ငါနဲ့တူတော့မှာပေါ့"

အရေးထဲ နက်ရှိုင်းက တမော့်ဟူသော အကြည့်ဖြင့် နွေးအိ




ဦးမိုးဇာမေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းကို ကြည့်လိုက်၏။ ထို့နောက် ပညာပေးရန် အကြံတစ်ခု ရသွားသည်။

"ငါ ကြားဖူးတယ် ရဲရဲရ၊ ဗိုက်နာလို့ ဝေဒနာခံစားရရင် နာကျင်တာသက်သာအောင် အနားမှာရှိတဲ့ ကိုယ့်ယောက်ျားကို မိန်းမတွေက အားကိုးတကြီးနဲ့ အနာသက်သာအောင် လိမ်ဆွဲတာတို့ ကိုက်ဆွဲတာတို့ လုပ်တယ်တဲ့"

နက်ရှိုင်း မျက်လုံးပြူးသွားသည်။ ရဲရဲ မျက်နှာလေး ရှုံ့မဲ့နေရင်းမှ

"အား ဟုတ် ဟုတ်လို့လား နွေးအိရယ်၊ ငါ အဲဒီလိုလုပ်ရင် သူ သူ နာမှာပေါ့ဟ"

"အို နင်ကလည်း သူနာတဲ့အနာက နင်နာတဲ့အနာနဲ့ယှဉ်ရင် ပုရွက်ဆိတ်ကိုက်သလောက်လေးပါဟာ"

"ငါ ရဲရဲရဲ့ လိမ်ဆွဲကိုက်ဆွဲတာ ခံရရင် သူ တကယ် အနာသက်သာမှာလား နွေးအိ"

နက်ရှိုင်း နွေးအိကို မယုံရဲ ယုံရဲဖြင့် မေးလိုက်၏။

"အား နာတယ် နာတယ်"

နွေးအိ ဘာမှပြန်မဖြေနိုင်သေးခင် ရဲရဲ အနာစိတ်လာပြန်သဖြင့် နက်ရှိုင်း၏လက်မောင်းကို လိမ်ဆွဲလိုက်၊ ပါးတွေကို လိမ်ဆွဲလိုက်ဖြင့်





ကားပေါ်မှာ လူးလှိမ့်နေ၏။

"အား ငါ ငါလည်း နာတာပဲ ရဲရဲရယ်၊ ဆောင့် ဆောင့်ထား နော် ဆေးရုံရောက်တော့မှာပါ အား ဟော့ကောင် နာလာပြီ မြန်မြန် မောင်းကွ"

မင်းညိုနှင့်နွေးအိ ရဲရဲနှင့်နက်ရှိုင်း ပြိုင်တူနာကျင်နေကြတာကို ကြည့်ပြီး ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားကြရ၏။

"အား နာတယ် မာမိရဲ့၊ ရဲရဲ ရဲရဲ ကျွန်တော့်ကို လိမ်ဆွဲနေတယ်"

နက်ရှိုင်း နာကျင်လွန်း၍ မိခင်ကိုတောင် တရသည့်အကြိမ်

"အား အဟင့် ငါ ငါလည်း နာတာပဲ၊ အဲဒါ အဲဒါ နင့်ကြောင့် နက်ရှိုင်းရဲ့ နင့်ကြောင့် ငါ ခုလိုနာနေရတာ အား ကျွတ် ကျွတ် ကျွတ်"

"ဒါက ချစ်တာကိုးဟ၊ ချစ်လို့ ခုလိုဖြစ်သွားတာပါ အောင့်ထားပါ မိန်းမရယ် ဟော့ကောင် မြန်မြန်မောင်းပါကွ ငါလည်း နာလှပြီ"

နက်ရှိုင်း မအီမလည်လေသံကြီးဖြင့် မင်းညိုကို ဖွတ်အထင်းအမြန်မောင်းခိုင်းနေ၏။ သူ့တစ်ကိုယ်လုံး ရဲရဲ လိမ်ဆွဲလိုက် ကုတ်ဆွဲလိုက်နှင့် နာကျင်ကျိန်းစပ်နေသည်။ နွေးအိတို့ ဒဏ်ခတ်ချက်ကတော့ ပြင်းပါ့။

ကားလေးက နာကျင်စွာ ခံစားနေရသော ရဲရဲနှင့်နက်ရှိုင်းကို



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံသို့ အမြန်ပို့လိုဇောဖြင့် ညနက်နက်ထဲမှာ အမှောင်ကို ထိုးခွင်းလျက် တရိပ်ရိပ် ပြေးနေ၏။

ည၏ရနံ့သစ်တို့က လောကရဲ့လက်ဆောင်သစ်ဖြစ်သည့် လူသားနီတာရဲ့ပေါက်စနလေးကို နွေးထွေးစွာ ကြိုဆိုဖို့ တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြ၏။

ထို့အပြင် အမှန်းတွေနှင့် နှောင်ဖွဲ့မိကြသော ချစ်ခြင်းတို့သည် ည၏လေပြည်တို့နှင့်အတူ အင်အားပြိုင်နေကြသလို အနာဂတ်သည်လည်း လှပသော မေတ္တာတရားတို့ကို ထုပ်ပိုးလျက် အနွေးထွေးဆုံး လက်ကမ်းကြိုဆိုနေကြလေသည်။

ခုတော့ 'အမုန်းပြိုင်ပွဲကြီး လက်ရည်တူစွာ အဆုံးသတ်လိုက်ပြီလေ။

အားလုံးအတွက်
နတ်သမီး

စိုးမိုးစာပေ

BURMESE CLASSIC .com

www.burmeseclassic.com